# အိမ်ပြန်ချိန်ကိုတမ်းတရင်း ငြိမ်းချမ်းမှုကိုမျှော်လင့်ခြင်း

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နှစ်ရှည်ကြာနေရပ်စွန့်ခွာရခြင်း




KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# အိမ်ပြန်ချိန်ကိုတမ်းတရင်း ငြိမ်းချမ်းမှုကိုမျှော်လင့်ခြင်း

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နှစ်ရှည်ကြာနေရပ်စွန့်ခွာရခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့

၂၀၁၉ ခုနှစ်၊ မေလ

**အိမ်ပြန်ချိန်ကိုတမ်းတရင်း ငြိမ်းချမ်းမှုကိုမျှော်လင့်ခြင်း** - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နှစ်ရှည်ကြာနေရပ်စွန့်ခွာရခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသားထုတ်ဝေသည်။
၂၀၁၉ ခုနှစ်၊ မေလ ။ KHRG #2019-01

အရှေ့မျက်နှာဖုံးပုံ - မြိုင်ကြီးငူစခန်းရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ မိသားစုတစ်စု၏နေရာထိုင်ခင်းအရှေ့ဖက်ခြမ်းမှ ရိုက်ယူထားသောပုံ။

အနောက်မျက်နှာဖုံးပုံ - မြိုင်ကြီးငူစခန်းရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်နေကြသောစခန်းပုံ။

ဤအစီရင်ခံစာထဲရှိ ဖော်ပြထားသောဓာတ်ပုံအားလုံးမှာ ကရင်လူ့အခွင့်အရေးအဖွဲ့၏မူပိုင်များဖြစ်ပြီး ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ကွင်းဆင်းလုပ်ဆောင်ခဲ့မှတ်တမ်းလုပ်ဆောင်ခဲ့ချိန်အတွင်း ရိုက်ယူထားသောပုံများဖြစ်ပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသများရှိရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့် အခြားအထောက်အထားများအားဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာလှုပ်ရှားဆောင်ရွက်သောအဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏လုပ်ငန်းများကိုသိရှိလိုပါက အင်တာနက်စာမျက်နှာဖြစ်သည့် www.khrg.orgတွင် တွေ့ရှိနိုင်ပါသည်။ သို့မဟုတ် ကျွန်ုပ်တို့၏ ထုတ်ဝေပြီးသောအစီရင်ခံစာများကို ရယူလိုပါက အီးမေးလ်လိပ်စာ khrg@khrg.org သို့ ဆက်သွယ်တောင်းယူနိုင်ပါသည်။

ဤအစီရင်ခံစာအား ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေပြီးအဖွဲ့၏မူပိုင်ဖြစ်သည်။ ဤအစီရင်ခံစာတွင် ပါရှိသောအကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ပဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင်ဖော်ပြလိုခြင်းနှင့် ဆက်စပ်သည့်ရည်ရွယ်ချက်များအတွက် ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများ လုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားရေးအကျိုးအမြတ်အတွက်ပြန်လည်အသုံးပြုထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ ဦးစွာခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဤအစီရင်ခံစာအား မူလအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်သည်။

**ဤအစီရင်ခံစာသည် ရောင်းရန်မဟုတ်ပါ။**

**ဤအစီရင်ခံစာ စာအုပ်ထုတ်ဝေမှုအား အောက်ပါအဖွဲ့အစည်းများမှ ရန်ပုံငွေပံ့ပိုးပေးထားသည်။**

**ရှင်းလင်းချက်**

*ဤအစီရင်ခံစာတွင်ပါဝင်သော အကြောင်းအရာများသည် ကရင်လူ့အခွင့်အရေးအဖွဲ့နှင့်သာ သက်ဆိုင်ပြီး LIFT အဖွဲ့တို့၏ ယူဆချက် အမြင်သက်ရောက်မှုများ လုံးဝမပါရှိကြောင်း ရှင်းလင်းအသိပေးအပ်ပါသည်။*

# မာတိကာ

၁။ မိတ်ဆက်ခြင်း ------------------------------------------------------------------------------ ၂
အစီရင်ခံစာအနှစ်ချုပ် ------------------------------------------------------------------------ ၂
အစီရင်ခံစာ ပြုစုပုံနည်းစနစ် ---------------------------------------------------------------- ၄
ဝေါဟာရများနှင့် အတိုကောက်အသုံးအနှုန်းများ------------------------------------------------ ၄
၂။ ဘားအံခရိုင်။ ။မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်နက်ကိုင်တိုက်ပွဲများ၏ဗဟိုချက် -------- ၅
ဟတ်ကြီးရေကာတာ။ ဒေသတွင်း ဖြစ်ပေါ်နေသောအကြမ်းဖက်မှုများအား လှုံ့ဆော်ပေးသည့်
အကြောင်းရင်းတစ်ရပ် ---------------------------------------------------------------- ၇
နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း၏ အခြေအနေများ ------------------------------------------ ၈
အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်စေခြင်း။ ။ အကြောင်းအရင်းများ ဆုံဆည်းရာနေရာ-------- ၁၃
၃။ မြိုင်ကြီးငူဒေသရှိ ကာလကြာရှည်စွာဖြစ်ပေါ်လျက်ရှိသော နေရပ်ရွှေ့ပြောင်းနေထိုင်မှု။ ။
လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ ---------------------------------------- ၁၅
က။ ရေအရင်းအမြစ်၊ မိလ္လာစနစ်သန့်ရှင်းရေးနှင့် ရောဂါကာကွယ်ရန်တစ်ကိုယ်ရေ
သန့်ရှင်းရေး --------------------------------------------------------------------------- ၁၆
ခ။ အစားအစာနှင့် အာဟာရ------------------------------------------------------------------ ၂၃
ဂ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းများမရှိခြင်း ------------------------------ ၂၈
ဃ။ နေရာထိုင်ခင်းများလုံလောက်မှုမရှိခြင်း ---------------------------------------------------- ၃၀
င။ ကျန်းမာရေးထောက်ပံ့မှု ------------------------------------------------------------------ ၃၆
စ။ ပညာရေး -------------------------------------------------------------------------------- ၃၈
ဆ။ လုံခြုံရေးနှင့်အကာအကွယ်ပေးခြင်း ------------------------------------------------------ ၄၁
၄။ နေရပ်ပြန်ရန်အတွက် အတားအဆီးများ ------------------------------------------------------ ၄၆
က။ မြေမြှုပ်မိုင်းများ -------------------------------------------------------------------- ၄၆
ခ။ လက်နက်ကိုင်တပ်ဖွဲ့များ၏ တည်ရှိမှုနှင့်လှုပ်ရှားမှုများ ---------------------------------- ၅၂
ဂ။ အသက်မွေးဝမ်းကျောင်းအတွက် စိန်ခေါ်မှုများ ------------------------------------------- ၅၆
၅။ နိဂုံး ------------------------------------------------------------------------------------ ၅၈
၆။ အကြံပြုချက်များ -------------------------------------------------------------------------- ၅၉

# ၁။ မိတ်ဆက်ခြင်း

## အစီရင်ခံစာအနှစ်ချုပ်

ကမ္ဘာတစ်ဝှမ်းလုံးရှိ များစွာသောလူများသည် စစ်ပွဲများ၊ အကြမ်းဖက်နှိပ်စက်မှုများကြောင့် မိမိနေရပ်မှ စွန့်ခွာခဲ့ရသည်။ ၂၀၁၈ခုနှစ်အစပိုင်းတွင် ကမ္ဘာ့နေရာအနှံ့ရှိ လူဦးရေ ၆၈.၅သန်းမှာ ၎င်းတို့၏နေရင်းဒေသများအားစွန့်ခွာရန် အဓမ္မတွန်းအားပေးခံခဲ့ကြရသည်။[1] မြန်မာနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာဖြစ်ပွားခဲ့သော တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေး ဖိနှိပ်မှုများနှင့် စနစ်တကျလူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများသည် တောတောင်များအတွင်း တိမ်းရှောင်ပုန်းအောင်းနေရသည်။ ဤဖြစ်ရပ်ကြောင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအဖြစ် စခန်းများ သို့မဟုတ် အိမ်နီးချင်းနိုင်ငံများတွင် ဒုက္ခသည်စခန်းများ ပိုမိုများပြားလာစေခဲ့သည်။

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်မူဝါဒများအရ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ (IDPs) ဆိုသည်မှာ " *လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ သဘာဝ သို့မဟုတ် လူသားများကြောင့်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များ၏သက်ရောက်မှုများအား ခံစားရသဖြင့် ၎င်းတို့၏နေရပ်ဒေသများ သို့မဟုတ် မူရင်းနေရပ်မှ အဓမ္မရွှေ့ပြောင်းခြင်းခံရသော သို့မဟုတ် ထွက်ပြေးလွတ်မြောက်ရန်လိုအပ်သော လူပုဂ္ဂိုလ်များ သို့မဟုတ် လူအစုအဖွဲ့များနှင့် နိုင်ငံတကာမှ သတ်မှတ်ထားသောနိုင်ငံနယ်နမိတ်များအား ဖြတ်ကျော်၍မသွားသေးသူများကိုဆိုလိုပါသည်။* "[2] ပြည်တွင်းရွှေ့ပြောင်းနေထိုင်ခြင်းကို စောင့်ကြည့်လေ့လာသည့်အဖွဲ့ (IDMC) မှ ခန့်မှန်းချက်အရ တိုက်ပွဲများနှင့် အကြမ်းဖက်မှုများကြောင့် မြန်မာနိုင်ငံရှိ ပြည်သူ ၆၃၅,၀၀၀ ဦးမှာ ၎င်းတို့၏အိုးအိမ်များကို စွန့်ခွာ၍ အခြားနေရပ်သို့ ရွှေ့ပြောင်းနေထိုင်နေကြရသည်။[3] သို့သော် မြန်မာနိုင်ငံတွင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူလူဦးရေနှင့်ပတ်သက်ပြီး တိကျသောအချက်အလက်များအား ရရှိရန်ခက်ခဲပါသည်။ ကြာရှည်စွာ ဖြစ်ပေါ်နေသောတိုက်ပွဲများကြောင့် ပြည်သူအများစုမှာ ထပ်ခါတလဲလဲ ကြာရှည်စွာ နေရပ်ရွှေ့ပြောင်းနေထိုင်ကြရကာ ၎င်းတို့၏နေအိမ်များအားစွန့်ခွာပြီး တိုက်ပွဲဖြစ်သည့်အခါများတွင် တောတွင်းသို့တိမ်းရှောင်ကြရသည်။ သို့သော် ၎င်းတို့၏ စိုက်ပျိုးသီးနှံများအား ရိတ်သိမ်းရန် သို့မဟုတ် စားစရာများရှာဖွေရန်အတွက် ရာသီချိန်ရောက်သည့်အခါ ၎င်းတို့၏ကျေးရွာများသို့ ပြန်ကြရသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အား လက်မှတ်ရေးထိုးထားသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တိုင်းရင်းသားဒေသခံများသည် အကြမ်းဖက်ပဋိပက္ခများ၊ ပြင်းထန်သော စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများနှင့် မြေမြှုပ်မိုင်းအန္တရာယ်များကို ကြုံတွေ့ခံစားရလျက်ရှိသည်။ အာရှလမ်းမကြီးနှင့် ဟတ်ကြီးရေကာတာစသည့် အကြီးစားဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများ

[1] ၂၀၁၉ခုနှစ်တွင် ထုတ်ဝေခဲ့သော Norwegian Refugee Council ၏ "2019 will be another year of crises" တွင် ကြည့်ပါ။

[2] ၂၀၀၁ခုနှစ်၊ ဖွန်လတွင် ထုတ်ဝေခဲ့သော United Nations Office for the Coordination of Humanitarian Affairs ၏ "Guiding Principles on Internal Displacement" တွင် ကြည့်ပါ။

[3] ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သော Internal Displacement Monitoring Center ၏ "Myanmar Country Information" တွင် ကြည့်ပါ။

သည်လည်း လက်နက်ကိုင်တပ်ဖွဲ့များအကြား ပဋိပက္ခတင်းမာမှုများ ဖြစ်ပေါ်စေခဲ့သည်။ ပိုမိုများပြားလာသော မြေယာသိမ်းဆည်းမှုများသည်လည်း ကျေးလက်ဒေသရှိ ဒေသခံများအား ပြောင်းရွှေ့စေမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆုံးရှုံးမှုများကို ကြုံတွေ့ခံစားရစေပြီး ၎င်းတို့၏ ဘဝများအား ပျက်စီးစေခဲ့သည်။

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အချိန်ကြာမြင့်စွာ နေရပ်ရွှေ့ပြောင်းနေထိုင်မှုများ၏ အခြေအနေများအား မီးမောင်းထိုးပြရန်အတွက် ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် ဤအစီရင်ခံစာတွင် မြိုင်ကြီးငူဒေသရှိ စစ်ပြေးရှောင်စခန်းများ၏အခြေအနေကို သုံးသပ်တင်ပြရန် ရွေးချယ်ထားပါသည်။ ထိုစစ်ပြေးရှောင်စခန်းသည် နှစ်နှစ်ကျော်နီးပါး နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရသော ဒေသခံရွာသားများ ၅၆၁၈ ဦးအတွက် နေထိုင်ခိုလှုံရာနေရာဖြစ်ပါသည်။ စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများနှင့် မြေမြှုပ်မိုင်းများကြောင့် နေရပ်သို့မပြန်နိုင်သော ရာချီသည့်မိသားစုဝင်အိမ်ထောင်စုများအနေဖြင့် အသက်ရှင်နေထိုင်ရန်အတွက် အခက်အခဲများစွာကြုံတွေ့ခံစားကြရသည်။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက် လူမှုဖူလုံရေးဆိုင်ရာအထောက်အပံ့များ လျော့နည်းလာမှုနှင့် ၎င်းတို့၏မိသားစုများအား ထောက်ပံ့မှုပေးရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်းမရှိခြင်းတို့ကြောင့် စိုးရိမ်စရာဖြစ်စေပါသည်။ ထိုသူအများစုသည်မိမိတို့အတွက် အသက်အန္တရာယ်ရှိနေသော်လည်း စားစရာရှာဖွေရန် သို့မဟုတ် ၎င်းတို့၏တောင်ယာစိုက်ခင်းများသို့ လုပ်ကိုင်စိုက်ပျိုးရန်အတွက် မြေမြှုပ်မိုင်းများထောင်ထားသည့်နေရာများကို ဖြတ်သွားကြရသည်။ ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့၏နေရပ်သို့ ပြန်လိုကြောင်းနှင့် ငြိမ်းချမ်းစွာနေထိုင်ရန်ပြင်းပြသည့် ဆန္ဒရှိကြောင်းကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ လက်နက်ကိုင်တပ်ဖွဲ့များအကြား ဆက်လက်တည်ရှိနေသောတင်းမာမှုများနှင့် ဟတ်ကြီးရေကာတာအားတည်ဆောက်ရန်အတွက်၎င်းတို့အပေါ် ဖိအားပေးမှုများသည် နေရပ်ပြန်လည်နေထိုင်ရန်အတွက် အဟန့်အတားဖြစ်စေပြီး နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းများအား ပိုမိုဖြစ်ပေါ်စေပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် ဤအစီရင်ခံစာမှတစ်ဆင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ရသူများ၏စိုးရိမ်မှုများကိုဖော်ထုတ်ပြီး အထူးသဖြင့် ယခုတင်ပြချက်များအား မြန်မာအစိုးရ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသူများအား ၎င်းတို့အနေဖြင့် ဆုံးဖြတ်ချက်ချသည့်အခါ ထည့်သွင်းစဉ်းစားခြင်း အရေးယူဆောင်ရွက်ခြင်းများပြုလုပ်ရန်ရည်ရွယ်ပြီးတင်ပြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ဆက်လက်လုပ်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပဋိပက္ခဒဏ်အားခံစားနေရသော ဒေသခံပြည်သူများ၏လိုအပ်ချက်များနှင့် အမြင်များအား အရေးတယူဖော်ဆောင်ဖြေရှင်းပေးရန်လိုအပ်ပါသည်။ မြန်မာပြည်အတွင်း အစိုးရမှအကာအကွယ်ပေးမှုနှင့် အထောက်အပံ့ပေးမှုများ မပြုလုပ်နိုင်သည့် အထူးအကူအညီလိုအပ်နေသောလူမှုအသိုက်အဝန်းများအတွက် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များအား တိုးမြှင့်ပေးရန် လိုအပ်နေပါသည်။

## အစီရင်ခံစာ ပြုစုပုံနည်းစနစ်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြိုင်ကြီးငူဒေသတဝိုက်ရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများနှင့် စခန်းတာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ကြသည်။ တွေ့ဆုံမေးမြန်းမှုများကို မြိုင်ကြီးငူဒေသအတွင်းရှိ နေရာသုံးနေရာဖြစ်သည့် မြိုင်ကြီးငူဒေသ၏ အကြီးဆုံးသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများနေထိုင်သည့်နေရာဖြစ်သော ဒေးလင်းသာယာကွင်းစခန်းနှင့် အခြားစခန်းအသေးနှစ်ခုဖြစ်သော မာလာယုစခန်းနှင့် မြပန်းဝတ်မှုံစခန်းတို့တွင် ပြုလုပ်ခဲ့ပါသည်။ မြိုင်ကြီးငူဒေသရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများနှင့် တွေ့ဆုံမေးမြန်းနိုင်ရန်အတွက် မြိုင်ကြီးငူမှ စခန်းတာဝန်ရှိသူများက တာဝန်ယူစီစဥ်ပေးခဲ့ပါသည်။

အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၁၄ဦး စုစုပေါင်း ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ ၅၆ ဦးအား ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများအား စကောကရင်နှင့် မြန်မာဘာသာစကားများဖြင့် ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့်ရွာသားများအားလုံးတို့ထံမှ တွေ့ဆုံမေးမြန်းခြင်း၏ရည်ရွယ်ချက်နှင့်ရရှိလာသော အချက်အလက်များအား အစီရင်ခံစာအတွင်း ထည့်သွင်းအသုံးပြုလိုကြောင်းသဘောတူညီမှု ရယူခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုအားလက်ခံခဲ့သူများ၏အမည်များနှင့် အသေးစိတ်အချက်အလက်များကို လုံခြုံရေးအရလျှို့ဝှက်ထားပါသည်။ တချို့သောအကြောင်းအရာမှာ ရွာအမည်များအား အန္တရာယ်ရှိစေနိုင်သည်ဟုယူဆပါလျှင် ဆင်ဆာဖြတ်တောက်ထားပြီး က--- မှ အ--- အက္ခရာစာလုံးများကို အသုံးပြုထားပါသည်။ ဖြတ်တောက်ဖော်ပြထားသောစာလုံးများသည် အမည်နာမအစစ်အမှန်များအား ကိုယ်စားပြုခြင်းမရှိသလို ကရင်လူ့အခွင့်အရေးအဖွဲ့၏ ယခင်အစီရင်ခံစာများတွင် သုံးခဲ့သောအက္ခရာ စာလုံးများနှင့်လည်း သက်ဆိုင်မှုမရှိပါ။

ဤအစီရင်ခံစာ ရေးသားနေသည့် အချိန်ကာလအတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီပေးသူများနှင့်လည်း အလွတ်သဘောတွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ဘားအံခရိုင်၏နိုင်ငံရေးနှင့်လုံခြုံရေးအခြေအနေကို ပိုမိုသိရှိရန်နှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်မှုများဖြစ်စေသည့် ရေရှည်ဖြစ်ပွားလျက်ရှိသော အခြေအနေများအား ပိုမိုသုံးသပ်နိုင်ရန်အတွက် ကွင်းထဲမှ လက်ခံရရှိထားသော သတင်းအချက်အလက်များအပြင် မြိုင်ကြီးငူနှင့် အနီးအနားဒေသများမှ ရရှိထားသော ၃၈ စောင် အစီရင်ခံစာအား လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့သည်။

## ဝေါဟာရများနှင့် အတိုကောက်အသုံးအနှုန်းများ

IDP – ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ

KNU – ကရင်အမျိုးသားအစည်းအရုံး

KNLA – ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

NCA – တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်

BGF – နယ်ခြားစောင့်တပ်

DKBA splinter – တိုးတက်သော ဗုဒ္ဓဘာသာ ကရင်တပ်မတော် (ခွဲထွက်အဖွဲ့)

EAO – တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း

## ၂။ ဘားအံခရိုင်။   ။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်နက်ကိုင် တိုက်ပွဲများ၏ ဗဟိုချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်အားလက်မှတ်ထိုးထားသော်လည်း ဘားအံခရိုင် သည် လက်နက်ကိုင်ပဋိပက္ခတင်းမာမှုများနှင့် စစ်ဘက် ဆိုင်ရာလှုပ်ရှားမှုများ အများအပြား ဆက်လက်ဖြစ်ပေါ် လျှက်ရှိသောနေရာအဖြစ်ရှိနေသေးသည်။ တပ်မတော် မှ စစ်ဘက်ဆိုင်ရာအခြေခံအဆောက်အဦးများ ဆက် လက်ဆောက်လုပ်ခြင်းနှင့် ကရင်အမျိုးသားအစည်း အရုံး၏ ထိန်းချုပ်နယ်မြေအတွင်းတွင် တပ်လှုပ်ရှားမှု များအား ပိုမိုတိုးမြှင့်ခြင်းများကြောင့် လွန်ခဲ့သောနှစ်များ အတွင်း ပစ်ခတ်မှုများဖြစ်ပွားစေခဲ့သည်။ လက်နက်ကိုင် တပ်ဖွဲ့များသည် ၎င်းတို့အဖွဲ့တစ်ဖွဲ့စီ၏ အာဏာရရှိမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိလိုခြင်းနှင့် ထိုနေရာဒေသများ အား ထိန်းချုပ်လိုမှုများသည် ဒေသအတွင်း လက်နက် ကိုင်ပဋိပက္ခများအား ဖြစ်ပေါ်စေသည်။

### တပ်မတော်

တပ်မတော် (မြန်မာစစ်တပ်)သည် နိုင်ငံ အတွင်း အင်အားအကြီးဆုံးလက်နက် ကိုင်တပ်ဖွဲ့ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်းအ ချိန်မှစ၍ နိုင်ငံရေးတွင် ထဲထဲဝင်ဝင်ပါဝင် လျက်ရှိသည်။ နိုင်ငံအနေဖြင့် အရပ်သား အုပ်ချုပ်သည့်နိုင်ငံအဖြစ်သို့ရောက်ရှိရန် သိသာထင်ရှားသည့် ခြေလှမ်းများ ပြု လုပ်လျက်ရှိသော်လည်း တပ်မတော် သည် အစိုးရအပေါ်တွင် ချုပ်ကိုင်မှုများ ပြုလုပ်လျက်ရှိသေးသည်။

### နယ်ခြားစောင့်တပ်

တပ်မတော်၏ နယ်ခြားစောင့်တပ် တပ် ရင်းများကို ၂၀၁၀ ခုနှစ်တွင် စတင်ဖွဲ့ စည်းခဲ့သည်။ ထိုအဖွဲ့များကို များသော အားဖြင့် စစ်တပ်ထဲဝင်ရန် သဘောတူ သော ယခင်လက်နက်ကိုင်အဖွဲ့အစည်း များမှတပ်သားများဖြင့် ဖွဲ့စည်းထားသည်။ ဘားအံခရိုင်တွင် နယ်ခြားစောင့်တပ် အ မှတ်(၁၀၁၁)၊ (၁၀၁၂) နှင့်(၁၀၁၈)တို့ရှိ သည်။

### ၂၀၁၆ခုနှစ်။   ။အသက်အန္တရာယ်ကြောင့် ထွက်ပြေး တိမ်းရှောင်ရခြင်း

၂၀၁၆ခုနှစ်၊ ဩဂုတ်လတွင် တပ်မတော်၊ နယ်ခြား စောင့်တပ် တပ်ရင်းအမှတ် (၁၀၁၁)၊ (၁၀၁၂) နှင့် (၁၀၁၈) တို့သည် ဒေသအတွင်းတွင် တပ်အင်အားပိုမို တိုးချဲ့ခဲ့သည်။ [4] ထို့အတွက်ကြောင့် တပ်မတော်/ နယ်ခြားစောင့်တပ်နှင့် DKBA ခွဲထွက်အဖွဲ့များကြား ဟတ်ကြီးရေကာတာ တည်ဆောက်မည့်စီမံကိန်းနေရာ နှင့်နီးသော အသစ်ဖောက်လုပ်ထားသည့် လမ်းမတစ် လျှောက်တွင် ပြင်းထန်သည့် တိုက်ပွဲများဖြစ်ပွားစေခဲ့ သည်။ [5] ဤပစ်ခတ်တိုက်ခိုက်မှုများမှာ အစိုးရမှ ဟတ် ကြီးရေကာတာ စီမံကိန်းနေရာအား ခိုင်ခိုင်မာမာ ထိန်း

[4] ၂၀၁၆ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့သော ကရင်သတင်းစဉ်၏ "BGF နှင့် ခွဲထွက် DKBA တို့ တစ်ရက်အတွင်း တိုက်ပွဲ ၄ကြိမ်ဖြစ်ပွား" တွင်ကြည့်ပါ။

[5] ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သော The Asia Foundation ၏ *"Ceasefires, Governance and Development: the Karen National Union in Times of Change"* တွင်ကြည့်ပါ။

ချုပ်လိုခြင်းနှင့် ဒေသတွင်း DKBA ခွဲထွက်အဖွဲ့၏အခွန်ကောက်ခံလိုမှုများကြောင့်ဖြစ်သည်။ [6]

ဤပစ်ခတ်တိုက်ခိုက်မှုများသည် ထိုဒေသရှိ အာဏာလွှမ်းမိုးမှုအားအပြောင်းအလဲဖြစ်စေသည်။ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလမတိုင်မီကာလများက DKBA ခွဲထွက်အဖွဲ့တွင် တပ်စုငါးစုရှိခဲ့ပြီး မြိုင်ကြီးငူနှင့် မဲ့သဝေါမြို့စပ်တစ်လျှောက်ရှိ ဆရာတော်ဦးသုဇနမှ ဆောက်လုပ်ထားသော လမ်းမပေါ်တွင် စစ်ဆေးရေးဂိတ်များစွာ ရှိခဲ့သည်။ တိုက်ပွဲဖြစ်ပြီးနောက်တွင် တပ်မတော်နှင့် နယ်ခြားစောင့်တပ်မှ ထိုလမ်းမကြီးတစ်ခုလုံးအား ထိန်းချုပ်နိုင်ခဲ့ပြီး ထိုဒေသတွင် လူပ်ရှားသွားလာရန်အခွင့်သာခဲ့သည်။ ထိုလမ်းမကြီးကို ဟတ်ကြီးရေကာတာတည်ဆောက်ရေးအတွက် ထောက်ပံ့ရေးပစ္စည်းများအား သယ်ယူပို့ဆောင်သည့် လမ်းအဖြစ် အသုံးပြုလာကြသည်။

၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၁၀ရက်နေ့တွင် ဆရာတော်ဦးသုဇနသည် ကားအစီး ၂၀၀ ကျော်ဖြင့် မဲ့သဝေါအနီးရှိကျေးရွာများမှ ရွာသားပေါင်း ၅၀၀၀ ခန့်အား မြိုင်ကြီးငူသို့ နေရာရွှေ့ပြောင်းပေးရန် တိုက်ပွဲမဖြစ်မီအချိန်တွင် စီစဉ်ပေးခဲ့သည်။ [7] ရွာသားအများစုမှာ စိုက်ခင်းများတွင် တောင်ယာလုပ်ကိုင်နေစဉ်အတွင်း ကားပေါ်သို့တက်ရန် ခေါ်ယူခဲ့သည့်အတွက် ကြိုတင်ပြင်ဆင်ရန်အချိန်မရသဖြင့် ၎င်းတို့၏ပိုင်ဆိုင်မှုများအား သယ်ယူခြင်းမပြုနိုင်ခဲ့ပေ။ [8]

## ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်

ကရင်အမျိုးသားအစည်းအရုံးနှင့် ၎င်း၏တပ်ဖွဲ့ဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့သည် အစိုးရနှင့် ၁၉၄၉ ခုနှစ်မှစတင်၍ စစ်မက်ပဋိပက္ခဖြစ်ပွားခဲ့သည်။ ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ၁၉၉၅ ခုနှစ်၌ ၎င်း၏ ဌာနချုပ်ကျဆုံးချိန်တွင် သိသိသာသာ အားနည်းလာခဲ့သော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းတစ်လျှောက်တွင် အာဏာတည်ရှိနေဆဲဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံးသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့သော်လည်း အစိုးရနှင့် ၎င်းတို့ကြား တင်းမာမှုမြင့်မားနေဆဲဖြစ်သည်။

ဆရာတော်အား ထိုသို့ပြုလုပ်ရန်အတွက် မည်သည့်အရာကလှုံ့ဆော်ခဲ့သည်ကို ရှင်းလင်းစွာမသိနိုင်သော်လည်း ရွာသားအများစုမှာ ၎င်းတို့၏နေရပ်ဝန်းကျင်တွင် ဖြစ်ပေါ်လျက်ရှိသော လက်နက်ကိုင်ပဋိပက္ခအား ကြောက်ရွံ့လျက်ရှိကြောင်းနှင့် ထိုအန္တရာယ်မှလွတ်မြောက်ပါက စိတ်ချမ်းသာရာရမည်ဖြစ်ကြောင်းကို တင်ပြခဲ့ကြသည်။ ထိုအခြေအနေများအား နောက်ဆက်တွဲအခန်းများတွင် အကျယ်တဝင့်ရေးသားဖော်ပြထားသည်။

6 ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သော The Asia Foundation ၏ *"Ceasefires, Governance and Development: the Karen National Union in Times of Change"* တွင်ကြည့်ပါ။

7 ၂၀၁၇ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Hpa-an Short Update: Hlaingbwe Township, March to October 2016" တွင်ကြည့်ပါ။

8 ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလတွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Recent fighting between newly-reformed DKBA and joint forces of BGF and Tatmadaw soldiers led more than six thousand Karen villagers to flee in Hpa-an District, September 2016" တွင်ကြည့်ပါ။

## ဟတ်ကြီးရေကာတာ။ ဒေသတွင်း ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများအား လှုံ့ဆော်ပေးသည့် အကြောင်းရင်းတစ်ရပ်

ဖာပွန်ခရိုင်နှင့် ဘားအံခရိုင်ကြားရှိ သံလွင်မြစ်ပေါ်တွင် တည်ဆောက်ရန်လျာထားသည့် ဟတ်ကြီးရေကာတာသည် လက်နက်ကိုင်ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ဖြစ်ပေါ်စေသည့်အချက်တစ်ချက်ဖြစ်သည်။ အကြောင်းမှာ မတူညီသောလက်နက်ကိုင်တပ်ဖွဲ့များမှ ထိုနေရာဒေသအားထိန်းချုပ်ရန် အငြင်းပွားနေကြသည့်အတွက်ဖြစ်သည်။ ထို့အတွက်နေရပ်ရွှေ့ပြောင်းစေခံရမှုများ၊ မြေမြှုပ်မိုင်းထောင်ထားခြင်းများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အနှံ့အပြားဖြစ်ပေါ်စေခဲ့သည်။ [9] သံလွင်မြစ်ပေါ်တွင် တည်ဆောက်ရန်လျာထားသော ရေကာတာခုနစ်ခု [10] အနက် တစ်ခုဖြစ်သည့် ထိုဟတ်ကြီးရေကာတာအား ထိုင်းနိုင်ငံ၏ လျှပ်စစ်ထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ဖြစ်သည် EGAT ကုမ္ပဏီ (Electricity Generating Authority of Thailand)၊ တရုတ်နိုင်ငံမှ ဆိုင်နိုဟိုက်ဒရိုကုမ္ပဏီတို့က (China's Sinohydro Corporation)၊ မြန်မာနိုင်ငံလျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် IGE ကုမ္ပဏီ (International Group of Entrepreneurs) တို့မှ ငွေကြေးထောက်ပံ့ထားခြင်းဖြစ်ပြီး လျာထားသည့်ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်းပေါင်းတစ်ထောင်ခန့်ရှိသည်။ [11]

### DKBA ခွဲထွက်အဖွဲ့

၁၉၉၄ ခုနှစ်တွင် DKBA ဒီမိုကရက်တစ်တိုးတက်သောဗုဒ္ဓဘာသာ ကရင်တပ်မတော်သည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ ဘာသာရေးယူဆမှုနှင့်ပတ်သက်ပြီး ခွဲထွက်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် DKBA တပ်ဖွဲ့အများစုသည် နယ်ခြားစောင့်တပ်အဖြစ်သို့ ပြောင်းလဲခဲ့ကြသည်။ သို့သော် အဖွဲ့တစ်ဖွဲ့မှာ ထိုသို့လုပ်ဆောင်ရန် ငြင်းဆိုပြီး ၂၀၁၂ ခုနှစ်တွင် ဒီမိုကရေတစ် ကရင်အကျိုးပြုတပ်မတော် (DKBAအကျိုးပြု) အဖြစ်သို့ အမည်ပြောင်းလဲခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် DKBA(ခွဲထွက်အဖွဲ့) သည် အဆိုပါ DKBA (အကျိုးပြု) မှ ခွဲထွက်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့သည် ဖာပွန်ခရိုင်နှင့် ဘားအံခရိုင်များတွင် လှုပ်ရှားလျက်ရှိပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်အား လက်မှတ်ရေးထိုးထားခြင်းမရှိသေးပါ။

ဟတ်ကြီးရေကာတာ တည်ဆောက်မည့် စီမံချက်ကို ၁၉၉၈ ခုနှစ်မှစတင်၍ လုပ်ငန်းလုပ်ဆောင်မည့်နေရာ အနီးတစ်ဝိုက်တွင် တိုက်ပွဲများစွာဖြစ်ပွားခဲ့ပါသည်။ ထိုတိုက်ပွဲများသည် ဒေသခံလူမှုအသိုက်အဝန်းများအပေါ် ဆိုးရွားသည့်သက်ရောက်မှုများ ဖြစ်ပေါ်စေပြီး နောက်ဆုံးတွင် အချိန်ကာလကြာမြင့်စွာ ပြောင်းရွှေ့နေထိုင်ရမှု၊ အကြမ်းဖက်မှု၊ အဓမ္မတပ်သားစုဆောင်းမှု၊ စစ်ဘက်ဆိုင်ရာလုပ်အားပေးခိုင်းစေမှုနှင့်အခြားလူ့အခွင့်အရေးချိုးဖောက်မှုများမှရှောင်ကျဉ်ရန် မြို့ကြီးငှသို့ထွက်ပြေးနေထိုင်ခဲ့ကြသည်။ [12] ထိုတင်းမာမှုများသည် ၂၀၁၅ ခုနှစ်တွင် ပိုမိုပြင်းထန်လာခဲ့ပြီး လက်နက်ကိုင်တပ်ဖွဲ့

---

9 ၂၀၁၈ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေခဲ့သော Frontier Myanmar ၏ "Activists damn Salween plans" တွင် ကြည့်ပါ။

10 ၂၀၁၈ခုနှစ်၊ ဖွန်လတွင် ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "ရေကာတာသည် ဖွံ့ဖြိုးရေးလော၊ ပျက်စီးခြင်းလော" တွင်ကြည့်ပါ။

11 Environmental Justice Atlas ၏ "Hatgyi Dam, Myanmar" တွင် ကြည့်ပါ။

12 ၂၀၁၆ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Hpapun Situation Update: Bu

များအကြား ပစ်ခတ်တိုက်ခိုက်မှုများ မကြာခဏဖြစ်ပေါ်စေခဲ့ကာ မြိုင်ကြီးငူဒေသတွင် ပြောင်းရွှေ့နေထိုင်မှုများ ပိုမိုများပြားလာစေသည်။

| *ဒေသခံလူထုနှင့်တွေ့ဆုံဆွေးနွေးညှိနှိုင်းမှု အားနည်းခြင်း* | *သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်လေ့လာ ခြင်းအား လုပ်ဆောင်မှု အားနည်းခြင်း* | *စစ်မက်ပဋိပက္ခဖြစ်ပွားနိုင်သည့်အခြေအနေကို အရှိန်မြင့်စေခြင်း* |
|---|---|---|
| ဒေသခံ ပြည်သူများအနေဖြင့် စီမံကိန်းနှင့်စပ်လျဉ်း၍ လုံလောက်သော သတင်းအချက်အလက်နှင့် ဆွေးနွေးညှိနှိုင်းမှုများ လက်ခံရရှိခြင်းမရှိပါ။ စီမံကိန်းနှင့်ပတ်သက်သည့် အစည်းအဝေးများကို ဒေသတွင်းရှိ နယ်ခြားစောင့်တပ်၏ တပ်မှူးများမှ စီစဉ်ကျင်းပပေးခဲ့ပြီး စာရွက်စာတမ်းများသည်လည်း မြန်မာဘာသာဖြင့်သာ ရရှိနိုင်သည်။ [13] | တင်းမာသည့် ပဋိပက္ခအခြေအနေများကြောင့် ထိရောက်သည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်လေ့လာခြင်းအား လုပ်ဆောင်နိုင်မှုမရှိပေ။ အချက်အလက်ကောက်ခံသူများအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင်ရှိသောဒေသများသို့ သွားရောက်နိုင်ခြင်းမရှိပေ။ EGAT ဝန်ထမ်းနှစ်ဦးသည် မြေမြှုပ်မိုင်းနှင့်လက်နက်ကြီးပစ်ခတ်မှုများကြောင့် ဒဏ်ရာရပြီးသေဆုံးခဲ့ကြသည်။[14] | ဟတ်ကြီးရေကာတာ တည်ဆောက်မည့် နေရာအနီးဝန်းကျင်တွင် ၂၀၁၂ခုနှစ်မှ စတင်၍ နှစ်စဉ်ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ အကယ်၍ ရေကာတာဆောက်လုပ်ဖြစ်ပါက ဟတ်ကြီးရေကာတာကြောင့် စီမံကိန်းနေရာအထက်ပိုင်းရှိ ရွာပေါင်း ၅၀ မှ ရွာသား ၃၀,၀၀၀ ခန့် ပြောင်းရွှေ့ခံရနိုင်သည်။[15] |

## နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း၏ အခြေအနေများ


ကရင်လူ့အခွင့်အရေးအဖွဲ့မှ ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှု ၇၆ ရာခိုင်နှုန်းတွင် ဖြေကြားသူများက ၎င်းတို့၏ ကျေးရွာတစ်ခုလုံး ၎င်းတို့နှင့်အတူ နေရပ်ရွှေ့ပြောင်း နေထိုင်ခဲ့ကြကြောင်း တင်ပြခဲ့သည်။ မြိုင်ကြီးငူဒေသတွင် နေရပ်ရွှေ့ပြောင်းနေထိုင်မှုကို ဖြစ်ပေါ်စေသော အကြောင်းရင်းများစွာရှိပြီး မေးခွန်းအဖြေများမှာ တစ်ဦးနှင့်တစ်ဦး ထပ်တူကျလျက်ရှိသည်။

## ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သော နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများမှ ၈၅ ရာခိုင်နှုန်းက လက်နက်ကိုင်တိုက်ပွဲများသည် ၎င်းတို့အား နေရပ်ရွှေ့ပြောင်းနေထိုင်မှုကို ဖြစ်စေသည့် အဓိကအကြောင်းရင်းဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ ကန်ညီနောင်ကျေးရွာမှ ရွာသားတစ်ဦးက *"ကျွန်တော်တို့ရွာမှာနေပြီး အေးအေးချမ်းချမ်းပဲ လယ်လုပ်စားခဲ့တယ်။ ကံမကောင်းတော့ မိုးရာသီအတွင်းမှာ တိုက်ပွဲကြောင့်ပြေးခဲ့ရတယ်။ အခုဆို ကျွန်တော်တို့ အကြောက်တရားနဲ့ နေနေရတယ်။ ကျွန်တော်တို့ မပျော်ကြသွားရဲဘူး"* ဟု ပြောခဲ့သည်။ ထီးသာထကျေးရွာမှ ရွာသားတစ်ဦးကလည်း

Tho Township, March to May 2016" တွင်ကြည့်ပါ။

# ဆောက်လုပ်ရန် ရည်ရွယ်ထားသောဟတ်ကြီးရေကာတာကြောင့် ထိခိုက်ပျက်စီးမည့်နေရာများ



၎င်း၏ ကျေးရွာအနီးပစ်ခတ်မှုများကြောင့် လုံခြုံရေးအခြေအနေ ဆိုးရွားလာသဖြင့် ထွက်ပြေးခဲ့ရကြောင်း ဤသို့ ပြောခဲ့သည်။ *"လက်နက်ကိုင်အဖွဲ့တွေကြားမှာ တိုက်ပွဲတွေ ဖြစ်ခဲ့တယ်။ ကျွန်တော်တို့ ရွာထဲမှာ လုံးဝနေလို့မရတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒီကိုလာခဲ့တာ။ ပထမတော့ တပ်မတော်၊ နယ်ခြားစောင့်တပ်နဲ့ DKBA တို့ ဖြစ်ကြတာ။ နောက်တော့ KNLA လည်း ပါလာတယ်။"*

ဆယ်စုနှစ်ခုနှစ်ခုခန့် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်တိုက်ပွဲများအကြား အသက်ရှင်ရပ်တည်ရန်အတွက် ရုန်းကန်နေရသည့် အခြေအနေတွင် မကြာခဏနေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အများဆုံးဖြစ်လေ့ရှိသည့် အရာတစ်ခုဖြစ်သည်။ ယောပိုကျေးရွာမှ ရွာသူတစ်ဦးက *"ကျွန်မရဲ့ ရွာဘေးမှာဆိုရင် တိုက်ပွဲတွေက တစ်နှစ်ကို သုံးခါလောက်ဖြစ်ပွားတယ်။ ဘယ်အချိန်ပဲတိုက်ပွဲဖြစ်ဖြစ် ကျွန်မတို့ပြေးရတယ်။ ကျွန်မကလေးဘဝကတည်းက ပြေးခဲ့ရတယ်။"* ဤအချက်ကို ကန်ညီနောင်မှ နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရသူတစ်ဦးကလည်း ကရင်လူ့အခွင့်အရေးအဖွဲ့သို့ ၎င်း၏ဘဝအကြောင်းနှင့်ယှဉ်၍ ဤသို့အတည်ပြုခဲ့သည်။ *"တိုက်ပွဲတွေက အရင်ကလည်းဖြစ်တယ်။ ကျွန်တော်ဆို ပြေးခဲ့တာအကြိမ်ပေါင်းများပြီ။ နောက်ဆုံးတိုက်ပွဲက လွန်ခဲ့တဲ့သုံးလေးနှစ်လောက်ကဖြစ်ခဲ့တာ။ ကျွန်တော်တို့ ပြေးလိုက်ပုန်းလိုက် ပြန်လာလိုက်နဲ့။ ခဏခဏပဲ။"*

အချို့သောအဖြစ်အပျက်များတွင် လက်နက်ကိုင်စစ်သားများမှ ဒေသခံများ၏ နေရပ်ရွှေ့ပြောင်းမှုများကို နှောင့်နှေးစေပြီး အန္တရာယ်ရှိသည့်အခြေအနေသို့ တွန်းပို့ခဲ့သည်။ ကန်ညီနောင်ကျေးရွာမှ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ တစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ဤသို့ပြောခဲ့သည်။ *"KNLA ကလာပြီး ကျွန်တော်တို့ကို မပြေးဖို့ပြောတယ်။ ဒါပေမယ့် ကျွန်တော်တို့က ကလေးတွေအများကြီးရှိတော့ ရွာထဲမှာမနေရဲဘူး။ ကျွန်တော်တို့တွေ ပြေးသင့်မပြေးသင့်ကို တိုင်ပင်ကြတယ်။ မနက်တိုင်းပဲ အိမ်ထောင်စု နှစ်စုသုံးစုပြေးကြတယ်။ တပ်မတော်က ကျွန်တော်တို့ရွာကို လက်နက်ကြီးနဲ့ ပစ်တဲ့အခါမှာတော့ ကျွန်တော်တို့ပြေးရတယ်။ ကျွန်တော်တို့သာမပြေးရင် ကျွန်တော်တို့သေမှာ။ ကျွန်တော်တို့ ဒီကိုလှေစီးပြီးလာရတယ်။ ဒါပေမယ့်လှိုင်းကအရမ်းကြမ်းတယ်။ လှေထဲမှာရေတွင်ဝင်တော့ကျွန်တော် တို့ရေနစ်ခါနီးပဲ။"* တွေ့ဆုံမေးမြန်းမှုအား ဖြေကြားသူအများအပြားက ၎င်းတို့၏ ကျေးရွာများသည် လက်နက်ကိုင်စစ်သားများ၏ ပစ်မှတ်ထားခြင်းကိုခံရကြောင်းကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြခဲ့ကြသည်။ ယောပိုကျေးရွာမှ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူတစ်ဦးက ဤသို့အတည်ပြုခဲ့သည်။ *"ကျွန်တော်တို့ရဲ့ရွာကို တောင်ပေါ်ကနေလက်နက်ကြီးတွေနဲ့ပစ်တော့ အိမ်တွေအများကြီးပျက်စီးခဲ့တယ်။ လက်နက်ကြီးတစ်လုံးကဆို ကျွန်တော့အိမ်ကိုထိခါနီးပဲ။ ရွာသားတွေတစ်ယောက်မှ ဒဏ်ရာမရခဲ့ဘူး။ ဒါပေမယ့် ကျွန်တော်တို့ရွာထဲမှာနေတာ လုံခြုံမှုရှိတယ်လို့မခံစားရတော့ဘူး"* သေခါကျေးရွာမှ ရွာသားတစ်ဦးကလည်း အလားတူဖြစ်ရပ်တစ်ခုကို တင်ပြခဲ့သည်။ *"ကျွန်တော်တို့ ဒီစခန်းကိုမလာခင်က နယ်ခြားစောင့်တပ်နဲ့ DKBA တို့ကြားမှာ တိုက်ပွဲဖြစ်ခဲ့တယ်။ လက်နက်ကြီးတွေနဲ့ ကျွန်တော်တို့ရွာကိုပစ်ခဲ့ပေမယ့် ဘယ်သူမှထိခိုက်ဒဏ်ရာမရခဲ့ဘူး"* ထီးသာထကျေးရွာမှ ပြည်တွင်းရွှေ့ပြောင်း နေထိုင်သူတစ်ဦးမှလည်း ၎င်း၏ကျေးရွာတွင် DKBA တပ်သားများ နေထိုင်သည့်အတွက် ပစ်မှတ်ထားခံခဲ့ရပုံကို ရှင်းပြခဲ့သည်။ *"လွန်ခဲ့တဲ့နှစ်နှစ်က ကျွန်တော့်ရွာမှာ နယ်ခြားစောင့်တပ်နဲ့ DKBA တို့ကြားမှာ တိုက်ပွဲဖြစ်ခဲ့တယ်။ ကျွန်တော့်ညီမလေးဆိုရင် နယ်ခြားစောင့်တပ် ပစ်လိုက်တဲ့ လက်နက်ကြီးရန်ကနေ သီသီလေးလွတ်ခဲ့တယ်။ အဲ့ဒီအချိန်မှာ DKBA က ကျွန်တော်တို့ရွာထဲမှာ စခန်းချနေတာ။ တိုက်ပွဲတွေဖြစ်ပြီးတော့ နှစ်ဖွဲ့လုံးတခြားနေရာကိုထွက်သွားကြတယ်။"*

လက်နက်ကိုင်တပ်ဖွဲ့များ ကျေးရွာအနီးအနား သို့မဟုတ် ကျေးရွာအတွင်းတွင် စခန်းချနေထိုင်သည့်အတွက် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားသည့်အခါ ဒေသခံများအား ထိခိုက်ဒဏ်ရာရစေခြင်း

သို့မဟုတ် အသတ်ခံရခြင်း စသည့်အန္တရာယ်များ ကြုံတွေ့ခံစားရစေသည်။ ၂၀၁၂ ခုနှစ်တွင် မြိုင်ကြီးငူ ဒေသအတွင်း DKBA နှင့် နယ်ခြားစောင့်တပ်တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည့်အတွက် အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦးအသက်ဆုံးရှုံးခဲ့ကြရသည်။[13] မကြာခဏ ဖြစ်ပွားလေ့ရှိသောပစ်ခတ်တိုက်ခိုက်မှုများသည် နေရပ်ရွှေ့ပြောင်းနေထိုင်မှုများအား ဖြစ်စေကြောင်းကို ယောကူထကျေးရွာမှ ရွာသားတစ်ဦးကရှင်းပြခဲ့သည်။ *"ကျွန်တော်တို့ရွာထဲမှာ နယ်ခြားစောင့်တပ်နဲ့ DKBA တို့ တိုက်ပွဲတွေ ဖြစ်ခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ ဘယ်လိုမှနေလို့မရတော့ဘူး။ ရွာဘေးမှာ တောင်ကုန်းလေး ရှိတယ်။ DKBA က တောင်ကုန်းထိပ်မှာနေပြီး နယ်ခြားစောင့်တပ်က ရွာထဲမှာ ကျွန်တော်တို့နဲ့အတူနေတယ်။ တိုက်ပွဲတွေစပြီးတော့ ကျွန်တော်တို့က သူတို့ကြားထဲမှာညှပ်နေတယ်။"* ကန်ညီနောင်ကျေးရွာမှ နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့သူတစ်ဦးမှလည်း တပ်မတော်နှင့် KNLA တို့ အပြန်အလှန်ပစ်ခတ်ရာတွင် တစ်ဖွဲ့မှရွာထဲသို့ပစ်ကာ တစ်ဖွဲ့မှာရွာထဲမှနေ၍ ပြန်လည်ပစ်ခတ်ခဲ့ကြကြောင်း တင်ပြခဲ့သည်။ *"ကျွန်တော့်ရွာထဲမှာ အရင်ကတိုက်ပွဲဖြစ်ခဲ့တယ်။ KNLA က တပ်မတော်ကို အဝေးကနေစပစ်တယ်။ တပ်မတော်ကလည်း လက်နက်ကြီးနဲ့ပြန်ပစ်ခဲ့တယ်။ တပ်မတော်သားတစ်ယောက်က ကျွန်တော့်အိမ်ရှေ့မှာပဲ အမြောက်နဲ့ပြန်ပစ်ဖို့လုပ်ခဲ့တယ်။ ဒါပေမယ့် လက်နက်ကပေါက်ကွဲပြီး သူသေဆုံးသွားတယ်။"*

## လက်နက်ကိုင်တပ်ဖွဲ့များ တည်ရှိနေခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သော ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများတွင် ၅၅ ရာခိုင်နှုန်းက လက်နက်ကိုင်တပ်ဖွဲ့များတည်ရှိနေခြင်းသည် ၎င်းတို့အား ၎င်းတို့၏ကျေးရွာများမှ နေရပ်စွန့်ခွာထွက်ပြေးစေသည့်အကြောင်းရင်းဟုဖော်ပြခဲ့ကြသည်။ ကန်ညီနောင်ကျေးရွာမှ မေးခွန်းဖြေကြားသူတစ်ဦးက *"လက်နက်ကိုင်အဖွဲ့တွေ ကျွန်တော်တို့ရွာထဲကို လက်နက်တွေနဲ့ဝင်လာတာတွေ့တာနဲ့ ကျွန်တော်တို့ပြေးကြတာပဲ"* ဟုပြောခဲ့သည်။ သစ်ခေါဲကျေးရွာမှ အခြားသောမေးခွန်းဖြေကြားသူတစ်ဦးကလည်း သူမအနေဖြင့် အစိုးရတပ်များအားတွေ့သည်နှင့်ထွက်ပြေးကြောင်း ယခုကဲ့သို့ရှင်းပြခဲ့သည်။ *"တိုက်ပွဲဖြစ်မှာစိုးတဲ့အတွက် ကျွန်မရွာကနေထွက်လာခဲ့တယ်။ တပ်မတော်နဲ့ နယ်ခြားစောင့်တပ်တွေ ဒီနေရာမှာကင်းလှည့်ဖို့ တပ်ဖွဲ့တွေထပ်ပို့တယ်ဆိုတာကြားတယ်။ စစ်သားတွေ တွေ့တာနဲ့ကျွန်မတို့ပြေးတာပဲ။ ကျွန်မတို့ ပြေးပြီးတာနဲ့တိုက်ပွဲဖြစ်တာပဲ။"*

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းသည် ဒေသခံရွာသားများအား မလုံခြုံမှုကိုခံစားရပြီး လက်နက်ကိုင်စစ်သားများ ဒေသအနီးအနားတွင် သွားလာလှုပ်ရှားနေသည်ကိုတွေ့သည်နှင့် အပြန်အလှန်ပစ်ခတ်မှုများမှရှောင်ရှားရန်အတွက် ဒေသခံများအနေဖြင့် ထွက်ပြေးရန်စီစဉ်ကြသည်။ ယောပိုကျေးရွာမှ မေးခွန်းဖြေကြားသူတစ်ဦးက သူမ၏ကျေးရွာအနေဖြင့် လက်နက်ကိုင်များ၏ ပစ်မှတ်ထားခြင်းအား ခံရမည်ကိုကြောက်ရွံ့ကြောင်းနှင့် ထိုအတွက်ကြောင့်သူမအနေဖြင့် ထွက်ပြေးရကြောင်းကို ဤသို့ ပြောခဲ့သည်။ *"ကျွန်မရဲ့ရွာမှာဆို မီးအလင်းရောင်သုံးလို့မရဘူး။ အဲ့ဒါက လက်နက်ကိုင်စစ်သားတွေကို သူတို့ရဲ့ရန်သူတွေရှိတယ်လို့ထင်စေတယ်။ သူတို့က ကျွန်မတို့ရွာကို လက်နက်ကြီးနဲ့ပစ်နိုင်တယ်။ ဒါကြောင့်လည်း ကျွန်မတို့ တခြားနေရာကိုပြောင်းရွှေ့ခဲ့ရတယ်။"*

---

[13] ၂၀၁၂ ခုနှစ်၊ မတ်လတွင် ထုတ်ဝေခဲ့သော Karen News ၏ "Two women killed in fighting between the DKBA and Government's militia" တွင်ကြည့်ပါ။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လှုပ်ရှားလျက်ရှိသော လက်နက်ကိုင်စစ်သားများမှ ဒေသခံများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့သည့်သမိုင်းမှာ အချိန်ကြာမြင့်စွာရှိနေခဲ့သည်။ [14] ဖာပွန်ခရိုင်၏ နေရာအများစုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (SPDC) မှ အနက်ရောင်နယ်မြေအဖြစ် သတ်မှတ်ထားသည့်နေရာဖြစ်ပြီး တပ်မတော်မှ အမျိုးသား၊ အမျိုးသမီးသို့မဟုတ် ကလေး မည်သူ့ကိုမဆို လွတ်လပ်စွာပစ်ပိုင်ခွင့်ရှိသော နေရာလည်းဖြစ်သည်။ [15] ရလာဒ်အနေဖြင့် ဒေသခံပြည်သူများသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ ခံစားရမည်ကိုကြောက်ရွံ့စွာနေထိုင်ကြရလျက်ရှိသည်။ ဤအခြေအနေသည် နေရပ်ရွှေ့ပြောင်းနေထိုင်မှုကိုဖြစ်ပေါ်စေကြောင်းကို က--- ကျေးရွာမှ ရွာသားတစ်ဦး၏တင်ပြချက်အရသိရသည်။ *"တပ်မတော်စစ်သားတွေက ကျွန်တော့်ရဲ့လယ်ထဲ၊ ခြံထဲမှာလာနေကြတယ်။ ကျွန်တော်က အဲ့ဒီအတွက်နဲ့ အပြစ်တင်ခံရမှာကိုစိုးရိမ်တယ်။ကျွန်တော်စကားပြောမှားပြီးဒုက္ခရောက်မှာကိုလည်းစိုးရိမ်တယ်။ အခွန်ကြားထဲမှာကျွန်တော်နေရတယ်လို့ခံစားခဲ့ရတဲ့အတွက် ဒီကိုပြောင်းလာတာ။"* ဒ---ကျေးရွာမှမေးခွန်းဖြေကြားသူတစ်ဦး၏ပြောပြချက်အရ ၎င်း၏ရွာမှမထွက်ပြေးမီ အဓမ္မခိုင်းစေခြင်း ခံခဲ့ရကြောင်းကိုတင်ပြခဲ့သည်။ *"KNLA၊ နယ်ခြားစောင့်တပ်နဲ့ တပ်မတော်တို့လာတဲ့အခါ ကျွန်တော်တို့ကိုတွေ့ရင်သူတို့ရဲ့ ပစ္စည်းတွေကို သယ်ခိုင်းကြတယ်။"* ထိုလက်နက်ကိုင် တပ်ဖွဲ့များအားလုံးမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုလက်မှတ် ရေးထိုးထားသော အဖွဲ့များဖြစ်ပြီး ထိုသဘောတူညီချက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပြုလုပ်ထားသည့် ဒေသများတွင်ပြည်သူများအား အဓမ္မခိုင်းစေမှုများပြုလုပ်ခြင်းအားရှောင်ကျဉ်ရန် အတိအလင်း တားမြစ်ထားသည်။ (အခန်း ၉ (ဏ)).

လက်နက်ကိုင်တပ်ဖွဲ့များမှ အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်စေမှုများနှင့်ပတ်သက်၍လည်း အဖြစ်အပျက်များစွာကို ကရင်လူ့အခွင့်အရေးအဖွဲ့သို့ မှတ်တမ်းတင်ခဲ့ပါသည်။ ဒ--- ကျေးရွာမှ မေးခွန်းဖြေကြားသူတစ်ဦးက KNLA မှ ၎င်း၏ကျေးရွာတစ်ရွာလုံးအား ပြောင်းရွှေ့စေရန် ခြိမ်းခြောက်မှုများပြုလုပ်ခဲ့ကြောင်းကို ဤသို့ရှင်းပြခဲ့သည်။ *"KNLA စစ်သားတွေက ကျွန်တော်တို့ကို ထွက်သွားခိုင်းတယ် ။ ဘာကြောင့်လဲဆိုတော့ သူတို့က ကျွန်တော်တို့ရွာမှာဆက်နေရင် DKBA [ခွဲထွက်] စစ်သားတွေကိုကူညီတာတွေ ကျွေးမွေးတာတွေလုပ်မှာကိုစိုးရိမ်ကြလို့။ တကယ်လို့ကျွန်တော်တို့ မလိုက်နာဘူးဆိုရင် KNLA က ရွာမှာရှိတဲ့ ကျွန်တော်တို့တွေရဲ့ အိမ်တွေအားလုံးကို မီးရှို့ပစ်မယ်လို့ပြောတယ်။"* အလားတူအဓမ္မရွှေ့ပြောင်းစေသည့် ဖြစ်ရပ်တစ်ခုအား စ---ကျေးရွာမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးကလည်းပြောပြခဲ့သည်။ *"KNLA စစ်သားတွေက ကျွန်တော်တို့ရွာသားတွေ အားလုံးကိုထွက်သွားစေချင်တယ်။ ရွာသားတွေက သူတို့ခိုင်းသမျှလုပ်ပြီး ရွာမှာပဲနေဖို့လုပ်ပေမယ့် သူတို့ကတော့အဓမ္မထွက်သွားခိုင်းတယ်။ အမျိုးသမီးအများစုက မလာချင်ဘူး။ ဒါပေမယ့် ကျွန်တော်တို့လည်း ဘာမှမတတ်နိုင်ဘူး။"*

နယ်ခြားစောင့်တပ်မှ အဓမ္မရွှေ့ပြောင်းစေသည့် အဖြစ်အပျက်တစ်ခုအားလည်း က--- ကျေးရွာမှ မေးခွန်းဖြေကြားသူ တစ်ဦးကတင်ပြခဲ့ပါသည်။ *"ရွာကလူတိုင်း၊ အိမ်တိုင်းထွက်ပြေးကြတယ်။ ရွာထဲမှာ စခန်းလာချတဲ့နယ်ခြားစောင့်တပ်ရဲ့တပ်မှူးက ကျွန်တော်တို့ကိုမနေခိုင်းဘူး။ သူက တိုက်ပွဲဖြစ်*

[14] ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Foundation of Fear: 25 years of villager's voices from southeast Myanmar". တွင်ကြည့်ပါ။

[15] ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Attacks, killings and the food crisis in Papun District". တွင်ကြည့်ပါ

*တော့မယ်လို့ပြောတယ်။"* ဤအဖြစ်အပျက်များသည် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ဒေသခံပြည်သူများကို အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်စေမှုအား ရှောင်ရှားရန်ဖော်ပြထားသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်၏ အခန်း ၉ (ဂ) အား ချိုးဖောက်နေခြင်းပင်ဖြစ်သည်။

## အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်စေခြင်း။ ။ အကြောင်းအရင်းများ ဆုံဆည်းရာနေရာ

ကရင်လူ့အခွင့်အရေးအဖွဲ့၏ တွေ့ဆုံမေးမြန်းမှုများအရ မြိုင်ကြီးငူဒေသရှိ နေရပ်ရွှေ့ပြောင်းနေထိုင်သူများအား ဆရာတော်ဦးသုဇနနှင့် နောက်လိုက်များမှ သတိပေးခဲ့ကြပြီး ၎င်းတို့အားစခန်းတွင်းသို့ ပြောင်းရွှေ့ရန် စီစဉ်ပေးခဲ့ကြသည်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ဆရာတော်ဦးသုဇနက ဒေသအနီးတဝိုက်မှ ဒေသခံများအား တိုက်ပွဲမဖြစ်မီ စစ်ပြေးရှောင်စခန်းသို့လာရန်အတွက် ကားအစီး ၂၀၀ ကျော်စီစဉ်ပေးခဲ့သည်။ ဒါဘောသဲမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦး၏ ပြောကြားချက်အရ *"လက်နက်ကိုင်စစ်သားတွေက သူ့စကားကိုနားမထောင်ကြဘူးဆိုတော့ ဆရာတော်က တိုက်ပွဲဖြစ်မှာကိုသိတယ်။ ဒါနဲ့သူက ကျွန်တော်တို့အားလုံးကို မြိုင်ကြီးငူမှာလာစုကြဖို့ ပြောတယ်။ နောက်တော့ ရွာသားတွေကိုခေါ်ဖို့ ကားတွေလွှတ်ပေးတယ်။"* ဝဘွေတူရွာမှ တွေ့ဆုံမေးမြန်းမှုတွင် ဖြေကြားခဲ့သူတစ်ဦးမှလည်း ကရင်လူ့အခွင့်အရေးအဖွဲ့အား အလားတူအခြေအနေမျိုးကို တင်ပြခဲ့သည်။ *"ဆရာတော်က ကျွန်တော်တို့ကို မနက်ခင်းမှာလာခေါ်ပြီး ကျွန်တော်တို့ဒီနေရာမှာ နေလို့မရတော့ဘူးလို့ပြောတယ်။ ကျွန်တော်တို့ သူ့နောက်လိုက်လာပြီး ညနေခင်းပိုင်းမှာ တိုက်ပွဲစဖြစ်တာပဲ။"* ထီးကန်ထ၊ မဲ့သဝေါမုဒ်ဝ၊ လယ်ပဲဒဲနှင့် ယောခုထကျေးရွာတို့မှ နေရပ်ရွှေ့ပြောင်း နေထိုင်ကြသူများမှလည်း အလားတူအခြေအနေများကို တင်ပြခဲ့ကြသည်။ ဆရာတော်မှနေ၍ လက်နက်ကိုင်တပ်ဖွဲ့များကြား အပြန်အလှန်လေးစားမှုရှိရန်အတွက် မိန့်ကြားခဲ့ပြီး ထိုမိန့်ကြားမှုသည် ရွာသားများအား မြိုင်ကြီးငူသို့ ပို့ဆောင်သည့် လုပ်ငန်းစဉ်တစ်ရပ်လုံးအား ညှိနှိုင်းပေးမှုဖြစ်နိုင်သည်။

ကရင်လူ့အခွင့်အရေးအဖွဲ့၏ ၂၀၁၆ ခုနှစ်မှ လက်ခံရရှိသည့်သတင်းအချက်အလက်များအရ ဆရာတော်ဦးသုဇန၏ကားများဖြင့် ခေါ်ဆောင်ခဲ့ခြင်းခံရသည့်ရွာသားများသည် ၎င်းတို့၏ပိုင်ဆိုင်မှုများနှင့် တိရိစ္ဆာန်မွေးမြူရေးများအား ချန်ထားခဲ့ရပြီး ချက်ခြင်းပင်ထွက်ခွာခဲ့ကြရသည်။[16] ထိုသို့ ပြင်ဆင်ချိန်မရှိခြင်းကြောင့် စစ်ပြေးရှောင်စခန်းသို့ရောက်ရှိသည့်အခါတွင် ကိုယ့်ကိုယ်ကိုထောက်ပံ့ရန် မစွမ်းနိုင်တော့ပေ။ ထီးကလိုသောကျေးရွာမှ မေးခွန်းဖြေကြားသူမှ သူ၏စိုးရိမ်မှုနှင့်ပတ်သက်ပြီး ကရင်လူ့အခွင့်အရေးအဖွဲ့သို့ ပြောပြခဲ့သည်။ *"ကျွန်တော်တို့ ဒီကိုကားနဲ့လာတယ်။ ဒါကြောင့် သယ်လို့ရတဲ့ ပစ္စည်းလေးတွေပဲယူလာပြီး တခြားပစ္စည်းတွေကိုတော့အကုန်ထားခဲ့ရတယ်။ အခုဆို ရွာမှာထားခဲ့တဲ့ ပစ္စည်းတွေပျောက်သွားတယ်။ ကျွန်တော်တို့ရဲ့ ကျွဲတွေ၊ နွားတွေကို ရှာလို့မတွေ့တော့ဘူး။"* အိမ်ယာများ၊ ပိုင်ဆိုင်မှုများနှင့်တိရိစ္ဆာန်များအားဖျက်စီးခံရမှုသည် *"နေရပ်ပြန်ရန်အတားအဆီးများ"* ဟူသည့် အခန်းတွင်ဖော်ပြထားသည့်အတိုင်း ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် နေရပ်ပြန်ရန် ကြန့်ကြာစေသော အချက်တစ်ချက်ဖြစ်သည်။

---

[16] ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Recent fighting between newly-reformed DKBA and joint forces of BGF and Tatmadaw soldiers led more than six thousand Karen villagers to flee in Hpa-an District, September 2016" တွင်ကြည့်ပါ။

ဆရာတော်ဦးသုဇနမှ ဒေသခံပြည်သူများအား တိုက်ပွဲမဖြစ်မီ ဘေးကင်းရာသို့ မပြောင်းရွှေ့ပေးနိုင်ခဲ့သည့် အခြေအနေများလည်းရှိခဲ့သည်။ ထီးကလိုသောကျေးရွာမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ဤသို့ပြောပြခဲ့သည်။ *"ဆရာတော်က ကျွန်တော်တို့ကို ကိုယ်တိုင်လာခေါ်ခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ လမ်းမှာဘာအခက်အခဲမှမတွေ့ခဲ့ရဘူး။ အဲ့ဒီနောက်မှာ တိုက်ပွဲစခဲ့တယ်။ ရွာသားအားလုံးတော့ ထွက်မပြေးနိုင်ခဲ့ဘူး။ တစ်ချို့က စခန်းကိုလာတဲ့လမ်းမှာပဲ ရှိသေးတယ်။ တစ်ချို့ကစားစရာမပါပဲ တောထဲကိုပြေးသွားကြတယ်။ ဒီကိုရောက်ဖို့အတွက် တစ်ပတ်လောက်ကြာတယ်။ တစ်ချို့ကတောထဲမှာပဲ လပေါင်းများစွာနေကြတယ်။ သူတို့က လျှောက်သွားရမှာကြောက်တော့ ကျွန်တော်တို့သူတို့ကို သွားခေါ်ရတယ်။"*

ရွာသားများသည် မြိုင်ကြီးငူဒေသသို့ ဆရာတော်၏ပို့ဆောင်မှုကြောင့် သို့မဟုတ် ၎င်းတို့ကိုယ်တိုင်ရောက်ရှိသောအခါ တိုက်ပွဲနှင့်ဝေးသော နေရာတစ်ခုတွင်နေထိုင်ခွင့်ရရှိသော်လည်း အခြေခံလူ့အခွင့်အရေးများဆုံးရှုံးလျက် ရှိနေသေးသည်။

## ၃။ မြိုင်ကြီးငူဒေသရှိ ကာလကြာရှည်စွာဖြစ်ပေါ်လျက်ရှိသော နေရပ်ရွှေ့ပြောင်းနေထိုင်မှု။ ။လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြိုင်ကြီးငူဒေသရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများ၏ စခန်းသုံးခုဖြစ်သည့် အေးလင်းသာယာကွင်း၊ မာလာယုနှင့် မြပန်းဝတ်မှုံစခန်းများရှိ နေရပ်ရွှေ့ပြောင်းနေထိုင်သူများအား တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။ ဤအခန်းတွင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ နေ့စဉ်ကြုံတွေ့ရသော အခက်အခဲများကိုသုံးသပ်ထားပါသည်။ ဤသုံးသပ်မှုများကို လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များနှင့်ပတ်သက်၍ အများလက်ခံထားသော လမ်းညွှန်ချက်များ ပါဝင်သည့် Sphere Handbook (စဖီးယားလက်စွဲ) စာအုပ်တွင် ချမှတ်ထားသည့် စံသတ်မှတ်နှုန်းများကို အခြေခံထားသည်။ [17]

### အဓိက စိုးရိမ်ချက်များ

၁။ မြိုင်ကြီးငူဒေသတွင် သန့်ရှင်းရေးသည် အဓိကပြဿနာအဖြစ် ကျန်ရှိနေသေးသည်။ နေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေမရရှိခြင်း၊ လုံလောက်သည့် ဆပ်ပြာပေးဝေမှုမရှိခြင်းနှင့် လုံလောက်သောရေချိုးခန်း၊ အိမ်သာမရှိခြင်းတို့အား ကြုံတွေ့နေရပါသည်။ စခန်းအတွင်းအမှိုက်များအား စနစ်တကျပစ်ရန်စီမံခန့်ခွဲမှုများ မရှိသည့်အတွက် ရောဂါဝေဒနာများကိုလည်း ပိုမို၍ခံစားနေရလျက်ရှိသည်။

၂။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် မျှတသောအစာအဟာရ ရရှိခြင်းမရှိပါ။ ရိက္ခာများသည် ၎င်းတို့ နေ့စဉ်လိုအပ်ချက်အတွက် လုံလောက်မှုမရှိပါ။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့၏ လိုအပ်သောအဟာရ ရရှိရန်အတွက် မြေမြုပ်မိုင်းရှိသောနေရာများတွင် ဟင်းသီးဟင်းရွက်များကို သွားရောက်ရှာဖွေနေရသည်။

၃။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့၏နေရာထိုင်ခင်းများ ပျက်စီးမှုများအား ပြင်ဆင်ရန် အိမ်ဆောက်ပစ္စည်းများမရရှိသည့်အတွက် နေထိုင်ရေးအတွက် အကာအကွယ်ရရှိမှုမရှိပေ။ အများစုမှာ အိမ်နံရံနှင့် ကောင်းမွန်သောအိမ်ခေါင်မိုးများမရှိကြပေ။

၄။ လယ်ယာမြေများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မရှိသည့်အတွက် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူအများစုသည် စခန်းအတွင်းနေထိုင်သည့်အချိန်တွင် ဝင်ငွေအခွင့်အလမ်းမရှိကြပေ။ ထို့ကြောင့် ၎င်း တို့အနေနှင့် အခြေခံဝန်ဆောင်မှုများနှင့် ၎င်းတို့၏ အိမ်ထောင်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းရန် အခက်အခဲများ ရင်ဆိုင်ကြရသည်။

---

[17] ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော Sphere Association ၏ “The Sphere Handbook – Humanitarian Charter and Minimum Standards in Humanitarian Response” တွင်ကြည့်ပါ။

၅။ ကျန်းမာရေးကုန်ကျစရိတ်နှင့် စခန်းတွင်း အထူးကျန်းမာရေးစောင့်ရှောက်မှုများမရှိခြင်းက နေရပ်ရွှေ့ပြောင်းနေထိုင်ရသူများအား အခက်အခဲများဖြစ်စေသည်။

၆။ ကလေးမိဘများမှာ ကျူရှင်စရိတ်နှင့် သွားလာရေးစရိတ်များအား မတတ်နိုင်ကြသည့်အတွက် နေရပ်ရွှေ့ပြောင်းနေထိုင်ကြရသည့် ကလေးများအနေဖြင့် မူလတန်းလွန်ပညာရေးအား ဆက်လက်သင်ယူနိုင်ခြင်းမရှိကြပေ။

၇။ ကလေးများအပါအဝင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ဆရာတော်များအတွက် အဓမ္မစေခိုင်းမှုဟု ယူဆရလောက်သည့် လုပ်အားပေးများ လုပ်ပေးရသည်။

## က။ ရေအရင်းအမြစ်၊ မိလ္လာစနစ်သန့်ရှင်းရေးနှင့် ရောဂါကာကွယ်ရန်တစ်ကိုယ်ရေသန့်ရှင်းရေး

### ရေရှားပါးမှု။ ။ဆက်လက်ဖြစ်ပေါ်နေသော ကိစ္စတစ်ရပ်


The Sphere Standards (စဖီးယားစံချိန်စံနှုန်းအရ) ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများသည် ၎င်းတို့ရွှေ့ပြောင်းနေထိုင်သည့်နေရာအပေါ်မူတည်၍ *"၎င်းတို့၏ သောက်သုံးရေနှင့် အိမ်တွင်းအသုံးပြုရန်အတွက် လိုအပ်သောသန့်ရှင်းသည့်ရေအား လုံလောက်စွာမျှဝေသုံးစွဲနိုင်ခြင်းရှိရမည်"*[18]

မာလာယုနှင့် မြပန်းဝတ်မှုံစခန်းတို့တွင် လုံလောက်သည့်ရေရရှိသည်။ ထိုစခန်းနှစ်ခုလုံးသည် မြစ်နားတွင်တည်ရှိပြီး နေရပ်ရွှေ့ပြောင်းနေထိုင်သူများအသုံးပြုနိုင်သည့် ရေတွင်းများလည်းရှိသည်။

အေးလင်းသာယာကွင်းစခန်းတွင်မူ နွေရာသီတွင် ရေပြဿနာရှိပါသည်။ အချို့သောရေတွင်းများခမ်းခြောက်ကုန်သည့်အတွက် နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအား ရေပြတ်လပ်ခြင်းများနှင့် ကြုံတွေ့ရစေပါသည်။ထိုစခန်းတွင်နေထိုင်သူတစ်ဦးမှပြောခဲ့သည်မှာ *"ဧပြီလဆိုရေတွင်းအတော်များများရေခမ်းကုန်တယ်။ နွေရာသီဆို ကျွန်တော်တို့ရေဆွဲလို့ရတဲ့ ရေတွင်းတစ်တွင်းပဲကျန်တယ်။ အဲ့ဒါကြောင့် လူတော်တော်များများ အဲ့ဒီရေတွင်းကနေရေလာယူကြတယ်။ ကျွန်တော်ထင်တယ် အိမ်ထောင်စု ၄၀၀-၅၀၀ လောက် အဲ့ဒီရေတွင်းကိုမှီခိုနေကြရတယ်။"* ထိုစခန်းတွင်နေထိုင်သူ အမျိုးသမီးတစ်ဦးမှလည်း *"နွေရာသီဆိုရင် ကျွန်မတို့အနီးအနားမှာရေမရနိုင်ဘူး။ တစ်ခါတစ်လေဆိုရင် ရေချိုးဖို့ရေမရှိဘူး။ ရေတွင်းတွေခမ်းတဲ့အခါကျရင် ကျွန်မတို့သံလွင်မြစ်ကို အားကိုးရတယ်။ ကျွန်မတို့အနီးအနားကရွာတွေဆီသွားပြီး အိမ်ကိုရေပြန်ခပ်လာရတယ်။ တစ်ချို့စခန်းထဲက လူတွေကျတော့ တစ်ယောက်ယောက်ကို ပိုက်ဆံပေးပြီး ကားနဲ့ရေသယ်ခိုင်းတယ်။ ရေ ၁၀ ဂါလံဆို ငွေ ၁၀၀၀ ပေးရတယ်။ ကျွန်မရဲ့မိသားစုဝင်တွေအရမ်းများတယ်။ဒါကြောင့် ဒီဈေးနဲ့ဝယ်ဖို့မတတ်နိုင်ဘူး။"* ရေမရရှိခြင်းသည် ပြည်တွင်းရွှေပြောင်းနေထိုင်သူများ၏ ကျန်းမာရေးအတွက်လည်း ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်။ ထို

[18] ၂၀၁၈ခုနှစ်တွင် ထုတ်ဝေခဲ့သော Sphere Association ၏ "The Sphere Handbook – Humanitarian Charter and Minimum Standards in Humanitarian Response" တွင်ကြည့်ပါ။

# မြိုင်ကြီးငူဒေသရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်မှု



အချက်များသည်နေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက် အစားအသောက်များပြင်ဆင်ခြင်း၊ မိလ္လာစနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးများတွင် ဆိုးကျိုးများကျရောက်စေနိုင်သည်။[19]

## ရေ။ ။သောက်သုံးရန် မသင့်သောရေ

Sphere Standards (စဖီးယားဖ်၏စံချိန်စံနှုန်း) အရ *"ရေသည် သောက်သုံးရန်နှင့် ချက်ပြုတ်ရန်၊ တစ်ကိုယ်ရေကျန်းမာရေးနှင့် သန့်ရှင်းရေးအတွက်၊ အန္တရာယ်မရှိစေရန် လုံလောက်သော အရည်အသွေးရှိရမည်။"* မြိုင်ကြီးငူဒေသရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် သန့်ရှင်းသောရေမရရှိပေ။ အချို့သောသူများသည် ရေအားကျိုချက်သောက်သုံးရမည်ကိုသိသော်လည်း လုပ်လေ့လုပ်ထမရှိပေ။

အချို့သောပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ရေကိုသန့်စင်ရန်အတွက် ၎င်းတို့ကိုယ်တိုင် ရေသန့်စင်သည့်စနစ်များကို အသုံးပြုကြသည်။ အေးလင်းသာယာကွင်းစခန်းမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူ အမျိုးသားတစ်ဦးက *"တစ်ခါတစ်လေ လူတွေအများကြီးလာပြီး ရေတွင်းကနေ ရေလာဆွဲကြရတယ်။ အဲ့ဒီလို လူအများကြီးကလာဆွဲတော့ ရေတွေကနောက်ကုန်တယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ အဲ့ဒီရေကိုအဝတ်နဲ့စစ်ပြီးသောက်ကြတာပဲ။"* အေးလင်းသာယာကွင်းစခန်းမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက ၎င်းအနေနှင့် စခန်းကြီးကြပ်ရေးမှူးတစ်ဦးမှ ရေကိုဆေးပြားဖြင့် သန့်စင်သည်ကိုတွေ့ဖူးကြောင်းပြောပြခဲ့သည်။ သို့သော်အများအားဖြင့် ရေစစ်နှင့် စစ်ထားသော ရေကိုသာ သောက်သုံးကြကြောင်း ပြောခဲ့သည်။

ပြည်တွင်းနေရပ် ရွှေ့ပြောင်းနေထိုင် ကြသူများအနေဖြင့် မိုးတွင်းအချိန်ကာလ အထူးသဖြင့် ရေကြီးပြီးနောက်ပိုင်းအချိန်များတွင် ရေ၏အရည်အသွေးအတွက် စိုးရိမ်ကြရသည်။ အေးလင်းသာယာကွင်းစခန်းမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက *"ရေကြီးပြီးတဲ့နောက်မှာ လူတွေက ရေတွင်းကရေတွေညစ်ပတ်ပြီး မသန့်တော့မှာကို စိုးရိမ်ကြတယ်။ ဒါကြောင့် ကျွန်မတို့က ရေကိုသန့်စင်ဖို့ ဆေးပြားထည့်ပြီး ကျိုကြ တယ်။"*



ပြည်တွင်းနေရပ်ရွှေ့ပြောင်း နေထိုင်သူတစ်ဦးသည် ညနေစာချက်ရန်အတွက် ရေဘူးကြီးတစ်ဘူးကိုသယ်ဆောင်၍ အိမ်သို့ပြန်လာနေသောပုံဖြစ်ပါသည်။ *[ဓာတ်ပုံ- KHRG]*

စခန်းများအားလုံးတွင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ကျန်းမာရေးအတွက် အန္တရာယ်ရှိသော သံလွင်မြစ်ရေအား မှီခိုရကြောင်း ပြောခဲ့သည်။ အနီးအနားတွင် ရေတွင်းများမရှိသည့်အတွက် ထိုသို့အသုံးပြုရခြင်းဖြစ်သည်။

မာလာယုစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူအမျိုးသား

[19] ၁၉၉၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော UNHCR ၏ "Water Manual for Refugee Situations" တွင်ကြည့်ပါ။

တစ် ဦးက *"ဒီမှာရေတွင်း တွေရှိပေမယ့် အရမ်းဝေးတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ သံလွင်မြစ်ကနေ ရေကိုယူပြီး သောက်ရေလုပ်ဖို့စစ်ရတယ်။"* ရေကိုဤသို့ အသုံးပြုခြင်းသည် အန္တရာယ်ရှိသည်။

အဘယ်ကြောင့်ဆိုသော် မာလာယုစခန်းမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူများက သံလွင်မြစ်ထဲသို့ မစင်စွန့်ခြင်း၊ ကလေးအညစ်အကြေးခံပစ္စည်းများ၊ အမျိုးသမီးလစဉ်သုံးဂွမ်းထုပ်များနှင့် အခြား စွန့်ပစ်ပစ္စည်းများအား သံလွင်မြစ်ထဲသို့ စွန့်ပစ်ကြောင်းကို တင်ပြခဲ့ကြသည့်အတွက်ဖြစ်သည်။ မစင်မှဖြစ်ပွားသော ပိုးမွှားများကြောင့်ဖြစ်သည့် ရေညစ်ညမ်းမှုသည် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ အားအသားဝါရောဂါ၊ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါ၊ အူရောင်ငန်းဖျားရောဂါနှင့် အရေပြားရောဂါစသည့် ရေညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်သောရောဂါများအား ကူးစက်စေခြင်းဖြင့် ဆိုးရွားသည့် ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်သည်။

## လုံလောက်မှုမရှိသော မိလ္လာစနစ်

*"ကျွန်တော်တို့အိမ်သာသွားဖို့အဝေးကြီးသွားရတယ်။ တချို့လူတွေက မထိန်းနိုင်ကြတဲ့အခါကျတော့ အိမ်သာသွားတဲ့ လမ်းတစ်ဝက်မှာတွင် အလေးစွန့်ကြတယ်။ တစ်ခါတစ်လေ အိမ်သာရောက်ရင် လည်း ကိုယ့်ကိုယ်ကိုသန့်စင်ဖို့နဲ့ ရေလောင်းချဖို့ရေမရှိဘူး။ အဲ့ဒီအခါကျရင် ရေကို အပြေးအလွှားရှာရ ပြန်ရော။ တကယ်လို့ ကျွန်တော်တို့အိမ်တွေနဲ့နီးတဲ့ အိမ်သာတွေရှိမယ်ဆို အရမ်းအဆင်ပြေမယ်။"*

(အေးလင်းသာယာကွင်းစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦး )

Sphere Standards (စဖီးယား၏စံချိန်စံနှုန်း) အရ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများ အနေဖြင့် *"လျင်လျင်မြန်မြန်၊ လုံလုံခြုံခြုံနှင့် လိုအပ်သည့်အချိန်တွင် အသုံးပြုနိုင်မည့် လုံလောက်သော၊ သင့်လျော်သော၊ လက်ခံနိုင်လောက်သောအိမ်သာများ အချိန်တိုင်းရှိရမည်။"* လူအယောက် ၂၀ အတွက် အိမ်သာအနည်းဆုံး တစ်လုံးရှိရမည်ဖြစ်ပြီး နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများ၏ နေအိမ်များမှ အနည်းဆုံးမီတာ ၅၀၀ အကွာတွင်ရှိရမည်။ အများစုမှာ နှစ်နှစ်ကျော်ကြာ ပြည်တွင်း ရွှေ့ပြောင်းနေထိုင်လာကြသည့်အတွက် မြို့ကြီးငှေဒေသတွင်ရှိသောနေရပ်ရွှေ့ပြောင်း နေထိုင်သူများ အတွက် လုံခြုံ၍သန့်ရှင်းသော အိမ်သာများမရှိခြင်းသည် ပြဿနာကြီးတစ်ခုဖြစ်သည်။ ဒုက္ခသည် များဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံး UNHCR ၏ အရေးပေါ်လမ်းညွှန်စာအုပ် (Emergency Handbook) တွင် ယခုအခြေအနေကဲ့သို့ နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းများတွင် အိမ်ထောင်စုတစ်စု တိုင်းကို ကျန်းမာရေးနှင့်ညီညွှတ်သောအိမ်သာများ ပေးရမည်ဟုဖော်ပြထားသည်။ [20]

---

[20] ၂၀၁၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော UNHCR ၏ "Handbook for Emergencies" မှ 'Camp Planning Standards (planned settlements)' အခန်းကို ကြည့်ပါ။

## ကျန်းမာရေးနှင့် မညီညွတ်သော လုံခြုံမှုမရှိသော အများသုံးအိမ်သာများ



အေးလင်းသာယာကွင်းစစ်ပြေးရှောင်စခန်းရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ အသုံးပြုသော ယာယီအိမ်သာတစ်လုံး၏ပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းမှုပြုခဲ့သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများမှ ၂၇ ရာခိုင်နှုန်းသည် ကိုယ်ပိုင်အိမ်သာရှိသူများဖြစ်သည်။ ကျန်သောပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများမှာ အများသုံးအိမ်သာကို မှီခိုနေကြရသူများဖြစ်သည်။ ဤစခန်းများတွင် နေထိုင်ကြသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ ၃၈ ရာခိုင်နှုန်းက အများသုံးအိမ်သာများသည် ၎င်းတို့နှင့်အလွန် ဝေးကြောင်းပြောပြခဲ့သည်။ ထိုအခြေအနေကိုအေးလင်းသာယာစခန်းမှပြည်တွင်း နေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက ယခုလိုရှင်းပြခဲ့သည်။ *"အိမ်သာတွေဆီ ကျွန်တော်တို့ လမ်းလျှောက်သွားမယ်ဆို မိနစ်သုံးဆယ်လောက် ဝေးတယ်။ ဒါကြောင့် ကလေးတွေဆို ညအချိန်အိမ်သာသွားဖို့အခက်အခဲရှိတယ်။"* အများသုံးအိမ်သာများတွင်မီးမရှိသကဲ့ သို့ညအချိန် အိမ်သာသို့လမ်းလျှောက်သွားမည့်သူများအတွက်လည်း လမ်းမီးမရှိပါ။ ထိုအတွက် ကလေးများနှင့်အမျိုးသမီးများအတွက် မလုံခြုံမှုဖြစ်စေပါသည်။ အေးလင်းသာယာကွင်းစခန်းမှ အမျိုးသမီးတစ်ဦးက *"အိမ်သာတွေကကျွန်မတို့အိမ်နဲ့အရမ်းဝေးတယ်။ အဲ့ဒါကြောင့် ညဖက်တစ်ယောက်ထဲသွားရမယ်ဆို မလုံခြုံဘူးလို့ခံစားရတယ်။ တကယ်လို့ ကျွန်မတို့အိမ်နဲ့နီးတဲ့ အိမ်သာတွေရှိမယ်ဆို ပိုပြီးအဆင်ပြေမယ်။"* ဤပြဿနာကိုဖြေရှင်းရန်အတွက်အမျိုးသမီးများသည်ညအချိန်အိမ်သာသို့သွားသည့်အခါအဖွဲ့လိုက်သွားကြသည်။ အခြားအမျိုးသမီးတစ်ဦးက *"အများသုံးအိမ်သာကဝေးပေမဲ့ လုံအောင်ပိတ်ဖို့တံခါးလေးတော့ရှိတယ်။ ဒါပေမဲ့ ကျွန်မတို့ညခင်းတစ်ယောက် ထဲသွားဖို့ကြောက်တဲ့အခါ တစ်ယောက်ယောက်ကို ကျွန်မတို့နဲ့ အဖော်လိုက်ခိုင်းတယ်။ အတူတူသွားတော့ တစ်ယောက်နဲ့တစ်ယောက်ကူညီရာရောက်တာပေါ့။"*

ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများတွင် တစ်ဝက်က အများသုံးအိမ်သာများတွင် ရေလောင်းချရန်အတွက် ရေနှင့်ရေပုံးများမရှိကြောင်း ပြောခဲ့သည်။ အများစုကအများသုံးအိမ်သာ၏ မသန့်ရှင်းမှုများအကြောင်းတိုင်ကြားကြသည်။ မြပန်းဝတ်မှုံစခန်းမှ အမျိုးသားတစ်ဦးက *"ကျွန်တော်တို့ကတော့ အဲ့ဒီညစ်ပတ်တဲ့ အများသုံးအိမ်သာအစား ကျောင်းဝန်းထဲက အိမ်သာကိုသွားတယ်။ ကျောင်းအိမ်သာမှာဆိုရေလောင်းချဖို့ ရေပုံးနဲ့ရေသယ်ရပေမယ့် ဆပ်ပြာတော့ရှိတယ်။"* မာလာယုစခန်းတွင်နေထိုင်သော အမျိုးသားတစ်ဦးက *"မိုးရာသီအချိန်ဆိုရင် အိမ်သာထဲမှာကော အိမ်သာဝန်းကျင်မှာပါ မျှော့တွေအများကြီးပဲ။ တကယ်လို့ ကျွန်တော်တို့ ဒီစခန်းထဲမှာ အချိန်ကြာကြာနေရမယ်ဆိုရင် မိသားစုတစ်စုစီမှာ အိမ်သာတစ်လုံးစီရှိဖို့လိုတယ်။ အများသုံးအိမ်သာက ဒီလူမှုပတ်ဝန်းကျင်အတွက် မသန့်ရှင်းဘူး။"*

မေးခွန်းဖြေကြားသူများက အများသုံးအိမ်သာများတွင် ဆပ်ပြာနှင့်သန့်ရှင်းရေး ပစ္စည်းများမရှိသည့် အတွက် မြိုင်ကြီးငူဒေသတွင် ကူးစက်ရောဂါများကို ပိုမိုဖြစ်စေနိုင်ကြောင်းတင်ပြခဲ့သည်။ *“ကျွန်မတို့ အရင်ကဆို အိမ်သာရေဆေးချဖို့ ပုံးတွေရှိတယ်။ ဒါပေမယ့်မနှစ်ကရေတက်တဲ့အချိန်မှာ ပစ္စည်းတွေ အားလုံး ပျောက်ကုန်တယ်။”* ဤသို့ အများသုံးအိမ်သာများ၏ မသန့်ရှင်းမှုများက အချို့သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများကို အပြင်တွင်ဖြစ်သလို အလေးစွန့်ရန် တွန်းအားပေးမှုဖြစ်စေပါသည်။ အေးလင်းသာယာကွင်းစခန်းမှ အမျိုးသမီးတစ်ဦး၏ ပြောကြားချက်အရ *“တစ်ချို့လူတွေက အများသုံးအိမ်သာကိုမသုံးကြဘူး။ ဘာကြောင့်လဲဆိုတော့ဒေသခံတွေကိုရောဂါပိုးတွေကူးစက်စေနိုင်တယ်။ စခန်းထဲကိုရောက်လာတဲ့သူတချို့က စခန်းကအိမ်သာတွေကိုမြင်တော့ အိမ်သာရဲ့အခြေအနေကြောင့်အိမ်သာကိုသုံးဖို့ စိုးရိမ်ကြတယ်။”*

## အညစ်အကြေးစွန့်ပစ်ရန် သီးသန့်နေရာမရှိခြင်း

မာလာယုစခန်းတွင် ၇၃ ရာခိုင်နှုန်းသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများက ၎င်းတို့တွင် အိမ်သာမရှိကြောင်း တင်ပြခဲ့ကြသည်။ ထိုသူများအနေဖြင့် အခြားရွေးချယ်စရာမရှိသောကြောင့် အနီးအနားရှိ ခြုံတောများ သို့မဟုတ် သံလွင်မြစ်ကိုသာ အသုံးပြုကြရတော့သည်။ ဤသို့ ပြုလုပ်ခြင်းကြောင့် မစင်မှပိုးမွှားများ ရေထဲသို့ သို့မဟုတ် အစားအသောက်များအတွင်း ဝင်ရောက်နိုင်သည့် အခြေအနေများကို ပိုမိုများပြားလာစေသည်။ ဒုက္ခသည်များဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံး (UN-HCR)၏တင်ပြချက်အရအချိန်ကြာမြင့်စွာနေရပ်ရွှေ့ပြောင်းနေထိုင်မှုတွင်မစင်ကြောင့်ရေညစ်ညမ်းမှုသည် သန့်ရှင်းသောရေလုံလောက်စွာ ရရှိရေးအတွက် အဆိုးရွားဆုံးသောအန္တရာယ်ပင်ဖြစ်သည်။[21]

## ဆပ်ပြာထောက်ပံ့ခြင်း။ ။အချိန်ကြာမြင့်စွာ နေရပ်ရွှေ့ပြောင်းနေထိုင်မှုများတွင် တွေ့ရှိရသော ကျန်းမာရေးအန္တရာယ်

မြိုင်ကြီးငူဒေသရှိ နေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် လုံလောက်သည့် ရေချိုးရန်အခွင့်အရေးများ ရရှိရန်မလွယ်ကူပေ။ ထို့ပြင် အမျိုးသမီးများ၏ လုံခြုံရေးအတွက် စိုးရိမ်စရာများလည်းရှိပါသည်။ စခန်းများဆောက်လုပ်ရာတွင် လိုအပ်သည့် ဒုက္ခသည်များဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံး (UN-HCR) ၏ အနိမ့်ဆုံးစံနှုန်းများတွင် *“အမျိုးသားနှင့် အမျိုးသမီးများအတွက် သီးခြားဆောက်လုပ်ထားသော ရေစီးဆင်းမှုအားကောင်းသည့် ရေချိုးရန်နေရာများရှိသင့်သည်။”*[22] မြိုင်ကြီးငူဒေသတွင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် သံလွင်မြစ်ထဲတွင် သို့မဟုတ် စခန်းအနီးရှိရေတွင်းများတွင် ရေချိုးလေ့ရှိသည်။ မာလာယုစခန်းက အမျိုးသမီးတစ်ဦးက *“ကျွန်မတို့ကတော့ အိမ်ဘေးက ရေတွင်းမှာပဲရေချိုးတယ်။ တခြားလူတွေကတော့ မြစ်ထဲမှာသွားပြီး ရေချိုးအဝတ်လျှော်တာတွေလုပ်တယ်။”*

[21] ၁၉၉၂ခုနှစ်တွင် ထုတ်ဝေခဲ့သော UNHCR ၏ “Water Manual for Refugee Situations” တွင်ကြည့်ပါ။

[22] ၂၀၁၅ခုနှစ်တွင် ထုတ်ဝေခဲ့သော UNHCR ၏ “Handbook for Emergencies” မှ ‘Camp Planning Standards (planned settlements)’ အခန်းကို ကြည့်ပါ။



အေးလင်းသာယာကွင်းစစ်ပြေးရှောင်စခန်းတွင် နေထိုင်ကြသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ရေချိုးရန်အတွက် ဤရေကန်အား အသုံးပြုကြသည်။ *[ဓာတ်ပုံ- KHRG]*

အကြမ်းအားဖြင့် ၄၅ ရာခိုင်နှုန်းသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများက ၎င်းတို့တွင်ဆပ်ပြာမရှိကြောင်းနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် လုံလောက်သည့်ဆပ်ပြာမရှိကြောင်း ပြောခဲ့သည်။ အေးလင်းသာယာကွင်းစခန်းမှ အမျိုးသားတစ်ဦးက လွန်ခဲ့သည့် နှစ်နှစ်ခန့်မှစတင်၍ ဆပ်ပြာပေးဝေခြင်း မရှိတော့ကြောင်းပြောခဲ့သည်။ အခြားသော အမျိုးသား တစ်ဦးကလည်း *"ကျွန်တော်တို့ ဆပ်ပြာဝေတာ ပုံမှန်မရဘူး။ နောက်ဆုံးတစ်ခေါက် ဝေတာကရေကြီးတုန်းက။ ကျွန်တော်တို့အဲ့ဒီဆပ်ပြာကို ချွေတာသုံးတော့ ခုထိအဲ့ဒီဆပ်ပြာကို သုံးနေတုန်းပဲ။"*

ဆပ်ပြာအား ချွေတာသုံးခြင်းသည် မြိုင်ကြီးငူစခန်းမှ ဒုက္ခသည်စခန်းများအားလုံး ကျင့်သုံးနေသည့် အလေ့အထဖြစ်သည်။ အေးလင်းသာယာကွင်းစခန်းမှ အမျိုးသမီးတစ်ဦးက *"ဆပ်ပြာတစ်တုံးကို သုံးလေးလ လောက်အောင်ကျွန်မသုံးတယ်။ တစ်ခါတစ်လေ ဆပ်ပြာမှုန့်ဝေတာတွေရှိတယ်။ ဒါပေမယ့် အဲ့ဒါကို ချွေတာသုံးရတယ်။ တစ်ခါတစ်လေ သူများလာမဝေတဲ့အချိန် ကိုယ်မှာလည်းဝယ်ဖို့ ငွေမရှိဘူး။ ဒါကြောင့် ရထားတဲ့ဆပ်ပြာကို ကျွန်မသိမ်းထားရမယ်။ ကျွန်မကလေးတွေရဲ့ အဝတ်တွေလျှော်ဖို့ ဆပ်ပြာမှုန့်နည်းနည်းပဲကျွန်မသုံးတယ်။"* မာလာယုစခန်းမှ အမျိုးသမီးတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ဤသို့ပြောခဲ့သည်။ *"ဆပ်ပြာမရှိတဲ့အခါ ကျွန်မတို့အနေနဲ့ ကိုယ့်ကိုကိုယ်တိုက်ချွတ်သန့်စင်ဖို့ ဘာမှမသုံးဘူး။ ကျွန်မတို့ ရေနဲ့ပဲရေချိုးတယ်။"*

မေးခွန်းဖြေကြားသူအများစုက ဆပ်ပြာနှင့်ဆပ်ပြာမှုန့်များဝယ်ရန် ဖြစ်နိုင်သော်လည်း ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများတွင် ငွေမရှိပေ။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူနှစ်ဦးသာလျှင် လိုအပ်သော ဆပ်ပြာအား ကိုယ်တိုင်ဝယ်ယူအသုံးပြုကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့သို့ ဖြေကြားခဲ့သည်။

## စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (မရှိခြင်း)

Sphere Standards (စဖီးယားစံချိန်စံနှုန်း) အရ နေရပ်ရွှေ့ပြောင်းနေထိုင်သည့် စခန်းများသည် အမှိုက်ပုံကင်းစင်သည့် နေရာများဖြစ်ရမည်။ *"ရှင်သန်ကြီးထွားလျက်ရှိသော သဘာဝပတ်ဝန်းကျင်အားညစ်ညမ်းမှုမရှိစေရန်အတွက် အမှိုက်များအား အန္တရာယ်ကင်းသည့် နေရာများတွင်ထားရမည်။"* မြိုင်ကြီးငူဒေသရှိ နေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများတွင် စနစ်ကျသည့် အမှိုက်စွန့်ပစ်ရေး စနစ်မရှိပါ။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သော နေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးမှ စနစ်ကျသောအမှိုက်သိမ်းစနစ်နှင့် စွန့်ပစ်မှုစနစ်အကြောင်းကို ပြောကြားသွားခြင်းမရှိပေ။



မြပန်းဝတ်မှုံစစ်ပြေးရှောင်စခန်းရှိ စွန့်ပစ်ပစ္စည်းများကို သံလွင်မြစ်ချောင်းကမ်းနားတွင် စုပုံထားကြသောပုံဖြစ်သည်။*[ဓာတ်ပုံ- KHRG]*

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများအားလုံးတွင် ၎င်းတို့၏အမှိုက်များအား နီးစပ်ရာတောစပ် သို့မဟုတ် သံလွင်မြစ်တွင်းသို့ ပစ်ချကြကြောင်းကို မေးခွန်းဖြေကြားသူများက ဖြေကြားခဲ့သည်။ အကောင်းဆုံးလုပ်ဆောင်မှုမှာ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏အိမ်များတွင် အမှိုက်များအား အိတ်ဖြင့် သေချာစွာထုတ်ပိုးထားခြင်းဖြစ်ပြီး အနီးနားပတ်ဝန်းကျင်တွင်စွန့်ပစ်ခြင်းဖြစ်သည်။ *"ကျွန်တော်တို့အမှိုက်ကို ကိုယ့်ဟာကိုယ်အိတ်ထဲမှာ စုသိမ်းထားတယ်။ ပြည့်လာတဲ့အခါကျရင်တောထဲမှာ သွားပစ်လိုက်တယ်။"* မြပန်းဝတ်မှုံစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက *"အိမ်တိုင်းမှာ အမှိုက်တောင်းရှိတယ်။ အမှိုက်အိတ်ပြည့်တဲ့အခါကျရင်သံလွင်မြစ်ထဲမှာ သွားပစ်လိုက်တယ်။"* ဤသို့လုပ်ဆောင်ခြင်းသည် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ပြဿနာဖြစ်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူအများစုမှာ သောက်သုံးရေအတွက် သံလွင်မြစ်ကို မှီခိုနေကြရသည်။ အဆိုးဆုံးမှာ ကလေးအညစ်အကြေးခံပစ္စည်း၊ အမျိုးသမီးလစဉ်သုံးဂွမ်းထုပ်များနှင့် လူသားတို့၏အညစ်အကြေးများအပါအဝင် လူတစ်ဦးချင်းစီ၏အမှိုက်များအား မြေပေါ်တွင် စုပုံထားကြခြင်းဖြစ်သည်။

## ခ။ အစားအစာနှင့် အာဟာရ

*"ဆန်ဖြစ်ပါတယ်။ ကျွန်မတစ်ခုပြောပြမယ်။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတွေဖြစ်တဲ့အတွက် ကျွန်မတို့လိုအပ်တာတွေ အများကြီးပဲ။ ဒါပေမယ့် ကျွန်မတို့သူတို့ကိုမပြောဘူး။ တကယ်လို့ ဆုံးဖြတ်ချက်ချမယ့်သူတွေကို ပြောပေးမယ်ဆိုရင် သူတို့ကို ကျွန်မတို့ဘာအကူအညီမဆိုလိုအပ်တယ်ဆိုတာ ပြောပြပေးပါ။ ဒါပေမယ့် များသောအားဖြင့်တော့ ကျွန်မတို့ စားစရာလိုတယ်။ ကျွန်မတို့ လိုအပ်တာတွေ အများကြီးပဲ။ စာရင်းတောင်လုပ်လို့မနိုင်ဘူး။"*

(အေးလင်းသာယာကွင်းမှနေပြည်တွင်းရပ်ရွှေ့ပြောင်းနေထိုင်သူ အမျိုးသမီးတစ်ဦး)

### စားနပ်ရိက္ခာ မလုံလောက်ခြင်း

Sphere Standards (စဖီယားစံနှုန်း) အရ နေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် *"၎င်းတို့၏အသက်ရှင်ရပ်တည်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ၎င်းတို့၏ပိုင်ဆိုင်မှုများအား ရေတိုက်စားခြင်းမှကာကွယ်ရန် နှင့် ခံနိုင်ရည်ရှိမှုတို့အားတည်ဆောက်ရန်အတွက် အစားအသောက်ထောက်ပံ့မှုရရှိရန် လိုအပ်သည်။"*

မြန်မာအစိုးရအနေဖြင့် ၅၀ ကီလိုဂရမ်အလေးချိန်ရှိ ဆန်အိတ် ၁၇၇၀ အိတ်အား မြိုင်ကြီးငူဒေသရှိ ပြည်တွင်း နေရပ်ရွှေ့ပြောင်းနေထိုင်သူများစခန်းသို့ သုံးလတစ်ကြိမ် ထောက်ပံ့လျက်ရှိသည်။ ဆိုလိုသည်မှာ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ ၅၆၁၀ ဦးတွင် လူတစ်ဦးသည် နေ့စဉ် ဆန် ၁၇၀ ဂရမ် လက်ခံရရှိလျက်ရှိသည်။ ထိုပမာဏသည် အရွယ်ရောက်သူ လူကြီးတစ်ဦး၊ ၎င်း၏ ကိုယ်အလေးချိန်ကိုထိန်းရန်အတွက် နေ့စဉ်လိုအပ်သည့် ကယ်လိုရီပမာဏ၏ဆယ်ရာခိုင်နှုန်းသာရှိသည်။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် အခြေခံအာဟာရဓါတ် လုံလောက်စွာရရှိစေရှိရန် အစိုးရမှဆောင်ရွက်ပေးသင့်သည်။ ၂၀၁၈ ခုနှစ်၊ နိဝင်ဘာလတွင် မြိုင်ကြီးငူဒေသအား ကရင်လူ့အခွင့်အရေးအဖွဲ့မှ သွားရောက်ခဲ့စဉ်က စခန်းကြီးကြပ်သူများသည် ဆရာတော်ဦးသုဇနပျံလွန်တော်မူပြီးနောက်ပိုင်းတွင် ၎င်းတို့အတွက် ရိက္ခာများမရှိတော့မည်ကို စိုးရိမ်နေကြလျက်ရှိသည်။

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ဆန်အပြင် ဆီ၊ ကြက်သွန်၊ ငရုတ်သီးမှုန့်၊ ဆား၊ ပဲဝါနှင့် အချိုမှုန့်တို့ကိုလည်း လက်ခံရရှိကြသည်။ ထိုပစ္စည်းများ၏ပမာဏမှာ အမျိုးမျိုးဖြစ်ပြီး ပေးဝေသည့်နေ့ရက်မှာ တစ်သမတ်တည်းမဟုတ်ပေ။ ၎င်းတို့ရရှိသည့် စားနပ်ရိက္ခာအထောက်အပံ့များသည် အသီးအနှံများ၊ သစ်သီးများ၊ ပြောင်း၊ ပရိုတင်းနှင့် နို့ထွက်ပစ္စည်းများအား ပုံမှန်စားသောက်မှုမရရှိမည့် အာဟာရညီမျှမှုအတွက် လုံလောက်မှုမရှိပေ။

ဖြည့်စွက်စာမပါပဲ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေဖြင့် မရှိမဖြစ်လိုအပ်သောဗီတာမင်နှင့် အခြားသတ္တုဓါတ်များမရရှိနိုင်ပေ။ ၎င်းတို့ရရှိသည့် ရိက္ခာပမာဏနှင့်လည်း များစွာသက်ဆိုင်လျက်ရှိသည်။ တွေ့ဆုံမေးမြန်းမှုအားဖြေကြားခဲ့သော ပြည်တွင်းနေရပ်ရွှေ့ပြောင်း နေထိုင်သူများတွင် ၅၆ ရာခိုင်နှုန်းက စားနပ်ရိက္ခာပြတ်လပ်မှုကြောင့် ၎င်းတို့အနေဖြင့် ဆာလောင်မွတ်သိပ်ခဲ့ရဖူးကြောင်း တင်ပြခဲ့သည်။ မြိုင်ကြီးငူစခန်းမှ ကော်မတီဝင်များသည် ဆရာတော်ဦးသုဇန ပျံလွန်တော်မူပြီးနောက်တွင် လှူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ ပိုမိုလျော့နည်းလာမည်ကို စိုးရိမ်ကြလျက်ရှိသည်။ အချိန်ကြာမြင့်စွာ ရွှေ့ပြောင်းခံထားရသည့် အခြေအနေတွင် စားနပ်ရိက္ခာမလုံလောက်မှုသည် ဒေသခံများ၏ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအား များစွာထိခိုက်မှုရှိစေပါသည်။

၎င်းတို့လက်ခံရရှိထားသော စားနပ်ရိက္ခာအနည်းငယ်သည် လုံလောက်မှုမရှိသဖြင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများသည် ဟင်းသီးဟင်းရွက်များရှာဖွေရန်အတွက် အနီးအနားရှိတောတွင်းသို့မဟုတ် ကျေးရွာများတွင် ဟင်းသီးဟင်းရွက်များရှာဖွေရန် စခန်းအပြင်ဘက်သို့ထွက်ကြရသည်။ ထိုနေရာများသည် လက်နက်ကိုင်အဖွဲ့များနှင့် မြေမြှုပ်မိုင်းများရှိသဖြင့် ၎င်းတို့အတွက် အသက်အန္တရာယ်ရှိစေနိုင်သည်။ မာလာယုစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ အမျိုးသားတစ်ဦးက ဤသို့ရှင်းပြခဲ့သည်။ *"တချို့က သူတို့ရဲ့လယ်တွေမှာပြန်ပြီး အလုပ်လုပ်ကြတယ်။ တချို့ကြတော့ တောထဲသွားပြီး ဟင်းသီးဟင်းရွက်ရှာကြတယ်။ ကျွန်တော်တို့အားလုံး ကိုယ့်ဟာနဲ့ကိုယ်ရှာစားကြရတာပဲ။ ကျွန်တော်တို့ရိက္ခာရရင် အဲ့ဒါကို စားတယ်။ ရိက္ခာမရတဲ့အခါမှာ စားရဖို့အတွက်ကျွန်တော်တို့ လိုက်ရှာ နေရပါတယ်။"* ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် စားစရာရှာဖွေရန်အတွက် အန္တရာယ်ရှိသောနေရာသို့ မသွားလာသင့်ပေ။

အချို့သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့၏ ဝမ်းစာဖြည့်ရန်အတွက် အစားအသောက်ဝယ်ယူ စားသောက်နိုင်ကြသည်။ *"တကယ်လို့သာ ငါတို့ရွာထဲမှာနေရင် အသီးအနှံဝယ်စရာမလိုဘူး။ ဒီမှာတော့ ကျွန်တော်တို့ အသီးအနှံမရှာနိုင်ဘူး။ အဲ့ဒါကြောင့် အကုန်ဝယ်စားရတယ်။"*



မာလာယုစစ်ပြေးရှောင်စခန်းရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့နေထိုင်သည့် ယာယီတဲအိမ်များနားတွင် စိုက်ပျိုးထားသောဘူးသီးပင် များ၏ပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

ဤနည်းလမ်းမှာ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူအများစု အသုံးပြုနိုင်သည့်နည်းလမ်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မြို့ကြီးရှု ဒေသတွင် ၎င်းတို့အတွက် ဝင်ငွေအခွင့်အလမ်းမရှိသည့် အတွက်ဖြစ်သည်။ မာလာယုစခန်းတွင် နေထိုင်သောပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ အမျိုးသမီးတစ်ဦးက *"ဟုတ်တယ်။ ကျွန်မတို့ဆီမှာ ဟင်းဝယ်စားဖို့ ငွေရှိတဲ့အချိန်ဆိုရင်တော့ စားရတာပေါ့။"*

စားနပ်ရိက္ခာထောက်ပံ့မှုမရှိခြင်းသည် ကလေးများအပေါ်လည်း သက်ရောက်မှုများရှိသည်။ အေးလင်းသာယာကွင်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦး၏ ပြောကြားချက်အရ *"ကျွန်တော်တို့ တစ်နေ့ကို ထမင်းနှစ်ခါပဲ ယူခွင့်ရှိတယ်။ ကျောင်းတက်တဲ့ ကလေးတွေ ကတော့ နေ့လည်စာ စားချိန်ရှိလို့ သုံးခါယူခွင့်ရှိတယ်။ တခြား ဘာအစားအစာမှမရှိဘူး။ အဲ့ဒါကြောင့် သူတို့နေ့လည်စာကို ထမင်းပဲစားတယ်။"* ထမင်းဖြူဆိုသည်မှာ လုံလောက်သည့်အာဟာရမရှိပေ။ ထို့အပြင် ဖွံ့ဖြိုးဆဲကလေးသူငယ်များအတွက် ထမင်းဖြူဆိုသည်မှာ လုံလောက်သည့် နေ့လည်စာမဟုတ်ပေ။

## အထူးအကူအညီလိုအပ်သောသူများအတွက် စီမံထားသော စားနပ်ရိက္ခာမရှိခြင်း

The Sphere Handbook (စဖီးယားလက်စွဲစာအုပ်) မှ ရိက္ခာလုံလောက်မှုဆန်းစစ်ချက်နှင့် အဟာရချိတ် ဆန်းစစ်ချက်များအရေးကြီးကြောင်းဖော်ပြထားပါသည်။ ၎င်းတို့မှာ အစားအစာလုံလောက်မှု၏ အခြေအနေကို ဖော်ထုတ်ရန်၊ သက်ရောက်ခံစားရမည့်သူများအား ဖော်ထုတ်ရန် သင့်လျော်သည့် ပြင်ဆင်မှုများပြုလုပ်ရန်နှင့် အာဟာရချို့တဲ့မှုပုံစံများ၊ ပမာဏများနှင့် အခြေအနေများကို ဖော်ထုတ်ရန်အတွက် စစ်တမ်းကောက်ယူရန် စသည်တို့ပါဝင်ပါသည်။

ထိုသို့စစ်တမ်းကောက်ယူနိုင်ရန်အတွက် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုအကူအညီပေးသောအဖွဲ့များအနေဖြင့် စခန်းအတွင်းသို့ ဝင်ထွက်ခွင့်ရနိုင်ရန် အခက်အခဲများရှိနေခြင်းနှင့် ဒေသခံစခန်းစီမံခန့်ခွဲရေးမှာလည်း လိုအပ်သည့်နည်းပညာမရှိသည့်အတွက် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည့် လူဦးရေ ၅၆၁၇ ထဲတွင် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများအတွက် ပြည့်စုံသည့်စစ်တမ်းကောက်ယူခြင်းများမရှိခဲ့ခြင်းကြောင့် အခက်အခဲများနှင့်ရင်ဆိုင်ကြရပါသည်။ ထိုအခက်အခဲများကြောင့် ပြီးပြည့်စုံသည့် စားနပ်ရိက္ခာလုံလောက်မှုဆိုင်ရာစစ်တမ်း သို့မဟုတ် အာဟာရစစ်တမ်း မကောက်ယူနိုင်သည့်အတွက် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့ပေးသူများအနေဖြင့် အာဟာရညီမျှမှုမရှိသော၊ အာဟာရချို့တဲ့သော၊ ဗီတာမင်မပြည့်ဝသောလူဦးရေအား မခန့်မှန်းနိုင်ပေ။



မာယာယုစစ်ပြေးရှောင်စခန်းတွင် ယာယီတဲအိမ်တစ်လုံး၏ မီးဖိုချောင်တွင်ရှိသော UNHCR နှင့် အခြားအလှူရှင်များ လှူထားသည့် စားနပ်ရိက္ခာများ၏ပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

အခြားသော ကာလကြာရှည်စွာ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများကြုံတွေ့ရလေ့ရှိသည့်အတိုင်း မြိုင်ကြီးငူမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေဖြင့် မြိုင်ကြီးငူဒေသတွင် နှစ်နှစ်ကျော်ကြာနေထိုင်ခဲ့ရသည့်အတွက် ကိုယ်ဝန်သည်များ၊ နို့တိုက်မိခင်များနှင့် ကလေးသူငယ်များသည် အာဟာရချို့တဲ့မှုဒဏ်ကို ခံစားကြရသည်။ မြိုင်ကြီးငူမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများအရ ရိက္ခာထောက်ပံ့မှုများအား ဒေသခံအဖွဲ့ အသီးသီး၏လိုအပ်ချက်အပေါ် မူတည်၍ ဦးတည်ပေးခြင်းမဟုတ်ကြောင်း တွေ့ရှိရသည်။ အဓိကအကြောင်းအရင်းမှာ ရိက္ခာများအား အိမ်ထောင်စု၏လူဦးရေပေါ် မူတည်၍ ပေးခြင်းမဟုတ်၍ပေ။ ကလေးများစွာရှိသော အိမ်ထောင်စုများမှ ရိက္ခာလုံလောက်စွာမရကြောင်း တင်ပြခဲ့ကြသည်။ မာလာယုစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ အမျိုးသားတစ်ဦးက *"လူဦးရေများတဲ့ အိမ်ထောင်တွေဆိုရင်တော့ ဘာစားစရာမှကျန်တော့မှာမဟုတ်ဘူး။ ကျွန်တော်တို့မှာတော့ နည်းနည်းရှိသေးတယ်။ ဒါပေမယ့် အဲ့ဒါကမလုံလောက်ဘူး။ ကျွန်တော်တို့အတွက် အစားအသောက်တွေ ထပ်ဝယ်ရသေးတယ်။ ကျွန်တော်တို့ဆန်ရတယ်။ ဒါပေမယ့် ဟင်းသီးဟင်းရွက်တွေ ဘာတွေမရဘူး။ အဲ့ဒါကြောင့် ဒါတွေကိုကျတော့ ကျွန်တော်တို့ ကိုယ့်ဟာကိုယ်ရှာရတယ်။"* Sphere Handbook (စဖီးယားလက်စွဲစာအုပ်)တွင် ဖော်ပြထားသည်မှာ *"မိခင်များ၊ မွေးကင်းစများနှင့် ကလေးသူငယ်များအနေဖြင့် အချိန်မှန်မှန် သင့်လျော်သည့်အစားအသောက်များ ရရှိသင့်သည်။ ထိုအစားအသောက်များသည် ဓလေ့နှင့်ညီသော၊ အာဟာရပေးနိုင်သော၊ ကျန်းမာရေးနှင့်အသက်ရှင်သန်မှုအတွက်အားပေးသော အစားအသောက်များဖြစ်ရမည်။"* မြိုင်ကြီးငူရှိ မွေးကင်းစနှင့်ကလေးသူငယ်များအား ဖြည့်စွက်အစာများနှင့် ထောက်ပံ့မှုများ လုံလောက်စွာမပေးခြင်းသည် စိုးရိမ်စရာဖြစ်ပါသည်။

မာလာယုစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ အမျိုးသမီးတစ်ဦးက *"ဒါက ဘယ်လိုလုပ်လောက်မှာလဲ။ ကျွန်မတို့ ဆန် ၂ ဇလုံကနေ ၄ ဇလုံအထိပဲရတယ်။ ဒါကလည်း ရက်နည်းနည်းပဲခံတယ်။ ကလေးကခြောက်ယောက်ဆိုတော့ ကျွန်မတို့ကမိသားစုများတယ်။ ဒီဆန်လေးက တစ်ရက်နှစ်ရက်ပဲခံတာ။ ဘယ်လိုလုပ် တစ်လလောက်မှာလဲ။ ကျွန်မတို့မှာ ကလေးအများကြီးရှိတယ်။ ကျွန်မတို့တွေ ကျွန်မတို့အိမ်နီးချင်းတွေဆီကနေ ဆန်ချေးရတယ်။ ဒီမှာကျွန်မတို့အတွက် ဝင်ငွေရဖို့ လမ်းမရှိဘူး။ ကျွန်မတို့အနီးဝန်းကျင်က သူငယ်ချင်းတွေဆီကနေ အကူအညီတောင်းရတယ်။"* မြိုင်ကြီးငူတွင် ရိက္ခာဝေခြင်းနှင့်ပတ်သက်ပြီး အခက်အခဲများရှိသည်။ စားနပ်ရိက္ခာထောက်ပံ့မှုသည် တာဝန်ယူမှု၊ အချိန်မှန်ကန်မှု၊ ပွင့်လင်းမြင်သာမှု၊ လုံခြုံမှုနှင့် လူဦးရေ အချိုးအစားအလိုက် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း ရှိရမည်။

## စားနပ်ရိက္ခာ ထောက်ပံ့မှုတွင် သာတူညီမျှမှုမရှိခြင်း

လက်ရှိတွင် မာလာယုစခန်းတွင် နေထိုင်လျက်ရှိသော မေးခွန်းဖြေကြားသူရွာသားတစ်ဦးမှ ရိက္ခာပေးဝေရာတွင်အချို့သောပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့်ခွဲခြားဆက်ဆံမှုခံနေရခြင်းများရှိနေကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့သို့တင်ပြခဲ့သည်။ *"ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတွေကို ရိက္ခာပေးဝေဖို့ တာဝန်ယူထားတဲ့သူတစ်ယောက်ရှိတယ်။ အားလုံးကို ညီတူညီမျှဝေဖို့နဲ့ ဒီမှာနေတဲ့သူတွေကိုမချန်ထားဖို့ သူ့ကိုကျွန်တော်ပြောတယ်။ ဒါပေမယ့်တချို့တွေက ရိက္ခာမရဘူး။ သူမက ဒီမှာနေတဲ့သူမဟုတ်ဘူးလို့ပြောတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ကို သိပ်ပြီး မစဉ်းစားပေးဘူး။ ဒါကိုလက်မခံနိုင်ဘူး။ စခန်းထဲမှာ ဒီလိုမညီမျှမှုတွေကို မမြင်ချင်ဘူး။ လူတိုင်းက သူတို့ရွာကနေပြေးလာရတယ်။ အခုဆို ကျွန်တော်တို့ကဒီပြဿနာတွေပဲ ရင်ဆိုင်နေရတယ်။ သူတို့ စားစရာရတယ်ဆို ဒီမှာနေတဲ့သူတွေကိုဝေပေးရမယ်။ အခုကျတော့ အဲ့လိုမလုပ်ဘူး။ ဒါကလုံးဝမကောင်းဘူး။"* ဤအခြေအနေမှာ စခန်းစီမံခန့်ခွဲရေး၏ မပြည့်စုံမှုကြောင့်သော်လည်းကောင်း သို့မဟုတ် ခွဲခြားဆက်ဆံမှုကြောင့်သော်လည်းကောင်း မည်သည့်အတွက်ဖြစ်သည်ကို ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် ဝေခွဲနိုင်ရန် သတင်းအချက်အလက်မရှိပါ။

## ဘာသာရေး ကန့်သတ်မှုများ

မြိုင်ကြီးငူတွင်ရှိသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ စခန်းများ၏ ကန့်သတ်ချက်တစ်ခုရှိသည်။ ယင်းမှာ ဆရာတော်ဦးသုဇနမှ မြိုင်ကြီးငူအား ဗုဒ္ဓဘာသာနယ်မြေအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ မြိုင်ကြီးငူဒေသသည် သက်သက်လွတ်နယ်မြေဖြစ်သည်။ ထိုကန့်သတ်ချက်သည် အာဟာရရရှိမည့် အစားအစာမစားရသည့် နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအတွက် ပရိုတင်းဓါတ်ရရှိနိုင်ခြင်းကိုပါ ထပ်မံကန့်သတ်လိုက်ခြင်းဖြစ်သည်။ မြိုင်ကြီးငူဒေသတွင် အသားစားခြင်းအား ကန့်သတ်ထားခြင်းသည် ဗုဒ္ဓဘာသာဝင်မဟုတ်သူများအပေါ် ပြုမူဆက်ဆံခြင်းများအား စိုးရိမ်ဖွယ်ရာဖြစ်စေသည်။ မူစလင်မိသားစုများသည် ၁၉၉၇ ခုနှစ်များတွင် မြိုင်ကြီးငူမှ အဓမ္မရွှေ့ပြောင်းခံခဲ့ရသည်။ မြိုင်ကြီးငူမြို့အဝင်တွင် မူစလင်မဝင်ရဆိုသည့်ဆိုင်းဘုတ်အား ထင်ရှားစွာစိုက်ထူထားလျက်ရှိသည်။ သို့သော် ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် မြိုင်ကြီးငူတွင် လုပ်ငန်းလုပ်ဆောင်နေစဉ်အချိန်အတွင်း ခွဲခြားဆက်ဆံမှုနှင့်ပတ်သက်ပြီး သတင်းအချက်အလက်ရရှိရန် ခက်ခဲခဲ့သည်။

## အစားအသောက်ပြင်ဆင်ရန် အခက်အခဲများ

စခန်းတွင်းနေထိုင်သူများအားလုံးအတွက် ထမင်းအား စခန်း၏ဗဟိုတွင် ချက်ပြုတ်ရသောကြောင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် အစားအသောက်ပြင်ဆင်မှုအားထိန်းချုပ်နိုင်စွမ်းမရှိကြောင်းတင်ပြခဲ့ကြသည်။ အေးလင်းသာယာကွင်းစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦး၏ ပြောကြားချက်အရ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုရှိသောအိမ်များအတွက် ဤအရာက အခက်အခဲဖြစ်စေနိုင်သည်။ *"ကျွန်တော်တို့က စခန်းရဲ့မီးဖိုချောင်ကနေ ထမင်းယူပြီး အိမ်မှာပြန်စားတယ်။ ကျွန်တော်တို့ဆီမှာ ကလေးငယ်လေးတွေရှိတော့ အများသုံးမီးဖိုချောင်မှာ ထမင်းစားရတာ အဆင်မပြေဘူး။ လမ်းသိပ်မလျှောက်နိုင်တဲ့ လူကြီးတွေအတွက်လည်း အခက်အခဲရှိတယ်။"* ကာလကြာရှည်စွာ ရွှေ့ပြောင်းနေထိုင်ခြင်းတွင် အစားအသောက်ဝေရာတွင်လည်း အထူးအကူအညီလိုအပ်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန်အတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။



မြပန်းဝတ်မှုံစစ်ပြေးရောင်စခန်းရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ အသုံးပြုသော စားဖိုဆောင်၏ပုံဖြစ်သည်။
*[ဓာတ်ပုံ- KHRG]*

ထို့အပြင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများမှ ထင်းရှာဖွေရန်ခက်ခဲကြောင်းနှင့် ထို့အတွက် အိမ်တွင်ချက်ပြုတ် စားသောက်ရန် အခက်အခဲရှိကြောင်းဖော်ပြခဲ့သည် ။ အေးလင်းသာယာကွင်းမှ ပြည်တွင်း နေရပ်ရွှေ့ပြောင်းနေ ထိုင်သူ အမျိုးသားတစ်ဦးက ယခု ကဲ့သို့ရှင်းပြခဲ့သည်။ *"ဆန်သယ်ရတာက ဘာအခက်အခဲမှမရှိဘူး။ ဒါပေမယ့် ထင်းရှာတာကတော့ ပြဿနာရှိတယ်။ တစ်ခါတစ်လေ ချက်ပြုတ်ဖို့ အတွက် ထင်းရှာရတာ ခက်တယ်။"*

## ၈။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းများမရှိခြင်း

မြိုင်ကြီးငူဒေသရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူအများစုမှာ ယခင်ကဝမ်းရေးအတွက် လယ်လုပ်ခဲ့ကြသူများဖြစ်ပြီး တောင်ယာနှင့်ဥယျာဉ်ခြံများအား ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အတွက် မှီခိုကြရသူများဖြစ်သည်။ ၎င်းတို့၏ မူလနေထိုင်ခဲ့သည့်ကျေးရွာများတွင် ဝင်ငွေရရှိရန်အတွက် တောင်ယာများတွင်သီးနှံများစိုက်ပျိုးခြင်း တောထဲတွင်ဟင်းသီးဟင်းရွက်ရှာဖွေခြင်း၊ ဝဥနှင့် အခြားဝင်ငွေရမည့် လုပ်ငန်းတို့ကို ပြုလုပ်ကြသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့၏ တွေ့ရှိချက်များအရ မြိုင်ကြီးငူဒေသရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများတွင်နေထိုင်ကြသူများအတွက် ဤသို့ဝင်ငွေအခွင့်အလမ်းမရှိသဖြင့် အသက်မွေးဝမ်းကျောင်းအတွက် ပြဿနာတစ်ခုဖြစ်လာပါသည်။ အဘယ်ကြောင့်ဆိုသော် မြိုင်ကြီးငူတွင် နေထိုင်ကြသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများသည် ၂၀၁၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် ၎င်းတို့၏ မူလကျေးရွာများမှ ထွက်ပြေးခဲ့ကြသည်မှာ နှစ်နှစ်ကျော်ကြာပြီဖြစ်သည်။

The Sphere Standard (စဖီးယားစံနှုန်း) အရ အမှတ် ( ၇.၂ )တွင် ဖော်ပြထားသည်မှာ *"ဝင်ငွေရရှိသောလုပ်ငန်းများနှင့် အလုပ်ခန့်အပ်ခြင်းများသည် အသက်မွေးဝမ်းကျောင်းရန် နည်းလမ်းများဖြစ်ပြီး အမျိုးသမီးများနှင့် အမျိုးသားများအတွက် သင့်လျော်သည့်ဝင်ငွေအခွင့်အလမ်းများ တန်းတူညီမျှစွာ ရရှိရမည်။"* လယ်ယာများနှင့်ဝင်ငွေရရှိရန် အခွင့်အလမ်းမရှိပဲ မြိုင်ကြီးငူမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များအား လုံးဝမှီခိုနေကြရသည်။ အထောက်အပံ့များ လျော့နည်းလာသည်နှင့်အမျှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူ အများစုအနေဖြင့် ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏ မိသားစုများအတွက် ဆက်လက်ရပ်တည်ရန် အခက်အခဲများ ရင်ဆိုင် လာကြရသည်။



ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ပလပ်စတစ်ဗူးများကိုရောင်းချခြင်းဖြင့် ဝင်ငွေရရှိရန်အတွက် ပလပ်စတစ်ဗူးလွတ်များကို လိုက်လံစုဆောင်းနေသောပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

မာလာယုစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦး၏ ပြောကြားချက်အရ *"အခက်အခဲဆုံးကတော့ ဝင်ငွေအခွင့်အလမ်း မရှိတာပဲ။ ကျွန်တော်တို့ရဲ့ အခြေအနေကဆိုးပေမယ့် ကျွန်တော်တို့လည်း ဘာလုပ်ရမလဲမသိဘူး။"* ဤသို့ ကာလကြာရှည်စွာ နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ လျော့နည်းလာခြင်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအတွက် အခွင့်အလမ်းမရှိခြင်း တို့သည် စိတ်ပျက် ဝမ်းနည်းစေနိုင်ပြီး မျှော်လင့်ချက်ကင်းမဲ့စေနိုင်သည်။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူအများစုမှာ လယ်သမားအဖြစ် အသက်မွေးကြသူများဖြစ်သည့်အတွက် မြေယာမရှိပဲ အသက်မွေးဝမ်းကျောင်း လုပ်ကိုင် ရန်ခက်ခဲသည်။ *"ကျွန်တော်တို့ အသက်ရှင်ဖို့နဲ့ မိသားစုကိုထောက်ပံ့ဖို့အတွက် ဘာလုပ်ရမလဲ မသိဘူး။ ကျွန်တော်တို့ ကိုယ်ပိုင်မြေမှာသာဆိုရင်ကျွန်တော်တို့လုပ်နိုင်သလောက် အလုပ်လုပ်နိုင်တယ်။ ဒီနေရာက ကျွန်တော်တို့ရွာမဟုတ်တော့ ကျွန်တော်တို့စိတ်ကြိုက်လုပ်လို့မရဘူး။ ဒီမြေကသူများပိုင်တာဆိုတော့ ကျွန်တော်တို့တောင်ယာခုတ်တာတွေ ဟင်းသီးဟင်းရွက်စိုက်စားတာတွေ မလုပ်နိုင်ဘူး။"*

ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများမှ ၂၄ ရာခိုင်နှုန်းသော နေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့၏ ခြံမြေများအတွင်း အလုပ်လုပ်ရန် သို့မဟုတ် နေ့စားအလုပ်ရှာရန်အတွက် စခန်းမှထွက်ရသည်။ မြိုင်ကြီးငူဒေသတစ်ဝိုက်တွင် မြေမြှုပ်မိုင်းများထောင်ထားခြင်းနှင့် ထိုနေရာတွင် လက်နက်ကိုင်အဖွဲ့များရှိနေခြင်းကြောင့် ထိုသို့လုပ်ဆောင်ခြင်းသည် စိုးရိမ်စရာဖြစ်သည်။ နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေဖြင့် မိသားစု၏အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ၎င်းတို့၏ အသက်ကိုစွန့်စားသည့် လမ်းအားမရွေးချယ်သင့်ပေ။

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေဖြင့် ဘေးကင်းလုံခြုံသည့် နေ့စားအလုပ်အားတွေ့ရှိနိုင်သော်လည်း ထိုသို့သော အခွင့်အရေးများမှာအလွန်နည်းပါးပြီး အလုမ်းဝေးသည့်နေရာတွင်သာရှိပါသည်။ ထိုသို့သောအလုပ်များမှာ သင့်တင့်မျှတသောလုပ်ခလစာ မရတတ်ပေ။ ထိုအကြောင်းနှင့်ပတ်သက်ပြီး အေးလင်းသာယာကွင်းစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူအမျိုးသားတစ်ဦးက ဤသို့ရှင်းပြခဲ့ပါသည်။ *"ကျွန်တော့်ရွာကို [နေ့စားလုပ်ဖို့] ဝဉစိုက်ဖို့ပြန်တယ်။ အဲ့ဒီကနေပိုက်ဆံရရင် ဟင်းသီးဟင်းရွက်နဲ့ ကွမ်းသီးတို့ဝယ်လို့ရတာပေ့ါ။ ကျွန်တော့်မှာ တခြားလုပ်နိုင်တဲ့အလုပ်မရှိဘူး။ အဲ့ဒီအလုပ်ကနေ ငွေတစ်သောင်းပဲရတယ်။ ကျွန်တော်အဲ့ဒီငွေကို မိသားစုအတွက် အစားအသောက် တွေဝယ်ဖို့သုံးခဲ့တယ်။ ဒါပေမယ့် အဲ့ဒီငွေလည်းကုန်ပြီး။"* မြိုင်ကြီးငူဒေသရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူအများစုမှာ ကံမကောင်းကြပေ။

ရွာအနားပတ်ဝန်းကျင်တွင် မြေမြှုပ်မိုင်းအန္တရာယ်များရှိနေသော်လည်း ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများမှ ကရင်လူ့အခွင့်အရေးအဖွဲ့အား ၎င်းတို့အနေဖြင့် အလုပ်လုပ်ရန် ရွာသို့ပြန်ခဲ့ကြောင်းပြောခဲ့သည်။ အေးလင်းသာယာကွင်းမှ စခန်းအတွင်းရေးမှူးက ဤသို့ ရှင်းပြခဲ့သည်။

*"ကျွန်တော်တို့ ပြန်ဖို့ယုံကြည်စိတ်ချမှုမရှိဘူး။ ဘာလို့လဲဆိုတော့ ဒုက္ခသည်တစ်ယောက် မကြာသေးခင်ကပဲ မိုင်းနင်းမိပြီးဒဏ်ရာရသွားတယ်။ နေ့စားလုပ်ဖို့ စခန်းကနေသူထွက်သွားတယ်။ ကျွန်တော်တို့တွေလိုပဲ သူ့မိသားစုလည်း စားဖို့သောက်ဖို့ရိက္ခာလုံလုံလောက်လောက်မရဘူး။ ငရုတ်သီး၊ ဆီ၊ ဆန်နဲ့ ဆားဆိုတာ ရေရှည်အတွက်မလုံလောက်ဘူး။ ကျွန်တော်တို့ ကလေးတွေက အာဟာရရှိတဲ့ အစားအသောက်လိုတယ်။ ဒီလူက စခန်းအပြင်မှာအလုပ်ထွက်လုပ်ဖို့ရွေးခဲ့တယ်။ ကံမကောင်းတော့ သူမိုင်းနင်းမိပြီး ဒဏ်ရာရသွားတယ်။"*

လူသားချင်းစာနာထောက်ထားမှုအကူအညီများ လျော့နည်းလာခြရသည် အမျိုးသမီးများဦးဆောင်သော အိမ်ထောင်စုများအတွက် ဂန်ထုပ်ဂန်ပိုးပိုမိုရှိစေပါသည်။ စခန်းအတွင်းရေးမှူးမှ *"မုဆိုးမတွေ၊ အမျိုးသားမရှိတဲ့ အမေတွေကျတော့ သူတို့ကလေးတွေအတွက်ပိုပြီး အလုပ်ကြိုးစား ရုန်းကန်ရတာကို တွေ့နေရတယ်။ တစ်ချို့မုဆိုးမတွေဆို ကလေးငယ်ငယ်လေးတွေရှိတော့ အရမ်းရုန်းကန်ရတယ်။ သူတို့က တခြားအိမ်ထောင်တွေထက် အခြေအနေအများကြီးဆိုးတယ်။ အမျိုးသမီးဦးဆောင်တဲ့ အိမ်ထောင်သုံးပုံတစ်ပုံလောက်က ဆင်းရဲပြီး စားစရာလုံလုံလောက်လောက်မရှိတတ်ဘူး။"* ဝင်ငွေအခွင့်အလမ်းမရှိခြင်းသည် ကြာရှည်စွာနေရပ်ပြောင်းရွှေ့နေထိုင်ရသည့်အခြေအနေရှိ အမျိုးသမီးဦးဆောင်သော အိမ်ထောင်များအား ပိုမိုအခက်အခဲဖြစ်စေပါသည်။

## ဃ။ နေရာထိုင်ခင်းများလုံလောက်မှုမရှိခြင်း

### နောက်ခံအကြောင်းအရာ

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူ အများစုသည် စခန်းတွင်းသို့ ပထမဆုံးရောက်ရှိသည့်အချိန်တွင်ဒေသခံများမှ နေရန်နေရာပေးရသည်ကိုတွေ့ရသည်။ *"ပထမတော့ ပြည်တွင်းနေရပ်ရွှေ့ပြောင်း နေထိုင်ကြသူအများစုက တစ်ယောက်ယောက်ရဲ့ အိမ်မှာခဏနေတယ်။ ကျွန်တော်တို့ကို တာလပတ် ပေးပြီးတာနဲ့ ကိုယ့်နေရာကိုယ်ဆောက်ပြီးနေကြတယ်။"* စခန်းစီမံခန့်ခွဲရေးမှအားနည်းနေသူများအပါအဝင် ပြည်တွင်းနေရပ်ရွှေ့ ပြောင်းနေထိုင်ကြသူများအား အိမ်ဆောက်ရာတွင်လိုအပ်သည့်နည်းပညာ အထောက်အပံ့ပေးကြောင်းကို ဖော်ပြထားခြင်းမရှိပါ။ *"ကလေးအများကြီးရှိတဲ့ မိန်းမတွေကျတော့ သူတို့အိမ်နီးချင်းတွေကို အမိုးအကာတွေ ဆောက်ပေးဖို့အကူအညီတောင်းရတယ်။"* မေးခွန်းဖြေကြားသူအများစုမှ ဆောက်လုပ်ရေးပစ္စည်းများ ရရှိသည်ဟုပြောခဲ့သော်လည်း တာလပတ်များနှင့် သက်ကယ်များသာရရှိကြသည်။ *"ကျွန်တော်တို့ကို တာလပတ်ပေးတယ်။ သစ်သားတို့ ဝါးတို့ကျတော့ ကိုယ့်ဟာကိုယ်ရှာရတယ်။ များသောအားဖြင့် ကျွန်တော်တို့ မြစ်ထဲက မျောလာတဲ့ဟာပဲယူလိုက်တယ်။ ပြီးတော့တချို့ကိုဝယ်တယ်။"* အများစုမှာ ၎င်းတို့အတွက် လိုအပ်သောပစ္စည်းများအားဝယ်ရသည့်အတွက် အချို့သောသူများအတွက် စီးပွားရေးအခက်အခဲဖြစ်စေကြောင်းပြောခဲ့သည်။ *"ကျွန်တော့်အိမ်ကို ကျွန်တော်ကိုယ်တိုင်ဆောက်တယ်။ ဝါးနဲ့သစ်ဝယ်ပေမယ့် ပိုက်ဆံပြတ်သွားတယ်။ အဲ့ဒါနဲ့ ကျွန်တော်ပိုက်ဆံချေးရတယ်။ ခုထိပြန်ဆပ်ဖို့လိုနေတုန်းပဲ။ ကျွန်တော့်မှာ အကြွေးတွေအများကြီးရှိတယ်။ ကျွန်တော့်သားသမီးတွေက ကျွန်တော့်ကို မကူညီနိုင်တော့ဘူး။ ကျွန်တော်လည်း လမ်းမလျှောက်နိုင်တော့ဘူး။"*

စခန်းတွင်းရှိနေစရာအိမ်လေးများအား ဝါး၊ တာလပတ်၊ သစ်ရွက်များနှင့် အခြားဈေးသက်သာသော ပစ္စည်းများဖြင့် ပြုလုပ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေဖြင့်ကောင်းမွန်သောဆောက်လုပ်ရေးပစ္စည်းများအားအသုံးမပြုနိုင်သည့်အတွက်ဖြစ်သည်။ *"ကျွန်တော်အိမ်ကောင်းကောင်းမဆောက်နိုင်ဘူး။ သစ်သားနဲ့ဝါးတွေမဝယ်နိုင်တော့ ကျွန်တော့်အိမ်က အရည်အသွေးအရမ်းညံ့တယ်။ ကျွန်တော်တို့ ဒီမှာနေတဲ့အချိန် အလုပ်ကလည်းမရှိတော့ ဝင်ငွေလည်းမရှိဘူး။"*

ထို့အပြင် အေးလင်းသာယာကွင်းစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ တင်ပြချက်အရ ထိုနေရာသည် ရေတက်သောနေရာဖြစ်ပြီး နေအိမ်များအားပျက်စီးစေနိုင်ပြီး ရေကြောင့်ကူးစက်တတ်သော ရောဂါများရရှိစေနိုင်ပါသည်။ မေးခွန်းဖြေကြားသူတစ်ဦးမှ သူမအနေဖြင့် ဤအဖြစ်အပျက်ကြောင့် မကြာခဏရွှေ့ပြောင်းရကြောင်းကို ဤကဲ့သို့ပြောကြားခဲ့သည်။ *"နွေရာသီနဲ့မိုးရာသီတွေက ကျွန်မတို့အတွက် အဆိုးရွားဆုံးရာသီတွေပဲ။ တစ်ခါတစ်လေရေကြီးလို့ ကျွန်မတို့ရွှေ့ရတယ်။ တခြားလူရဲ့အိမ်မှာကလေးတွေနဲ့သွားနေရတယ်။"* အခြားသော မေးခွန်းဖြေကြားသူမှ ကရင်လူ့အခွင့်အရေးအဖွဲ့အား အိမ်များသည် တစ်အိမ်နှင့်တစ်အိမ်အလွန်နီးကပ်သဖြင့် နွေရာသီတွင် မီးဘေးအန္တရာယ်ကျရောက်နိုင်ကြောင်းကို ဤသို့ပြောခဲ့သည်။ *"ဒီမှာအရမ်းပူပြီး နေအပူဒါဏ်ကနေ ကျွန်မတို့ကိုကာကွယ်ဖို့သစ်ပင်မရှိဘူး။ တကယ်လို့ အိမ်တစ်အိမ်မီးလောင်ရင် အနားကအိမ်တွေအားလုံးကို မီးကူးသွားလိမ့်မယ်။"*

## နေရာထိုင်ခင်းများ

မေးခွန်းဖြေကြားသူများမှ နေအိမ်အများစုသည် အအေးဒဏ်နှင့် မိုးရေမှကာကွယ်နိုင်သည့် ခေါင်မိုးနှင့်နံရံများမရှိကြသည့်အတွက် ကျန်းမာရေးထိခိုက်မှုများဖြစ်စေနိုင်ပါသည်။ မာလာယုစခန်းတွင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက ၎င်း၏နေအိမ်သည် လေဒဏ်မိုးဒဏ်အား အနည်းငယ်သာကာကွယ်ပေးနိုင်ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့အားပြောခဲ့သည်။ *"ကျွန်တော်တို့ရဲ့ တဲမှာနံရံအကာတွေမရှိဘူး။ မိုးသည်းလေပြင်းရင်လည်း ဒီလိုပဲနေရတယ်။ ရာသီဥတုက အရမ်းအေးတယ်။ ကျွန်တော်တို့လည်း မိုးကြိုးပစ်မှာကြောက်တယ်။"* မြပန်းဝတ်မှုံစခန်းမှ အခြားသောမေးခွန်းဖြေကြားသူတစ်ဦးက သူ့အိမ်မှာပြိုကျတော့မည်ဖြစ်သည့်အတွက် သူ့အနေနှင့်လာမည့်မိုးရာသီအတွက် တွေးပူနေကြောင်းပြောပြခဲ့သည်။ *"ကျွန်တော့်အိမ်ကပျက်စီးနေပြီ။ ဒီနှစ်ပြင်မှရမယ်။ မဟုတ်ရင်တော့ မိုးရာသီမှာ အရမ်းခက်ခဲလိမ့်မယ်။"* အေးလင်းသာယာကွင်းစခန်းတွင်လည်း အလားတူသည့် ပြဿနာများတင်ပြလာကြသည်။ ထိုစခန်းတွင်နေထိုင်သူ အမျိုးသမီးတစ်ဦးက *"ပတ်ပတ်လည်ကိုကြည့်လိုက်မယ်ဆိုရင် အိမ်တွေမှာ အမိုးတွေက ပျက်စီးနေတာတွေ့ရလိမ့်မယ်။ မိုးရာသီဆိုရင် ကျွန်မတို့အိမ်တွေမှာမိုးယိုတယ်။ အဲ့ဒီတော့ ကျွန်မတို့ရဲ့ကြမ်းခင်းတွေ ပျက်စီးကုန်တယ်။ နင်းလိုက်ရင် ကျိုးသွားလိမ့်မယ်။ ဒါပေမယ့် ဒီအခြေအနေကို သည်းခံပြီးလက်ခံရတယ်"* ဟုတင်ပြခဲ့ပါသည်။

အေးလင်းသာယာကွင်းစခန်းတွင် နေထိုင်သော မေးခွန်းဖြေကြားသူအများစုက ၎င်းတို့၏ နေရာထိုင်ခင်းများအား အမြန်ပြုပြင်ရန် လိုအပ်ကြောင်းကိုတင်ပြခဲ့ကြသည်။ *"ကျွန်တော့်အိမ်က ဆွေးနေပြီဆိုတော့ နောက်အပတ်ဆို ပြိုကျတော့မယ်ထင်တယ်။ ကျွန်တော် အိမ်ကောင်းကောင်းတစ်လုံးရဖို့ သစ်လုံးတွေနဲ့ ဝါးအသစ်တွေလိုတယ်"* ဟု ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ တစ်ဦးကပြောခဲ့သည်။

အချို့သောအခြေအနေများတွင် နေအိမ်များသည် ပြိုကျပြီးဖြစ်သည်။ *"ကျွန်တော့်အိမ်က ပြိုနေပြီ။ ဒါပေမယ့် ကျွန်တော်တို့ဘာမှမတတ်နိုင်တော့ ဒီလိုပဲအထဲမှာနေနေရတယ်။"* စခန်းစီမံခန့်ခွဲရေးတာဝန်ရှိသူတစ်ဦးမှ ကရင်လူ့အခွင့်အရေးအဖွဲ့အား ဤကိစ္စသည်မြိုင်ကြီးငူတွင် အလွန်အရေးကြီးသည့်ကိစ္စဖြစ်သည်ကိုအသိအမှတ်ပြုလက်ခံသော်လည်း စခန်းစီမံခန့်ခွဲရေးအနေဖြင့် အိမ်များအားပြင်ဆင်ရန် မည်သည့်ပစ္စည်းမှ ထောက်ပံ့ခြင်းမရှိပါ။ မေးခွန်းဖြေကြားသူတစ်ဦးမှ ဤအခြေအနေသည် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအား ပြိုလဲပျက်စီးနေသော နေအိမ်များ၊ အန္တရာယ်ရှိသည့်အခြေအနေများတွင် နေထိုင်ရန် တွန်းအားပေးနေကြောင်းပြောခဲ့သည်။ *"ကျွန်တော့်အိမ်မှာဆို ကြမ်းခင်းကကျိုးနေပြီ။ မီးဖိုချောင်လည်းပျက်စီးနေလို့ ကျွန်တော်တို့သုံးလို့မရတော့ဘူး။ တကယ်လို့ ကျွန်*




မြိုင်ကြီးငူစစ်ပြေးရှောင်စခန်းတွင် ဆောက်လုပ်ထားသော ယာယီတဲအိမ်များဖြစ်သည်။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် လာမည့်မိုးရာသီတွင် ၎င်းတို့ယာယီတဲအိမ်များ ယိုယွင်းပျက်စီးလိမ့်မည်ကို စိုးရိမ်ပူပန်နေရသည်။ *[ဓာတ်ပုံ- KHRG]*

*တော်တို့အိမ်ကိုပြန်ပြင်ဖို့ အထောက်အပံ့တွေရမယ်ဆိုတကယ်ပျော်မှာပဲ။ ကျွန်တော်တို့ အဲ့ဒါကို တကယ်လိုအပ်တယ်။"* ဤသို့ အရည်အသွေးညံ့သည့် နေအိမ်များသည် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများ အထူးသဖြင့် ကလေးများအား ဒဏ်ရာရစေနိုင်ပါသည်။ မေးခွန်းဖြေကြားသူတစ်ဦးမှ ယခုလိုတင်ပြခဲ့ပါသည်။ *"ကျွန်မအိမ်ကမကောင်းတော့ဘူး ဒါပေမယ့် တခြားရွေးချယ်စရာလည်းမရှိဘူး။ တစ်ခါတစ်လေ ကျွန်မကလေးတွေ အိမ်ထဲမှာ လမ်းလျှောက်နေရင်းနဲ့ ကြမ်းကျံမိကြတယ်။"*

The Sphere Handbook (စဖီးယားလက်စွဲစာအုပ်) မှ လူတစ်ဦးနေထိုင်ရန် ၃.၅ စတုရန်းမီတာ အနည်းဆုံး လိုအပ်ကြောင်း အကြံပြုထားသည်။[23] စခန်းအတွင်းရှိ နေအိမ်အများစုမှာ ဤစံနှုန်းအား ပြည့်မီခြင်းမရှိပေ။ အေးလင်းသာယာကွင်းစခန်းတွင် နေထိုင်သူတစ်ဦးမှ ဤသို့အတည်ပြုခဲ့သည်။ *"ကျွန်တော်တို့အိမ်တွေက အိမ်ကြီးတွေမဟုတ်ဘူး။ ပေ ၁၀ ပတ်လည် (၉.၃ စတုရန်းမီတာ) ပဲရှိတယ်။ ကျွန်တော့်မိသားစုမှာ ကျွန်တော့ယောက္ခမတွေအပါအဝင် အားလုံးကိုးယောက်ရှိတယ်။ ကျွန်တော်တို့ ဒီလိုပဲအဆင်ပြေအောင်နေကြရတယ်။"* ထိုအိမ်သည် ၎င်းတို့မိသားစုတစ်ခုလုံးနေထိုင်ရန်ကြီးပါသလားဟုမေးသည့်အခါ ထိုစခန်းတွင်နေထိုင်သော အခြားသူတစ်ဦးမှ အဆင်မပြေကြောင်း

[23] ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော Sphere Association ၏ "The Sphere Handbook – Humanitarian Charter and Minimum Standards in Humanitarian Response" တွင်ကြည့်ပါ။ 254.

ဖြေခဲ့သည်။ *“မကြီးဘူး။ နေရာကအဲ့လောက်မရှိဘူး။ ကျွန်တော်တို့ကျဉ်းကျဉ်းကြပ်ကြပ်လေးနေရတယ်။ သက်တောင့်သက်သာမရှိဘူး။ ကျွန်တော်တို့ဒီအိမ်လေးတွေကို ဆောက်တာကိုယ်ပိုင်နေရာရှိအောင်လို့ပဲ။ ဒါက ၁၀ ပေ (၃ မီတာ) ပဲကျယ်တယ်။”* အေးလင်းသာယာကွင်းစခန်းမှ အခြားသော နေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက ကိုးပေ (၂.၇၅ မီတာ) အကျယ်ရှိ အိမ်တွင်ဆွေမျိုးသားချင်းကိုးဦးနှင့် အတူနေရသော သူ၏အခြေအနေကို လယ်ထဲမှတိရစ္ဆာန်များနှင့် ဤသို့နှိုင်းယှဉ်ခဲ့သည်။ *“ကျွန်တော်တို့တွေ ဝက်တွေလိုပဲအိပ်ကြရတယ်။ ညဘက်ဆိုကျွန်တော်တို့ရဲ့ခြင်ထောင် ၂ လုံးက အိမ်အပြည့်ပဲ။”* မာလာယုစခန်းတွင်နေထိုင်သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးမှလည်း ၎င်း၏နေအိမ်တွင် နေရာမရှိကြောင်းကို ဤသို့ပြောခဲ့သည်။ *“ကျွန်တော်တို့ အိမ်တွေကလူများတယ်။ ကျွန်တော်တို့မိသားစုက ဒီနေရာကျဉ်းကျဉ်းလေးမှာ နေရတယ်။ ဒါက နည်းနည်းမှအဆင်မပြေဘူး။ ကျွန်တော်တော့ ဒီမှာနေရတာမကြိုက်ဘူး။”*

ထိုနေရာတွင် နေထိုင်ကြသူအများစုမှာ သူတို့အတွက် လျှပ်စစ်မီးမရှိကြောင်းနှင့် ထိုသို့လျှပ်စစ်မီးမရှိခြင်းသည် လုံခြုံရေးအန္တရာယ်ရှိကြောင်းနှင့် အိမ်တွင်းနှင့် အိမ်နားဝန်းကျင်တွင် ထိခိုက်မှုများဖြစ်စေနိုင်ကြောင်း တင်ပြခဲ့ကြသည်။ အေးလင်းသာယာကွင်းစခန်းမှ မေးခွန်းဖြေကြားသူတစ်ဦးက စခန်းသို့ ၎င်းစရောက်သည့်အချိန်တွင် မီးပေးကြောင်း၊ ထိုမီးအား မီးစက်ဖြင့်ပေးခြင်းဖြစ်ကြောင်းနှင့် ယခုအခါတွင် ပြည်တွင်း နေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် ကိုယ်ပိုင်လျှပ်စစ် ပစ္စည်းများတွင် မှီခိုနေရကြောင်း ဤ ကဲ့သို့ပြောပြခဲ့သည်။ *“ကျွန်တော်တို့ ဒီကိုစလာတုန်းက လျှပ်စစ်မီးပေးတယ်။ ဒါပေမယ့် ခုတော့ဖြတ်လိုက်ပြီ။ ငွေကြေးပံ့ပိုးသူတွေက လာတပ်ဆင်ပြီး ပြန်သွားတယ်။ သူတို့တွေ ပြန်လာမစစ်ဘူး။ ဒီကလူတွေလည်း မထိန်းသိမ်းနိုင်ဘူးဖြစ်မယ်။ ဒီစခန်းမှာရှိတဲ့ ရွာသားအချို့ကတော့ သူတို့ကိုယ်ပိုင်စက်တွေရှိတယ်။”* တွေ့ဆုံမေးမြန်းခဲ့ခြင်းများထဲမှ လေးပုံတစ်ပုံထက်နည်းသောသူများသာ ၎င်းတို့၏အိမ်အတွက် လုံလောက်သော လျှပ်စစ်မီးရှိကြောင်းနှင့် ထိုသူများသည် နေရောင်ခြည်သုံးစွမ်းအင်ကို အသုံးပြုကြောင်း ပြောပြခဲ့သည်။ (မေးခွန်းဖြေကြားသူတစ်ဦးသည် ရွာမှ ၎င်း၏ဆိုလာပြားကို ယူဆောင်လာပြီး အခြားသူများမှာ ထိုဆိုလာပြားများအား အလှူရှင်များထံမှ ရရှိခြင်းဖြစ်သည်။)



လူပြည့်ကျပ်သည့်နေအိမ်တွင် နေထိုင်ကြသည့် စစ်ပြေးရှောင်မိသားစုဝင် တစ်စု၏ပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

## အိမ်အသုံးအဆောင်ပစ္စည်းများ



ခြင်ထောင်ထဲတွင် အိပ်နေသောကလေးတစ်ယောက်၏ ပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူအများစုက ၎င်းတို့အနေဖြင့် စောင်များ၊ ခြင်ထောင်များ၊ ဖျာများ၊ ခေါင်းအုံးနှင့် အဝတ်အထည်များ စသည့် လိုအပ်သော အိမ်ထောင်ပစ္စည်းများ လက်ခံရရှိကြောင်း တင်ပြခဲ့သည်။ စောင်၊ ခြင်ထောင်နှင့် ဖျာများကို အားလုံးလိုလို လက်ခံရရှိကြသော်လည်း ခေါင်းအုံးနှင့် အဝတ်အထည်များကိုမူ လူအချို့သာ လက်ခံရရှိကြသည်။ အေးလင်းသာယာကွင်းစခန်းတွင် နေထိုင်သူတစ်ဦးက ၎င်းအနေဖြင့် ဤအထောက်အပံ့များကို လက်ခံရရှိသော်လည်း ထိုအရာများသည် လိုအပ်မှုများအားလုံးကို မလွှမ်းခြုံနိုင်ကြောင်း အလေးပေးပြောကြားခဲ့သည်။ *"ကျွန်တော်တို့ တစ်ခါတစ်လေ အဝတ်တွေ၊ စောင်တွေ၊ ကလေးတွေအတွက် စာအုပ်တွေ၊ တာလပတ်၊ ရေပုံးနဲ့ ဆပ်ပြာတွေရတယ်။ ဒီပစ္စည်းတွေက ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေအားလုံးကို မဖြည့်ဆည်းနိုင်ပေမယ့် အရမ်းအသုံးဝင်ပါတယ်။"* The Sphere Handbook - စဖီးယားလက်စွဲစာအုပ်မှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများ သက်တောင့်သက်သာမှုရှိရန်နှင့် ကျန်းမာရေးအတွက် အကာအကွယ်ရှိစေရန် လူတိုင်းတွင် အဝတ်အထည်နှစ်စုံ၊ စောင်တစ်ထည်နှင့် အိပ်ယာများရှိသင့်ကြောင်း အကြံပြုထားသည်။[24] သို့သော် ဤစခန်းတွင်းအခြေအနေမှာ ဤသို့ ထောက်ပံ့နိုင်ခြင်းမရှိပေ။

ပကတိအခြေအနေတွင် အိမ်ထောင်စုတစ်ခုအတွက် စောင်အနည်းငယ်သာရရှိကြသည်။ အေးလင်းသာယာကွင်းစခန်းမှ အမျိုးသမီးတစ်ဦးက *"ကျွန်မတို့ခြင်ထောင်သုံးလုံးနဲ့ စောင်နှစ်ထည်ရတယ်။ဒါက မလောက်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့မှာမိသားစုရှစ်ယောက်ရှိတယ်။ ကျွန်မတို့အတွက် မလောက်တော့ ထပ်ဝယ်ရတယ်။"* စောင်များသည် နွေးထွေးမှုသိပ်မရှိခြင်းနှင့်ပတ်သက်ပြီးလည်း အကြံပြုထားသည်။ *"ကျွန်မတို့ စောင်တွေက အအေးဒဏ်ကိုမခံစေနိုင်ဘူး။"* မာလာယုစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးမှလည်း အလားတူပင်တင်ပြထားသည်။ *"ရှင်သိတဲ့အတိုင်းပဲ ကျွန်မတို့မှာ မိသားစုဝင်ခြောက်ယောက်ရှိတာ မိသားစုတစ်စုလုံးအတွက် စောင်တစ်ထည်ပဲရတယ်။"* အေးလင်းသာယာကွင်းစခန်းမှ မေးခွန်းဖြေကြားသူတစ်ဦးက ဆောင်းရာသီအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် အနွေးထည်နှင့်စောင်များလိုအပ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ *"ကျွန်မတို့မှာ လုံလောက်တဲ့ စောင်နဲ့အင်္ကျီတွေရှိတယ်။ ဒါပေမယ့် ရာသီဥတုကအေးလာပြီ။ ကျွန်မတို့ ပိုနွေးတဲ့အင်္ကျီနဲ့ စောင်တွေလိုတယ်။"* ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူအများစုမှာ စောင်နှင့်အဝတ်အစားများ ထပ်

24 ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော Sphere Association ၏ "The Sphere Handbook – Humanitarian Charter and Minimum Standards in Humanitarian Response" တွင်ကြည့်ပါ။ 259.

ဝယ်ရန် ဝင်ငွေမရှိပေ။ ထိုအခြေအနေက ၎င်းတို့အား ရောဂါဖြစ်စေရန် အလားအလာ ပိုရှိစေသည်။

## ကြာရှည်စွာ နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့်သူများအတွက် မြေယာပိုင်ဆိုင်ခြင်း၏ လုံခြုံစိတ်ချမှု

The Sphere Handbook(စဖီးယားလက်စွဲစာအုပ်) မှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းတွင်းတွင်ဖြစ်စေ ပြန်လည်နေရာချထားမည့်အခြေအနေတွင်ဖြစ်စေ မြေယာပိုင်ဆိုင်မှုများ၏ အရေးကြီးမှုများကို တိုက်တွန်းထားသည်။ ဆိုလိုသည်မှာ ၎င်းတို့၏နေအိမ်များမှ မောင်းထုတ်ခြင်းခံရမည့်အရေးကို စိုးရိမ်နေရခြင်းမရှိပဲ နေထိုင်နိုင်ခြင်းဖြစ်သည်။ [25] သို့သော် မြိုင်ကြီးငူဒေသတွင်မူ ထိုသို့သောလိုအပ်ချက်မျိုးပြုလုပ်ပေးနိုင်စွမ်းမရှိပေ။ မာလာယုစခန်းတွင်နေထိုင်သူတစ်ဦးမှမြိုင်ကြီးငူဒေသခံများအနေဖြင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအား ၎င်းတို့၏မြေပေါ်တွင် ကြာရှည်စွာ နေထိုင်ခွင့်ပြုမည်မဟုတ်ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့အားတင်ပြခဲ့သည်။ *"ကျွန်တော်တို့ဒီမှာ ယာယီပဲနေခွင့်ရမယ်။ ဘာကြောင့်လဲဆိုတော့ ဒါကကျွန်တော်တို့မြေမဟုတ်ဘူး။ မြေပိုင်ရှင်တွေက ကျွန်တော်တို့ကိုဒီမှာ အမြဲနေနိုင်းမှာမဟုတ်ဘူး။"* မာလာယုစခန်းတွင် နေထိုင်သော အခြားမေးခွန်းဖြေကြားသူတစ်ဦးက စခန်းရှိမြေအားဝယ်ရန်အတွက် ၎င်း၏လက်ရှိငွေကြေးပမာဏဖြင့် မဖြစ်နိုင်ကြောင်းရှင်းပြခဲ့သည်။ *"လက်ရှိ ကျွန်တော်တို့က တခြားလူ့ရဲ့မြေပေါ်မှာနေတယ်။ ကျွန်တော်တို့ တဲထိုးပြီးနေကြတယ်။ အလှူရှင်တွေသာမလုပ်ပေးရင် ကျွန်တော်တို့ အိမ်ဆောက်ပြီး နေနိုင်မှာမဟုတ်ဘူး။ ကျွန်တော်တို့တွေကို [မြေပိုင်ရှင်တွေက] ယာယီပဲနေခွင့်ပြုတယ်။"* ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူအများစုမှာ မြေမြှုပ်မိုင်းများနှင့် တိုက်ပွဲအခြေအနေများကြောင့် ၎င်းတို့၏ရွာများသို့ ပြန်နိုင်ခြင်းမရှိပေ။ မြေယာပိုင်ဆိုင်ရေးအတွက်လုံခြုံမှုမရှိပါက ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေဖြင့် ပို၍သေချာမှုမရှိသောအနာဂတ်ကို ရင်ဆိုင်နေရနိုင်သည်ဟု ခံစားကြရပါသည်။

မာလာယုစခန်းနှင့် အေးလင်းသာယာကွင်းစခန်းမှ အချို့သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများက၎င်းတို့အနေဖြင့်ကိုယ်ပိုင်နေရာမရှိသေးကြောင်းနှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်နေချိန်အတွင်း အခြားသော မိသားစုများ၏အိမ်တွင် နေထိုင်နေကြကြောင်းကိုတင်ပြခဲ့သည်။ ဤကဲ့သို့သောအခြေအနေသည် အဆင်မပြေမှုအား အမြဲဖြစ်စေကြောင်း။ မာလာယုတွင် နေထိုင်သော မေးခွန်းဖြေကြားသူတစ်ဦးမှ ယခုကဲ့သို့ရှင်းပြထားပါသည်။ *"ကျွန်တော်တို့ ကိုယ့်အိမ်ကိုယ့်ယာနဲ့ နေချင်တယ်။ ကျွန်တော်တို့ သူများမြေပေါ်မှာ နေရတာနှစ်နှစ်ရှိပြီ။ ဒီမှာအမြဲမနေချင်ဘူး။ ကျွန်တော်ဒီမှာ အိမ်ဆောက်မယ်လို့ စိတ်ကူးတယ်။ အဲ့ဒီအတွက်မြေလိုတယ်။ တကယ်လို့ ကျွန်တော်တို့မှာမြေရှိရင် မိသားစုအတွက် အိမ်ဆောက်နိုင်မယ်။ ဒါမှပဲရွာကို မပြန်နိုင်ရင်တောင်ဒီမှာနေပြီး စားဝတ်နေရေးအတွက် အလုပ်ရှာလုပ်လို့ရမယ်။"* ထိုအခြေအနေအား ကြုံတွေ့နေရသည့်အခြားသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးကလည်း ကရင်လူ့အခွင့်အရေးအဖွဲ့အား ၎င်းအနေဖြင့် အလိုချင်ဆုံးမှာ ၎င်း၏နေရင်းအရပ်သို့ ပြန်လည်နေထိုင်ခြင်းပင်ဖြစ်သည်ကို ဤသို့ပြောခဲ့သည်။ *"ကျွန်တော့်မှာ ကိုယ်ပိုင်အိမ်မရှိဘူး။ ဘယ်သူမှ ကျွန်တော့်အတွက် မဆောက်ပေးဘူး။ သူများအိမ်မှာပဲ ခဏနေဖို့ ခွင့်ပေးထားကြတာ။ အိမ်ရှင်ကိုလည်း ကျွန်တော်မသိဘူး။ ဒီလိုတခြားရွာမှာနေနေရတာ စိတ်မသက်သာဘူး။ ကျွန်တော့်ရွာကို ပြန်ပြီး ကိုယ်ပိုင်အိမ်နဲ့နေချင်တယ်။"*

---

[25] ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော Sphere Association ၏ "The Sphere Handbook – Humanitarian Charter and Minimum Standards in Humanitarian Response" တွင်ကြည့်ပါ။ 266.

ကရင်လူမျိုးများ၏ ဓလေ့ထုံးစံတွင် လူမျိုး၏ဖြစ်တည်မှု၊ အစားအသောက်၊ ဝင်ငွေနှင့် နေထိုင်ရေးတို့အတွက် မြေသည်အဓိကဖြစ်သည်။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေဖြင့် အခြားသူများပိုင်သည့်မြေပေါ်တွင်နေထိုင်ရပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် လယ်ယာမလုပ်ကိုင်နိုင်ကြသည့်အတွက် ရည်မှန်းချက်ပျောက်နေသကဲ့သို့ ခံစားနေကြရသည်။ မာလာယုစခန်းမှ မေးခွန်းဖြေကြားသူတစ်ဦးက *"ဒီမှာနေတော့ ကျွန်တော့်မိသားစုကို ထောက်ပံ့ဖို့အလုပ်မရှိဘူး။ ဒီနားတဝိုက်မှာလည်း ကျွန်တော်တို့ပိုင်တဲ့မြေမရှိဘူး။ ကျွန်တော်တို့ဝါးလည်းခုတ်လို့မရဘူး။ ရရင်အဲ့ဒါကိုရောင်းပြီး စားစရာဝယ်လို့ရသေးတယ်။ ကျွန်တော်တို့အိမ်ပြန်ပြီး ကိုယ့်မြေပေါ်မှာ ကိုယ်နေချင်ပြီ။ သူများမြေပေါ်မှာ မနေချင်တော့ဘူး။"* အေးလင်းသာယာကွင်းစခန်းတွင်နေထိုင်သည့် အခြားသောမေးခွန်းဖြေကြားသူတစ်ဦးကလည်း စခန်းတွင်မြေပိုင်ဆိုင်မှုမရှိသည့်အတွက် ၎င်းအနေဖြင့် ထင်းရှာရန်ခက်ခဲကြောင်း ရှင်းပြခဲ့သည်။ *"ဆောင်းတွင်းမှာဆို မီးလှုံဖို့ထင်းလိုတယ်။ ဒီဘက်မှာ ကျွန်တော်တို့ထင်းရှာလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ ဒီမြေတွေကို ဒေသခံတွေကပိုင်တယ်။ သူတို့မြေပေါ်မှာထင်းသွားရှာရင် ကျွန်တော်တို့ကိုဆူတယ်။"* မြေပိုင်ဆိုင်ခွင့်မရှိသည့်အတွက် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင် သူများအနေဖြင့် စားစရာနှင့်လိုအပ်သည့် အိမ်ဆောက်ပစ္စည်းများအတွက် မိုင်းထောင်ထားသော နေရာများသို့သွားရောက်ကာ ရှာဖွေရသည်။

## င။ ကျန်းမာရေးထောက်ပံ့မှု

### စခန်းအတွင်းရှိ ကျန်းမာရေး အခြေအနေ



စစ်ပြေးရှောင်စခန်းများတွင်ရှိသော ကလေးများသည် ရေကြောင့်ကူးစက်ပျံ့နှံ့သည့်ရောဂါများကို အထူးသဖြင့်ခံစားနေကြရသည်။ *[ဓာတ်ပုံ- KHRG]*

Sphere Handbook (စဖီးယားလက်စွဲစာအုပ်) ထဲတွင် မီးမောင်းထိုးပြထားသည်မှာ *"ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ခြင်း၊ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ဆိုင်သည့် သတင်းအချက်အလက်များအား လက်လှမ်းမီနိုင်ခြင်းကိုတောင်းဆိုထားသည်"*[26] ဤအရာသည် မြိုင်ကြီးငူရှိ နေရပ်ရွှေ့ပြောင်းနေထိုင်သူစခန်းများအားလုံးတွင် လုံးဝမရှိပေ။ အစားအစာဖူလုံမှု၊ ကျဉ်းကျပ်စွာနေရသည့်အခြေအနေ၊ ရေကောင်းရေသန့်ရရှိရန်ခက်ခဲခြင်း၊ အိမ်သာမလုံလောက်မှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုမရှိခြင်း တို့သည် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများ၏ ကျန်းမာရေး

[26] ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော Sphere Association ၏ "The Sphere Handbook – Humanitarian Charter and Minimum Standards in Humanitarian Response" တွင်ကြည့်ပါ။ 312.

အား ထိခိုက်မှုရှိစေသည်။ ဝက်သက်၊ ငှက်ဖျား၊ အပူတက်ခြင်းနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါများသည် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများ၏ စခန်းသုံးခုလုံးတွင် အဖြစ်များသည့် ရောဂါများဖြစ်သည်။

## ကျန်းမာရေးဝန်ဆောင်မှု ရရှိရန်ခက်ခဲခြင်း

နေရပ်ရွှေ့ပြောင်းနေထိုင်ရသူများသည် အရည်အသွေးပြည့်မီသည့် လုံခြုံပြီးထိရောက်မှုရှိသည့် ကျန်းမာရေးစနစ်များကို ရရှိသင့်သည်။ Sphere Standard (စဖီးယားစံချိန်စံနှုန်း)အရ နေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ အနည်းဆုံး ၈၀ ရာခိုင်နှုန်းသည် တစ်နာရီခန့်ကုန်းကြောင်း လျှောက်ရသည့် အကွာအဝေးအတွင်း ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီနိုင်ရမည်။[27] မြိုင်ကြီးငူရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းသုံးခုလုံးတွင် ဆေးပေးခန်းမရှိပါ။ မြိုင်ကြီးငူဆေးရုံသည် အေးလင်းသာယာကွင်းစခန်းနှင့် မြပန်းဝတ်မှုံစခန်းများ၏အနီးတွင်တည်ရှိပါသည်။ သို့သော် မာလာယုစခန်းနှင့် အလွန်အလှမ်းဝေးကွာပါသည်။

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများသည် မြိုင်ကြီးငူဆေးရုံသို့ ဆိုင်ကယ်တက္ကစီငှါး၍သွားရသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ရရှိရန်အပိုငွေကုန်ကြရသည်။ ပိုမိုဆိုးရွားသည့် အခြေအနေများတွင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများသည် ဘားအံသို့မဟုတ် ကမမောင်းဆေးရုံသို့သွားကာ ဆေးကုသမှုခံယူကြရသည်။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအား စခန်းကော်မတီခေါင်းဆောင်များမှ သယ်ယူပို့ဆောင်ရေးတွင် ကူညီပေးသော်လည်း အခြေအနေဆိုးသည့် လူနာများအတွက် ခရီးရှည်သွားရခြင်းသည်လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်စေသည်။ အေးလင်းသာယာကွင်းစခန်းမှ အမျိုးသားတစ်ဦးက *"ဒီမှာနေတဲ့အချိန်မှာ အဓိကရင်ဆိုင်ရတာက အခြေအနေဆိုးတဲ့ရောဂါတွေပဲ။ တချို့တွေက ဆေးရုံသွားဖို့အတွက် ခရီးစရိတ်အခက်အခဲရှိတယ်"* ဟုပြောပြခဲ့သည်။

Sphere Handbook (စဖီးယား လက်စွဲစာအုပ်) အရ *"အခြေခံကျန်းမာရေး စောင့်ရှောက်မှုအတွက် အခကြေးငွေ ကောက်ခံခြင်းမပြုသင့်ပေ။"*[28] ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် ဖြစ်လေ့ဖြစ်ထရှိသည့် ရောဂါများအတွက် မြိုင်ကြီးငူဆေးရုံတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။ ဆိုးရွားသောရောဂါများအတွက်ကိုမူ ဆေးကုသစရိတ် ကျခံပေးရသည်။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ အနေဖြင့် လိုအပ်သည့်ဆေးဝါးများကိုလည်း ဆေးညွှန်းကိုယူ၍ ကိုယ်တိုင်ဝယ်ယူကြရကြောင်း တင်ပြခဲ့ကြသည်။ အထက်တွင်ဖော်ပြထားသကဲ့သို့ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ အနေဖြင့် ဝင်ငွေအခွင့်အလမ်း အလွန်နည်းပါးပြီးကျန်းမာရေးစောင့်ရှောက်မှုအတွက်လိုအပ်သော ကုန်ကျစရိတ်များသည် မိသားစုဝင်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ အေးလင်းသာယာကွင်းစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက ဤကဲ့သို့ပြောပြခဲ့သည်။ *"ကျွန်မအနေနဲ့ကတော့ ကလေးတွေရဲ့ကျန်းမာရေးအတွက်ပဲ စိုးရိမ်တယ်။ သူတို့ဖျားရင် သူတို့ကိုဆေးရုံပို့ဖို့ ကျွန်မမှာပိုက်ဆံ*

[27] ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော Sphere Association ၏ "The Sphere Handbook – Humanitarian Charter and Minimum Standards in Humanitarian Response," 298-299 တွင်ကြည့်ပါ။

[28] ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော Sphere Association ၏ "The Sphere Handbook – Humanitarian Charter and Minimum Standards in Humanitarian Response," 307 တွင်ကြည့်ပါ။

*မရှိဘူး။ ဆေးရုံပို့ရင် ငွေအများကြီးကုန်ကျမှာဖြစ်တဲ့အတွက် သူတို့ကျန်းကျန်းမာမာရှိနေဖို့လိုတယ်။ သူတို့အတွက် ဆေးဝယ်ဖို့လည်း ကျွန်မတို့မတတ်နိုင်ဘူး။"*

ဘာသာစကား နားမလည်မှုသည်လည်း ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက် အခက်အခဲဖြစ်စေပါသည်။ အများစုမှာ ဗမာစကားကို နားမလည်သည့်အတွက် ဆရာဝန်များနှင့် ဆက်သွယ်ရာတွင် အခက်အခဲရင်ဆိုင်ကြရသည်။

**စ။ ပညာရေး**

## အလယ်တန်းနှင့် အထက်တန်းကျောင်း တက်ရောက်ရန် အခက်အခဲများ

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများတွင် ကျောင်းမရှိသော်လည်း အေးလင်းသာယာကွင်းစခန်းမှ ကျောင်းသားမိဘများက ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းဖြစ်သည့် မြပန်းဝတ်မှုံစခန်းတွင် အသက် ၁၂ အထိ ကလေးများအနေဖြင့် မူလတန်းပညာသင်ကြားနိုင်ကြောင်းကို အတည်ပြုခဲ့သည်။ အေးလင်းသာယာကွင်းတွင် နေထိုင်သော မေးခွန်းဖြေကြားသူတစ်ဦးက ကလေးများအနေဖြင့် ထိုကျောင်းတွင် အခမဲ့ပညာသင်နိုင်ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့အား တင်ပြခဲ့သည်။ *"ခုချိန်မှာတော့ မူလတန်းပညာရေးက ပြဿနာမဟုတ်ဘူး။ ဘုန်းကြီးကျောင်းမှာ ကျောင်းတက်တာဘာမှမကုန်ဘူး။ စာအုပ်တွေလည်း အလကားရတယ်။"* ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် မြို့ကြီးပေါ်ရှိအစိုးရကျောင်းတွင် ၎င်းတို့၏ကလေးများအား အခမဲ့ကျောင်းအပ်နိုင်သည်။ မာလာယုစခန်းတွင်နေထိုင်သည့် မေးခွန်းဖြေကြားသူတစ်ဦးမှ *"ကျောင်းထားတာက ဘာမှမကုန်ဘူး။ မြန်မာအစိုးရက ကျောင်းတွေကိုအထောက်အပံ့ပေးတယ်။ အဲ့ဒါကြောင့် ကျွန်တော့်မှာ အလုပ်မရှိလည်း ကလေးတွေကျောင်းတက်လို့ရတယ်။ ကျွန်တော့်မှာ ဝင်ငွေအလုံအလောက်ရှိခဲ့ရင် ကျွန်တော့်ကလေးတွေ အထက်တန်းကျောင်းတွေတက်လို့ရမယ်။ မရှိရင်တော့ အခြေအနေကို လက်ခံရမှာပဲ။"*

မူလတန်းအောင်ပြီးနောက်ပိုင်း ပညာရေးမှာ အခမဲ့မဟုတ်ပေ။[29] မိဘအများစုမှာ ၎င်းတို့အနေဖြင့် ၎င်းတို့၏ ကလေးများအား ကျောင်းဆက်မထားနိုင်မည်ကို စိုးရိမ်ကြောင်းပြောကြသည်။ *"အခုသူတို့က မူလတန်းပဲတက်တော့ အခမဲ့ပေ့ါ။ ငွေရေးကြေးရေး အခက်အခဲမရှိဘူး။ ဒါပေမယ့် အနာဂတ်မှာ အထက်တန်းဆက်တက်မယ်ဆိုရင်တော့ ငွေကြေးအခက်အခဲရှိလာနိုင်တယ်။"* မြပန်းဝတ်မှုံစခန်းတွင် နေထိုင်သောပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက သူ၏ကလေးများအား မူလတန်းပညာသင်ကြားရေးကို ပြီးမြောက်ရန်အတွက် အကူအညီမပါပဲ သူ့အနေနှင့် မထောက်ပံ့နိုင်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ *"ကျွန်တော့်ကလေးတွေကို ဆရာဝန်တွေဖြစ်စေချင်တယ်။ ဒါပေမယ့် ကျွန်တော်သူတို့ကိုကျောင်းမထားနိုင်ဘူး။ တကယ်လို့တစ်ယောက်ယောက်က သူတို့ကိုကျောင်းထားပေးမယ်ဆို ကျွန်တော် သူတို့ကို ကျောင်းတက်ဖို့အားပေးမယ်။"* နေရပ်ရွှေ့ပြောင်းနေထိုင်ကြသော ကျောင်းသားများအတွက် အလယ်တန်းနှင့် အထက်တန်းကျောင်းတို့၏ ကုန်ကျစရိတ်များသည် အတားအဆီးတစ်ခုဖြစ်နိုင်သည်။ ထို့အပြင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ ကလေးများအနေဖြင့် မြို့ကြီးပေါ်အထက်ကျောင်းသို့ ခြေလျင်ခရီးဖြင့် သွားရန်တစ်နာရီကြာသည်။ ထိုအခြေအနေသည် ကလေးများအား အထက်တန်းကျောင်း ဆက်တက်ရန်အတွက် အဟန့်အတားဖြစ်စေသည်။

---

[29] ကလေးအများစုမှာ လေးတန်းနှစ်တွင် ၉ နှစ် သို့မဟုတ် ၁၀ နှစ်ခန့် ရှိပြီဖြစ်သည်။

အချို့သော မေးခွန်းဖြေကြားသူများက နေရပ်ရွှေ့ပြောင်းနေထိုင်သူ ကလေးများ၏ ပညာသင်ကြားခွင့်အား ပိတ်ပင်ထားသည့် အခြားမမြင်နိုင်သည့် ကုန်ကျစရိတ်များနှင့် စခန်းနှင့်ကျောင်းကြားရှိ အကွာအဝေးနှင့်ပတ်သက်ပြီး တင်ပြထားသည်။ မာလာယုစခန်းတွင် နေထိုင်သောမိခင်တစ်ဦးက သူမ၏ကလေးအား ပညာသင်ကြားခွင့်ရရန်အတွက် နေစရိတ်ရှာဖွေပေးရကြောင်းတင်ပြခဲ့သည်။ *"ကျွန်မတို့အနေနဲ့ သူတို့တွေပညာသင်ပြီး တခြားနိုင်ငံတွေကို သွားတာမြင်ချင်တယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ငွေကြေးအခက်အခဲကြောင့် မျှော်လင့်ထားတာ မဖြစ်လာမှာကိုလည်းစိုးရိမ်တယ်။ အခုကျွန်မကလေးတွေက လေးတန်းစာမေးပွဲကိုဖြေကြတော့ မြို့ပေါ်ကလူတစ်ယောက်အိမ်မှာ သွားနေရတယ်။ အဲ့ဒီအတွက် ငွေကုန်ကြေးကျတာရှိတယ်။"* အေးလင်းသာယာကွင်းစခန်းမှ မိခင်တစ်ဦးက ကလေးများကျောင်းတက်သည့်အတွက်ကြုံတွေ့ရသည့် သူမ၏စီးပွားရေးအခက်အခဲများကိုကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြခဲ့သည်။ *"ကျွန်မတို့ ဖတ်စာအုပ်ကြေးပေးဖို့ အခက်အခဲတွေရှိတယ်။ တစ်ခါတစ်လေ ကျွန်မတို့ကလေးတွေက ဆိုင်ကယ်နဲ့ကျောင်းတက်ကြတော့ဆီဖိုးပေးရတယ်။"* အေးလင်းသာယာကွင်းစခန်းမှ မေးခွန်းဖြေကြားသူတစ်ဦးက ကျောင်းအတွက် လိုအပ်သည်များကိုဝယ်ရန် တောင်းဆိုမှုများရှိကြောင်း တင်ပြခဲ့သည်။ *"တစ်ခါတစ်လေ ကလေးတွေပြန်လာတဲ့အခါ တစ်ခုခုဝယ်ဖို့ ဆရာမတွေက ပိုက်ဆံတောင်းတယ်လို့ ပြန်လာပြောကြတယ်။ ကျွန်တော်တို့က ငွေရဖို့လမ်းမရှိတော့ အချိန်တိုင်းမပေးနိုင်ဘူး။"*

**ပညာရေး၏ အရည်အသွေး။ ။ဆက်လက်ဖြစ်ပွားလျက်ရှိသောအခြေအနေ**

ကလေးများအား အရည်အသွေးမြင့်သည့် ပညာရေးရရှိရန် တားဆီးလျက်ရှိသည့် အချက်များကို မေးခွန်းဖြေကြားသူအများစုကတင်ပြခဲ့သည်။ မြပန်းဝတ်မှုံစခန်းမှ ဖခင်တစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား သူ့ကလေး၏ကျောင်းတွင် စာသင်ပေးနေသောဆရာမသည် အချိန်ပြည့်မရှိကြောင်းကို ဤသို့တင်ပြခဲ့သည်။ *"စခန်းအုပ်ချုပ်ရေးမှူးက ကလေးတွေစာသင်နိုင်ဖို့ ကျောင်းစီစဉ်ပေးတယ်။ ဒါပေမယ့်ဆရာတွေက တစ်ရက်ကို နေ့တစ်ပိုင်းပဲစာသင်နိုင်တယ်။"* အခြားကျောင်းများမှာ မိုးရာသီတွင်ပိတ်ရကြောင်းကို အေးလင်းသာယာကွင်းစခန်းမှ ဖခင်တစ်ဦးက ဤသို့ရှင်းပြခဲ့သည်။ *"မိုးတွင်းတုန်းကရေကြီးတော့ ကျောင်းအကြာကြီးပိတ်ခဲ့ရတယ်။"* အေးလင်းသာယာကွင်းမှ မေးခွန်းဖြေကြားသူတစ်ဦးကလည်း အနည်းဆုံးကျောင်းတစ်ကျောင်းတွင် ကျောင်းသားအားလုံးအတွက် စားပွဲနှင့်ကုလားထိုင်များ အလုံအလောက်မရှိကြောင်းပြောခဲ့သည်။ *"ချမ်းသာမြိုင်ကျောင်းက စခန်းနားမှာပဲရှိတော့ ကျောင်းသားအများစုက အဲ့ဒီမှာစာသွားသင်ကြတယ်။ ကျောင်းဆရာ/မတွေက သူတို့ကိုချစ်ပေမယ့် ကျောင်းမှာကလေးတွေအတွက် စာသင်ဖို့ ခုံအလုံအလောက်မရှိဘူး။"*

ဒေသတွင်းရှိကျောင်းများတွင် နေရပ်ရွှေ့ပြောင်းနေထိုင်ကြသော ကလေးများအား ကရင်ဘာသာစကားမသင်ကြားပေးပါ။ ထိုအကြောင်းကို အေးလင်းသာယာကွင်းစခန်းမှ မေးခွန်းဖြေကြားသူတစ်ဦးက ဤသို့အတည်ပြုခဲ့သည်။ *"ကျောင်းမှာ ကရင်စာမသင်ဘူး။ ဗမာစာနဲ့ပါဠိ ဘာသာပဲသင်တယ်။"*[30] ဤအခွင့်အရေးအား ဝါကြီးသောဆရာတော်တစ်ပါးမှ စေတနာဖြင့်ကျောင်းချိန်ပြင်ပတွင် သင်ကြားပေးကြောင်း မေးခွန်းဖြေကြားသူတစ်ဦးမှ ရှင်းပြခဲ့သည်။ "သူတို့ကျောင်းစာသင်ပြီးရင် ဒါကိုသင်ရတယ်။ တချို့က မြန်မာအစိုးရအထက်တန်းကျောင်းကနေပြန်လာပြီး ကရင်စာသင်ချင်ရင် သင်ကြတယ်။"

---

[30] ပါဠိဘာသာဆိုသည်မှာ ထေရဝါဒ ဗုဒ္ဓဘာသာ၏ ဘာသာရေးဆိုင်ရာ ဘာသာစကားဖြစ်သည်။

## ကလေးများအား ကျောင်းထွက်စေသည့် အကြောင်းအရင်းများ



မြပန်းဝတ်မှုံစစ်ပြေးရှောင်စခန်းရှိ ကျောင်းမနေသည့်ကလေးများသည် ပလပ်စတစ်ပူးများကို ရောင်းချခြင်းဖြင့် ၎င်းတို့၏မိသားစုဝင်ငွေများရရှိရန်အတွက် ပလပ်စတစ်ပူးလွတ်များကို လိုက်လံကောက်ယူနေသောပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

အချို့သောမိဘများသည် ၎င်းတို့၏ ကလေးများအား ကျောင်းထားရန် မတတ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏မိသားစု ဝင်ငွေရရှိရန်အတွက် ကလေးများအပေါ် မှီခိုနေရသောကြောင့်ဖြစ်သည်။ ဤအချက်ကို အေးလင်းသာယာကွင်းစခန်းမှ အမျိုးသားတစ်ဦးက တင်ပြခဲ့ခြင်းဖြစ်သည်။ *"ကျွန်တော့်ကလေးတစ်ချို့က ကျောင်းအရမ်းတက်ချင်ပေမယ့် ကျွန်တော် ဘာလုပ်နိုင်မှာလဲ။ ကျွန်တော်တို့ စားဝတ်နေရေးအတွက် အလုပ်လုပ်ဖို့ လူအင်အားလိုတယ်။ မိသားစုတစ်စုလုံးကို ထောက်ပံ့ဖို့ ကျွန်တော်တစ်ယောက်ထဲ အလုပ်လုပ်လို့မရဘူး။"* မေးခွန်းဖြေကြားသူ အမျိုးသမီးတစ်ဦးကလည်း သူမ၏ကလေးများမှ အိမ်မှုကိစ္စနှင့် ဆရာတော်များ၏ ဘာသာရေးအလုပ်များတွင် ကူညီပေးရန်အတွက် ကျောင်းမတက်နိုင်ကြောင်း ပြောခဲ့ပါသည်။ *"ကျွန်မတို့ရွာမှာနေတုန်းကတော့ ကျောင်းနေကြပါတယ်။ ဒီကိုလာတော့ ကုသိုလ်ရဖို့ ဘာသာရေးအလုပ်လေးတွေ လုပ်ရတယ်။ အဲ့ဒီတော့ သူတို့တွေက အိမ်စောင့်တာတွေ ထမင်းချက်၊ ရေခပ်၊ အဝတ်လျှော်၊ မောင်လေးတွေကိုကြည့်တာတွေ လုပ်ရမယ်။"*

အချို့သောနေရပ်ရွှေ့ပြောင်းနေထိုင်သူ ကလေးများက ကျောင်းဆက်မတက်ရန် ရွေးချယ်ခဲ့ကြသည်။ ဤသည်မှာ ကလေးများအနေဖြင့် ပညာရေး၏အကျိုးရှိမှုကို မသိကြကြောင်းဖော်ပြနေသည်။ ပို၍စိုးရိမ်စရာကောင်းသည်မှာ ကလေးမိဘများအနေဖြင့် ပညာရေး၏ ကောင်းကျိုးကို သိသော်လည်း ကလေးများ၏ ဆုံးဖြတ်ချက်များအား မတားဆီးခြင်းပင်ဖြစ်သည်။ မာလာယုစခန်းမှ မေးခွန်းဖြေကြားသူတစ်ဦးမှ *"ကျွန်မကလေးတွေ အများစုက လေးတန်းပဲအောင်တယ်။ သူတို့ကို ကျောင်းဆက်တက်ခိုင်းလည်း သူတို့ကကျောင်းမတက်ချင်ဘူး။ ကျွန်မတို့ကတော့ မတတ်နိုင်လည်းကြိုးစားပြီးထားမှာပဲ။ သူတို့ကိုကျွန်မတို့က ပညာတတ်စေချင်ပေမယ့် သူတို့ကစာမသင်ချင်ရင်တော့ ကျွန်မတို့လည်းမတတ်နိုင်ဘူး။ သူတို့တွေ လယ်ထဲမှာအလုပ်လုပ်ပြီး သူများနောက်မှာပဲနေရမယ်"* ဟုပြောခဲ့ပါသည်။ ထိုဒေသမှအခြားသောဖခင်တစ်ဦးကလည်း နေရပ်ရွှေ့ပြောင်းနေရမှုကြောင့် သူ၏ကလေးကျောင်းထွက်ရသည်ဟုတင်ပြခဲ့သည်။ *"သူတို့တွေတစ်နေရာပြီး တစ်နေရာရွှေ့ရတယ်။ ဒါကြောင့် သူတို့ကျောင်းမသွားချင်တော့ဘူး။ ကျွန်တော်တို့ နှစ်တိုင်းပြေးရတယ်။ ကျွန်တော့်ကလေးတွေကို ကျွန်တော်ကျောင်းတက်ခိုင်းလည်း သူတို့မတက်ချင်တော့ဘူး။"* အချိန်ကြာမြင့်စွာ နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းနှင့် စားဝတ်နေရေးမပြေလည်မှုများက ကလေးများအပေါ် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများရှိစေပြီး ၎င်းတို့၏ ပညာရေးအား ဆုံးခန်းတိုင်သင်ကြားရန် အခက်အခဲများ ဖြစ်စေသည်။ အမြဲတစေရွှေ့ပြောင်းနေထိုင်

ကြရသည့်အတွက် ပညာသင်ကြားရန် ကျောင်းထွက်သွားသည့်ကလေး များအားအထူးဂရုစိုက်မှုပေး ရန် လိုအပ်သည်။

စိတ်ပိုင်းဆိုင်ရာထိခိုက်မှု သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများကြောင့် ကျောင်းမတက်နိုင်တော့ သည့် ကလေးများနှင့်ပတ်သက်သော အကြောင်းအရာနှစ်ခုကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ မှတ်တမ်း တင်နိုင်ခဲ့သည်။ ဒအေးလင်းသာယာကွင်းစခန်းမှ မေးခွန်းဖြေကြားသူတစ်ဦးက သူ၏မြေးများသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသည့်အတွက် ကျောင်းမှထွက်လိုက်ရကြောင်း ရှင်းပြခဲ့သည်။ *"ဒီကို လာတဲ့သူတော်တော်များများက စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ သိပ် နားမလည်ဘူး။ ကျွန်တော်ဒီကိုစစရောက်တော့ ကလေးတွေကို ကျောင်းမှာစာရင်းပေးဖို့ပြောတယ်။ ကျွန်တော့် မြေးနှစ်ယောက်ကို ကျွန်တော်စာရင်းပေးခဲ့တယ်။ ဒါပေမယ့် ဆရာတွေပြောတာက သူတို့က အတန်းထဲမှာမတက်ကြဘူး၊ စိတ်လည်းမဝင်စားဘူး။ ဒါကြောင့် ဒီကလေးတွေကို သူတို့ ကျောင်းထုတ်လိုက်တယ်။"* နေရပ်ရွှေ့ပြောင်းနေထိုင်ကြရသော ကလေးများသည် စိတ်ထိခိုက်မှု နှင့် စိတ်ဓါတ်ကျမှုများအား နောက်ပိုင်းတွင်ရင်ဆိုင်ကြရသည်။ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာအခြေ အနေများသည် ၎င်းတို့၏ စိတ်ကျန်းမာရေးနှင့် ကျောင်းတွင် အာရုံစိုက်နိုင်စွမ်းများအား အလွန် ဆိုးရွားစွာ ထိခိုက်မှုရှိစေနိုင်သည်။ ထိုဒေသမှ မေးခွန်းဖြေကြားသူတစ်ဦးကလည်း သူ၏ကလေး တစ်ဦးသည် သူ၏ညီများနှင့်မတူပဲ လမ်းမလျှောက်နိုင်တော့သည့်အတွက် ကျောင်းမတက်နိုင်တော့ ကြောင်း တင်ပြခဲ့သည်။ *"ကျွန်တော့် ဒုတိယကလေးက ခုဆို ၇ တန်းတက်ပြီ။ တတိယတစ်ယောက်က လေးတန်းတက်နေတယ်။ အကြီးဆုံးတစ်ယောက်ကတော့ လမ်းမလျှောက်နိုင်ဘူး။"* မြိုင်ကြီးငူရှိ ကျောင်းများသည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ခံစားနေရသော ကလေးများအတွက် လိုအပ်သည့် နေရာထိုင်ခင်းမရှိပေ။ ဤအခြေအနေသည် ထိုသို့သော ကလေးများအတွက် ကျောင်း ပညာသင်ကြားမှု မပြုလုပ်နိုင်ရန် ခွဲခြားနေခြင်းဖြစ်သည်။

## ဆ။ လုံခြုံရေးနှင့်အကာအကွယ်ပေးခြင်း



မြိုင်ကြီးငူစစ်ပြေးရှောင်စခန်းရှိ အမျိုးသမီးများနှင့် အမျိုးသမီးငယ် များသည် ညအချိန်၌ ၎င်းတို့အိမ်အပြင်သို့ထွက်ရန် ကြောက်ရွံ့နေ ကြရသည်။ *[ဓာတ်ပုံ- KHRG]*

ဤအစီရင်ခံစာသည် ပြည်တွင်းနေ ရပ်ရွှေ့ပြောင်းနေထိုင်သူများထံမှ ရရှိသောအချက်အလက်များကို အများအားဖြင့် အခြေခံထားသည်။ ရလာဒ်အနေဖြင့် နေရပ်ရွှေ့ပြောင်း နေထိုင်ကြသူများ၏ အခွင့်အရေး အား ကာကွယ်ရန်အတွက် စခန်း တာဝန်ရှိသူများမှ လိုအပ်ချက်များ အားတိုင်းထွာမှု၊ အခွင့်အရေးချိုး ဖောက်မှုများအား အကာအကွယ် ပေးမှုနှင့် ကိုင်တွယ်ဖြေရှင်းမှုများ အား မည်မျှလုပ်ဆောင်လျက်ရှိ ကြောင်းကို သိရှိရန်ခက်ခဲသည်။ ထို့အပြင် ကွင်းဆင်းသတင်းကောက်

ခံခြင်းများကိုလည်း ဆရာတော်ဦးသုဇန ပျံလွန်တော်မူပြီးသည့် နောက်တွင်သာ လုပ်ဆောင်ခဲ့ရသည့် အတွက် စခန်းတာဝန်ရှိသူများအား မလေးမစားပြုရာရောက်သည်ဟု ယူဆနိုင်ပါသည်။ နောက်ဆုံး အနေဖြင့် မေးခွန်းဖြေကြားသူများမှာ လူ့အခွင့်အရေးသဘောတရားများအား အပြည့်အဝနားလည် သည်ဟု ဖော်ပြနိုင်သည့်အခြေအနေမရှိပေ။ ထို့ကြောင့် ၎င်းတို့၏ အခွင့်အရေးချိုးဖောက်ခံရသည်ကို သိရှိနိုင်မှုနည်းပါးနိုင်သည်။

စခန်းအတွင်း လွတ်လပ်စွာသွားလာခွင့်အား ပိတ်ပင်ထားခြင်းနှင့်ပတ်သက်၍ တင်ပြမှုတစ်စုံတစ်ရာမျှ မရှိပေ။ မေးခွန်းဖြေကြားသူများအနေဖြင့် ၎င်းတို့ဆန္ဒအတိုင်း စခန်းမှထွက်ခွာနိုင်ပြီး စစ်ဆေးရေးဂိတ် ဖွင့်သည့်အချိန်တွင်သာ သွားလာမှုပြုလုပ်လေ့ရှိပြီး ၎င်းတို့ခရီးသွားရသည့် အကြောင်းရင်းနှင့် ခရီး သွားသည့်အချိန်များအား နယ်ခြားစောင့်တပ်သို့ သတင်းပေးပို့လေ့ရှိသည်။ စခန်းတွင်းဖြစ်ပွားသော ပြဿနာများအား စခန်းတာဝန်ရှိသူများနှင့်နယ်ခြားစောင့်တပ်အပါအဝင် ဒေသခံအာဏာပိုင်များက ဖြေရှင်းလေ့ရှိသည်။ သို့သော် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ခွဲခြားဆက်ဆံခံရမှုများအတွက် ဖြေရှင်းပေးသည့် အထူးယန္တရားတစ်ခု စခန်းအတွင်း၌ရှိမရှိနှင့် အသုံးပြုနိုင်ခြင်းရှိမရှိမှာ ရှင်းလင်းမှု မရှိပေ။ မေးခွန်းဖြေကြားသူအများစုမှ ရှိသည်ဟုပြောသော်လည်း အချို့မှာ ထိုအကြောင်းနှင့်ပတ် သက်၍ မသိပေ။ ခွဲခြားဆက်ဆံခံရမှုများ သို့မဟုတ် နှိပ်စက်မှုများအတွက် မည်သူ့အား တိုင်ကြားမည် နည်းဟု မေးသည့်အခါတွင် *"ကျွန်မဒီမှာရှိတဲ့သူတွေကို မသိတော့ ဘယ်ကိုတိုင်ရမလဲဆိုတာမသိဘူး။ ကျွန်မဘယ်ကိုမှ တိုင်မှာမဟုတ်ဘူး။"*

မေးခွန်းဖြေကြားသူအများစုက စခန်းအတွင်းရှိလုံခြုံရေးနှင့်ပတ်သက်ပြီး စိုးရိမ်မှုရှိကြောင်းကို တင်ပြမှု မပြုလုပ်ခဲ့ပေ။ သို့သော် မေးခွန်းဖြေကြားသူအမျိုးသမီးအချို့က စခန်းအတွင်း ညအချိန်သွားလာရ မည်ကို ကြောက်သည့်အကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့အားဝေမျှခဲ့ပြီး အေးလင်းသာယာကွင်း စခန်းတွင် နေထိုင်သူတစ်ဦးက ဤသို့အတည်ပြုပြောကြားခဲ့သည်။ *"နေ့အချိန်ဆို ကျွန်မတို့လုံခြုံတယ် လို့ခံစားရတယ်။ ဒါပေမယ့် ညအချိန်ဆိုရင်တော့ ကျွန်မတို့ တစ်ယောက်ထဲလျှောက်သွားရမှာ ကြောက်တယ်။ အိမ်သာက ကျွန်မတို့အိမ်တွေနဲ့ဝေးတယ်။ ဒါကြောင့် အဲ့ဒီကို ညအချိန်သွားဖို့အတွက် က လုံခြုံမှုမရှိဘူးလို့ခံစားရတယ်။ လိင်ပိုင်းဆိုင်ရာစော်ကားခံရမှာ ကျွန်မကြောက်တယ်။"* အခြား သောအမျိုးသမီး မေးခွန်းဖြေကြားသူတစ်ဦးက သူမ၏လုံခြုံရေးအတွက် စိုးရိမ်မှုမရှိသော်လည်း အခြားအမျိုးသမီးများအနေနှင့် တစ်ဦးတည်းသွားရန် အဆင်မပြေသည့် နေရာများသို့ ၎င်းတို့နှင့်အတူ သွားမည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ *"ကျွန်မတို့ဒီမှာနေတာ မိသားစုတွေလိုပဲ၊ တစ်ယောက်နဲ့တစ် ယောက် ကူညီကြတယ်။ မိန်းကလေးတွေ အိမ်သာကို တစ်ယောက်ထဲသွားဖို့ ကြောက်တယ်ဆို သူတို့နောက်လိုက်ပြီး ဂရုစိုက်ပေးတယ်။"* ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် ပြည်တွင်းနေရပ်ရွှေ့ ပြောင်းနေထိုင်သူအချင်းချင်းကြား လိင်ပိုင်းဆိုင်ရာစော်ကားမှု သို့မဟုတ် အကြမ်းဖက်မှုများနှင့် ပတ် သက်ပြီး သတင်းအချက်အလက်ရရှိခြင်း မရှိသော်လည်း ခိုးမှုများနှင့် ပတ်သက်၍ မေးခွန်းဖြေကြား သူတစ်ဦးက တင်ပြခဲ့သည်။

ပထမစာပိုဒ်တွင် ဖော်ပြခဲ့သည့်အဟန့်အတားများရှိသော်လည်း ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် နယ်ခြားစောင့်တပ်မှ ကျူးလွန်ခဲ့သော ညှဉ်းပမ်းနှိပ်စက်မှုနှင့်ပတ်သက်၍ သတင်းရယူနိုင်ခဲ့သည်။ ထို့အပြင် နေရပ်ရွှေ့ပြောင်းနေထိုင်သူများမှ အဓမ္မစေခိုင်းမှုဖြစ်စေနိုင်သည့် ကုသိုလ်ဖြစ်လုပ်အားပေး များတွင် ပါဝင်နေမည်ကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ စိုးရိမ်လျက်ရှိသည်။

## လက်နက်ကိုင်များမှ အကြမ်းဖက်မှုများ

မေးခွန်းဖြေကြားသူများမှ စခန်းအနီးဝန်းကျင်တွင် နယ်ခြားစောင့်တပ်မှ စစ်သားများရှိနေကြောင်းကို ဖော်ပြကြသော်လည်း ၎င်းတို့အနေဖြင့် ထိုအဖွဲ့များ၏ နှိပ်စက်ခြင်းခံရကြောင်းကိုမူ တင်ပြသူမရှိပေ။ သို့သော် နယ်ခြားစောင့်တပ်မှတပ်သားတစ်ဦးက သူ၏ဆွေမျိုးများအား ရက်စက်စွာရိုက်နက်ခဲ့ကြောင်းကို ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူအမျိုးသားတစ်ဦးက တင်ပြခဲ့သည်။ ထိုအဖြစ်အပျက်သည် နယ်ခြားစောင့်တပ်အား လှေဖြင့်လိုက်ပို့ရန် သူ၏ဆွေမျိုးမှငြင်းဆန်ခဲ့သည်နောက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။[31] *"ကျွန်တော့်သားမက်က ဗိုလ်ဘိုဝင်းကို အဲ့ဒီနေ့မှာ သွားမပို့နိုင်ဘူးလို့ပြောတယ်။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီနေ့မှာ သူ့ကျွဲတွေကိုသူအစာကျွေးရမယ်။ နောက်တစ်ခေါက် ကျွန်တော့်သားမက် အဲ့ဒီမြစ်ကိုကူးတော့ ဗိုလ်ဘိုဝင်းကသူ့ကိုရပ်ပြီး တူနဲ့ခေါင်းကို အချက်ပေါင်းများစွာထုတယ်။ သူ့ခေါင်းက သွေးတွေအရမ်းထွက်ပြီး ဒဏ်ရာပြင်းတယ်။ သူ့ကိုအဲ့လိုပဲ ထားခဲ့ကြတယ်။"*[32] ကရင်လူ့အခွင့်အရေးအဖွဲ့၏ ရှာဖွေတွေ့ရှိမှုများအရ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နယ်ခြားစောင့်တပ်မှ စစ်သားများ၏ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်နှိပ်စက်မှုများအား အရေးယူမှုများမရှိသည့်အတွက် ဆက်လက်ဖြစ်ပွားလျက် ရှိနေသေးသည်။

## အဓမ္မလုပ်အားပေး စေခိုင်းခြင်း

မေးခွန်းဖြေကြားသူများသည် ၎င်းတို့ကိုယ်တိုင် သို့မဟုတ် အခြားသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများက ကုသိုလ်ရလိုသောကြောင့် ဘုန်းကြီးများအတွက် အလုပ်များ ပုံမှန်လုပ်ကိုင်ပေးကြောင်း တင်ပြခဲ့သည်။ မာလာယုစခန်းမှ အမျိုးသားတစ်ဦးက *"ကျွန်တော်တို့ စခန်းထဲမှာနေတဲ့အခါ ကျွန်တော်တို့ ဘုန်းကြီးကျောင်းအတွက် အလုပ်လုပ်ပေးရတယ်"* ဟုပြောပြခဲ့သည်။ ဗုဒ္ဓဘာသာတွင် ကုသိုလ်ဆိုသည်မှာ ကောင်းမှုလုပ်သည့်အခါမှ ရရှိလာသော အကာအကွယ်ပေးသည့် အားတစ်ခုဖြစ်သည်။ ကုသိုလ်ပြုသောသူအတွက် ကောင်းသောအရာများကိုသာ ယူဆောင်ပေးသည်ဟူသော ယုံကြည်ချက်ကြောင့် ဗုဒ္ဓဘာသာဝင်များအတွက် ကုသိုလ်ပြုခြင်းသည် ဘဝအတွက်အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အေးလင်းသာယာကွင်းစခန်းတွင် နေထိုင်သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက စခန်းအတွင်းနေထိုင်စဉ် ကုသိုလ်ရမည့်အရာများလုပ်ရသည့်အတွက် ကျေးဇူးတင်ကြောင်းပြောခဲ့သည်။ *"ကျွန်မက ဘုန်းကြီးကျောင်းအတွက် အလုပ်လုပ်ပေးတယ်။ တစ်ခါတစ်လေ အလုပ်မရှိတော့ ကျွန်မတို့ဘာမှလုပ်စရာမရှိဘူး။ ကျွန်မဒီဘာသာရေး အသိုက်အဝန်းထဲမှာ နေရတာပျော်တယ်။ ဘာကြောင့်လဲဆိုတော့ ရွာမှာနေတုန်းကဆို ကျွန်မဘာကုသိုလ်ကောင်းမှုမှ မလုပ်နိုင်ခဲ့ဘူး။ ဒီမှာကျတော့ ကျွန်မဘယ်အချိန်ဖြစ်ဖြစ်လုပ်လို့ရတယ်။ ဒါပေမယ့် ဒီထဲမှာနေတဲ့အချိန် ကျွန်မတို့ရဲ့စားဝတ်နေရေးအတွက်တော့ စိတ်ပူရတာပဲ။"*

---

31 လက်နက်ကိုင်များသည် ၎င်းတို့၏ သွားလာရေးအတွက် ပြည်သူများအား အသုံးပြုလေ့ရှိသည်။

32 ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Hpapun Incident Report: A village head sustained serious injuries after being tortured by BGF #1014 in Bu Tho Township, November 2018"; ၂၀၁၈ ခုနှစ်၊ မတ်လ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ , "Hpapun Incident Report: Violent threats and physical abuse by BGF #1013 soldier in Dwe Lo Township, March 2017"; နှင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏, "Violent abuse and killing committed by BGF soldiers in Bu Tho Township, Hpapun District, March to May 2015".

ဤအလုပ်များအား ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများကို ဖိအားပေးကာ လုပ်ခိုင်းသည်နှင့် ပတ်သက်၍ ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် မည်သည့်သက်သေအထောက်အထားမှ မတွေ့ခဲ့ပါ။ သို့သော် အချို့သောပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် အခြားရွေးချယ်စရာမရှိပဲ ၎င်းတို့အား စခန်းအတွင်းနေထိုင်စဉ် ထောက်ပံ့နေသောဘုန်းကြီးများအတွက် အလုပ်လုပ်ကိုင်ပေးရမည်ဆိုသည့် ခံစားချက်မျိုးရှိနိုင်သည်။ အမျိုးသမီးတစ်ဦးသည် ၎င်း၏အမျိုးသား အဝေးရောက်နေမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် ဤလုပ်အားပေးလုပ်ရန် လူမှုရေးဆိုင်ရာဖိအားမှာ ကြီးမားကြောင်းကို တွေ့မြင်ရသည်။ *"ကျွန်မအမျိုးသားက ဒီမှာလုပ်အားပေးလုပ်ဖို့ မရှိဘူး။ ဒါကို အတင်းပြောတာတွေလည်း ရှိကြမှာပဲ။"* အခြားပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးကလည်း အလားတူအတွေးမျိုးကို တင်ပြခဲ့သည်။ *"ကျွန်တော်က အသက်ကြီးတဲ့လူတွေနောက်ကိုပဲလိုက်တယ်။ သူတို့က အလုပ်လုပ်လို့ပြောရင်လုပ်မှာပဲ။"* ထို့အပြင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် အဓမ္မစေခိုင်းမှုဆိုသည်မှာ မည်သည့်အရာကို ဆိုလိုခြင်းဖြစ် ကြောင်း သေချာစွာနားမလည်ခြင်းလည်း ဖြစ်နိုင်သည်။ အခြားအမျိုးသမီးတစ်ဦး၏ ရှင်းလင်းချက်မှာ *"သူတို့က ဘာမေးခွန်းမှ မမေးဘူး။ သူတို့ကိုအလုပ်သွားလုပ်ခိုင်းရင် ဘာမှမပြောပဲ သွားလုပ်ကြမှာပဲ။"*

၂၀၁၃ ခုနှစ်တွင် ဖာပွန်ခရိုင်၊ ဘုသိုမြို့နယ်အတွင်း တံတားဆောက်ရန်အတွက် ကလေး၊ အမျိုးသမီးနှင့် အသက်ကြီးရွယ်အိုများအပါအဝင် ကျေးရွာအုပ်စု ငါးစုမှရွာသားများအား ဆရာတော် ဦးသုဇနမှ အဓမ္မခိုင်းစေခဲ့ကြောင်း သတင်းအချက်အလက်ရယူထားခဲ့သည်။ ထိုအလုပ်အတွက် လုပ်အားခမရရှိခဲ့ပဲ ဘာသာရေးအတွက် လုပ်အားဒါနအဖြစ်သာဖော်ပြခဲ့သည်။ [33]



တစ်ချို့သောပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ ပြောပြချက်များအရ ဆရာတော်များအတွက် ကောင်းမှုကုသိုလ်များ ရရှိရန် စခန်းအတွင်းနှင့်၎င်းဝန်းကျင်နားတွင် လမ်းများ၊ စေတီပုထိုး များနှင့် တံတားများကို ဆောက်လုပ်ပေးနေကြရသည်။
*[ဓာတ်ပုံ- KHRG]*

အမျိုးသမီးတစ်ဦး၏ ရှင်းလင်းတင်ပြမှုအရ ဆရာတော်ဦးသုဇန အသက်ရှင်နေသည့်အချိန်တွင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေဖြင့် တံတားဆောက်လုပ်ရေးတွင် ကူညီလုပ်ကိုင်ပေးရကြောင်း တင်ပြခဲ့သည်။ *"ကျွန်မတို့ကို တံတားဆောက်ဖို့နဲ့ ကုသိုလ်ဖြစ်ကူညီပေးဖို့ ခေါ်ကြတယ်။ အခုတော့ ဘုန်းကြီးလည်းပျံလွန်ပြီဆိုတော့ ကျွန်မတို့ တံတားဆောက် စရာမလိုတော့ဘူး။"* ၂၀၁၈ ခုနှစ်၊ မတ်လတွင် Frontier Myanmar သတင်းစာတွင် ဖော်ပြထားခြင်းအရ လှိုင်းဘွဲ့-ဘားအံလမ်းမကြီးနှင့် ကျုံထော်ရေတံခွန်

33 ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Incident Report: Monk orders forced labour for bridge construction, Hpapun District" နှင့် ၂၀၁၃ ခုနှစ် ဧပြီလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Papun Situation Update: Forced labour in Bu Tho Township, January to February 2013" တွင်ကြည့်ပါ။

ကြား လယ်မကြီးအားအဆင့်မြင့်တင်ရန်နှင့် ဘာသာရေးအတွက်ဘုန်းကြီးကျောင်းတွင် ခန်းမဆောက်ရန်အတွက် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူလူကြီးများနှင့် လူငယ်များ၏အကူအညီများ လိုအပ်ခဲ့သည်။[34]

ကုသိုလ်ဖြစ်လုပ်အားပေးလုပ်သည့်အခါ တစ်ခါတစ်ရံ အစားအသောက်များ ရရှိသော်လည်း အခကြေးငွေမရသည့်အလုပ်ဖြစ်သည်။ အေးလင်းသာယာကွင်းစခန်းမှ မေးခွန်းဖြေကြားသူ တစ်ဦးက သူမအနေနှင့် သူမ၏မိသားစုအား ထောက်ပံ့ရန်အတွက် ဝင်ငွေမရှိကြောင်း ပြောခဲ့သော်လည်း လုပ်အားခမရသည့် ဆောက်လုပ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက် ရှိကြောင်းကိုလည်း ကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြခဲ့သည်။ *"ကျွန်မတို့ ဘာသာရေးပွဲတွေမှာ လုပ်အားပေးလုပ်ပြီး လမ်းဖောက်တာမှာလည်း ကူလုပ်ပေးတယ်။ တကယ်လို့ ကျွန်မတို့ကို ကျောက်ဆောင်မှာ သဲနဲ့ကျောက်သွားသယ်ခိုင်းရင် ကျွန်မတို့သွားတယ်။ အခြားလုပ်ဖို့အလုပ်မရှိဘူး။"* အခကြေးငွေ ပေးသောအလုပ်များ မရှိခြင်းက ကုသိုလ်ဖြစ်အလုပ်များတွင် လုပ်အားပေးရန် ဖြစ်စေသည်။ အေးလင်းသာယာကွင်းမှ အခြားသောမေးခွန်းဖြေကြားသူတစ်ဦးက သူ့အနေဖြင့် အခြားသောဝင်ငွေရမည့်အလုပ်ထက် ကုသိုလ်ရမည့်အလုပ်ကိုသာလုပ်ကိုင်ပြီးစားစရာရယူလိုကြောင်းပြောခဲ့သည်။ထိုရရှိသောစားစရာမှာ ပုံမှန် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ ရရှိသည့်ရိက္ခာထက် ပိုမည်မဟုတ်ပေ။ *"တခြားသူကို ကူညီလို့ ကုသိုလ်ရမယ့်အလုပ်မျိုးလာခေါ်ရင် ကျွန်တော်တို့သွားတယ်။ ကျွန်တော်တို့ ဘာမှမရဘူး။ မနက်ခင်းသွားပြီး ညနေခင်းပြန်လာရတယ်။ တချို့လူတွေ အဲ့ဒီကပြန်လာတဲ့အခါ တခြားချက်ပြုတ်စရာတွေ ဝေလို့ကုန်သွားတော့ ဆန်ပဲရကြတယ်။ ကျွန်တော့်ကို ဝင်ငွေရမယ့် အလုပ်လုပ်ဖို့ တစ်ခါတစ်လေလာခေါ်တယ်။ ဒါပေမယ့် ကျွန်တော်မအားတော့ ငြင်းလိုက်တယ်။ ကျွန်တော်တို့ကုသိုလ်ရေးအလုပ် တစ်ခုခုလုပ်တဲ့အခါ စားစရာတွေရတယ်။"*

ကလေးများသည်လည်း ကုသိုလ်ဖြစ်လုပ်ငန်းများတွင် ပါဝင်လျက်ရှိကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ မှတ်တမ်းတင်ခဲ့သည်။ ထိုအရာက ကလေးများအား ပညာသင်ယူမှုအတွက် အဟန့်အတားဖြစ်စေသည်။ မေးခွန်းဖြေကြားသူတစ်ဦးက ဘာသာရေးလုပ်ငန်းများသည် သူ၏ကလေးများ ဆက်လက်ကျောင်းမတက်နိုင်ရသည့် အကြောင်းရင်းတစ်ခုဖြစ်ကြောင်း တင်ပြခဲ့သည်။ *"အရင် ကျွန်တော်တို့ရွာမှာနေတုန်းက သူတို့ကျောင်းသွားကြတယ်။ ဒီကိုရောက်လာတော့ သူတို့ကုသိုလ်ရဖို့ ဘာသာရေးအလုပ်တွေ လုပ်ရတယ်။"*

[34] ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထုတ်ဝေခဲ့သော Frontier Myanmar ၏ "Myaing Gyi Ngu's uneasy peace in Kayin State" တွင် ကြည့်ပါ။

# ၄။ နေရပ်ပြန်ရန်အတွက် အတားအဆီးများ

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် ရွှေ့ပြောင်းနေထိုင်စဉ်ကာလအတွင်း နေ့စဉ်လိုအပ်ချက်များအား ပြည့်မီရန်အတွက်တွေ့ကြုံရသည့်အခက်အခဲများစွာအပြင် ၎င်းတို့နေရပ်ပြန်သည့်အချိန်တွင် ရင်ဆိုင်ရမည့်အခက်အခဲများသည်လည်း ၎င်းတို့အတွက် လက်တွေ့ကျကျရင်ဆိုင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ တွေးပူမှုများလည်းဖြစ်စေနိုင်ပါသည်။ အထက်တွင် ဖော်ပြထားသကဲ့သို့ မြိုင်ကြီးငူဒေသရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ ခံစားနေရသည့် စိုးရိမ်ပူပန်မှုများတွင် ဝင်ငွေရရှိရန်မလုပ်ဆောင်နိုင်ခြင်းနှင့် ၎င်းတို့၏ကလေးများအတွက် အရေးကြီးသည့်အရာများဖြစ်သည့် ပညာရေးကဲ့သို့သောအရင်းအမြစ်များအား လက်လှမ်းမမီခြင်းတို့ပါဝင်လျက်ရှိသည်။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်နေကြရသူများသည် ၎င်းတို့၏ မသေချာမရေရာသော အနာဂတ်နှင့်ပတ်သက်၍လည်း စိတ်ပျက်အားလျှော့လျက်ရှိပါသည်။ သို့သော်လည်း ယခုအချိန်တွင် မူလနေရာသို့ ပြန်နိုင်ဦးမည်မဟုတ်ဟု ခံစားကြရလျက်ရှိပါသည်။ ဤအခန်းတွင် ထိုစိုးရိမ်မှုများနှင့်ပတ်သက်၍ ၎င်းတို့၏အမြင်များကို ဖော်ပြထားသည်။

**အဓိက စိုးရိမ်ရသည့်အချက်များ**

၁။ မြေမြှုပ်မိုင်းသည် ၎င်းတို့၏နေရပ်ပြန်ရေးအတွက် အတားအဆီးတစ်ခုဖြစ်ကြောင်းကို ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ ၈၂ ရာခိုင်နှုန်းမှ တင်ပြထားကြသည်။

၂။ မကြာခဏဖြစ်ပွားလျက်ရှိသောတိုက်ပွဲငယ်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများအပြင် လက်နက်ကိုင်တပ်ဖွဲ့များ နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများနှင့် နီးကပ်စွာရှိနေခြင်းက ဖာပွန်ခရိုင်အတွင်းရှိ နေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက် ဘေးကင်းလုံခြုံစွာ နေရပ်ပြန်ရန်အတွက် အတားအဆီးဖြစ်ပါသည်။

၃။ ကြာမြင့်စွာနေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းကြောင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများပိုင်ဆိုင်ခဲ့သည့်မြေများမှာ မြေလွတ်များနှင့်သီးနှံမထွက်သည့်စိုက်ခင်းများအဖြစ် ကျန်ခဲ့လျက်ရှိပါသည်။ သူတို့၏ မြေယာများ ပြန်လည်သီးနှံဖြစ်ထွန်းရန်အတွက် တစ်နှစ်မျှပင်အချိန် ကြာမြင့်နိုင်ပါသည်။

## က။ မြေမြှုပ်မိုင်းများ

တွေ့ဆုံမေးမြန်းခံရသူများအနက် ၈၂ ရာခိုင်နှုန်းက မြေမြှုပ်မိုင်းသည် ၎င်းတို့၏နေရပ်ပြန်ရေးအတွက် အဟန့်အတားဖြစ်ကြောင်း အတိအလင်းတင်ပြကြပါသည်။ ထီးသာထရွာမှ မေးခွန်းဖြေကြားသူတစ်ဦးက *"ကျွန်တော့်ရွာကို ပြန်ရမှာကြောက်တယ်။ ဘာကြောင့်လဲဆိုတော့ ရွာပြန်ပြီးမိုင်းထိတဲ့သူတွေကို တွေ့ဖူးတယ်။ တစ်ချို့တွေဆိုသေသွားတယ်။"* မြန်မာနိုင်ငံ၏အရေးကြီးသည့် အချို့နေရာများ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် မြေမြှုပ်မိုင်းများ ဆက်လက်တည်ရှိနေပါသည်။ မှတ်တမ်းပြုစုထားချက်အရ တစ်နိုင်ငံလုံးအတိုင်းအတာတွင် ၂၀၀၇ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူ ၃၅၃၉ ဦးရှိသည်သည်။[35] ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သော

[35] ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သော Myanmar Information Management Unit ၏ "Townships with Known Landmine Contamination and Casualties in Myanmar (2017)" တွင်ကြည့်ပါ။

အမျိုးသားပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက မြေမြှုပ်မိုင်းသည် အချိန်ကြာမြင့်စွာတည်ရှိနေသော ပြဿနာတစ်ခုဖြစ်ကြောင်း အတည်ပြုခဲ့သည်။ *"ကျွန်တော့်သမီးက လွန်ခဲ့တဲ့ရှစ်နှစ်တုန်းက မိုင်းနင်းမိပြီး ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့ရတယ်။ လယ်ကွင်းထဲဆင်းပြီး ပြန်လာတဲ့အချိန်မှာ နင်းမိတာပါ။ အဲ့ဒီမိုင်းတွေကို KNLA က စစ်သားတွေထောင်ထားတာ။ သူတို့ကိုယ်တိုင်ပဲ မိုင်းထောင်ခဲ့တဲ့အကြောင်း ကျွန်တော်တို့ကို လာပြောပြခဲ့တယ်။"*

## အချိန်ကြာမြင့်စွာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက်ရှိသောပြဿနာ

မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ်(MIMU)၏ ဖော်ပြချက်များအရ မြေမြှုပ်မိုင်းများသည် ကရင်ပြည်နယ်၏ မြို့နယ်များအားလုံးတွင် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက တည်ရှိနေပါသည်။ [36] ယခုအချိန်အထိ တရားဝင်မိုင်းရှင်းလင်းရေးအစီအစဉ်အောက်တွင် မြေမြှုပ်မိုင်းဖယ်ရှားခြင်းများအား ပြုလုပ်ခြင်းမရှိသေးပါ။ မြေမြှုပ်မိုင်း မတော်တဆပေါက်ကွဲမှုများနှင့်ပတ်သက်ပြီး ၂၀၁၆ ခုနှစ်အတွင်း မြို့နယ်အားလုံးတွင် အချက်အလက်များ စုဆောင်းခဲ့သလို ၂၀၁၇ ခုနှစ်တွင် လှိုင်းဘွဲ့မြို့နယ်တွင်မှာလည်း ပြုလုပ်ခဲ့ပါသည်။ [37] ၂၀၀၇ ခုနှစ် နှင့် ၂၀၁၇ ခုနှစ်များမှ သတင်းအချက်အလက်များအရ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလအထိတွင် ကရင်ပြည်နယ်သည် မြေမြှုပ်မိုင်းမတော်တဆပေါက်ကွဲမှုနှုန်းအမြင့်ဆုံးဖြစ်သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုအား တစ်နိုင်ငံလုံးအတိုင်းအတာအရ ကောက်ခံထားသော သတင်းအချက်အလက်များ၏ ၂၆.၇ ရာခိုင်နှုန်းမှာ ကရင်ပြည်နယ်မှဖြစ်ပြီး [38] ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ ထိခိုက်ဒဏ်ရာရသူ ၄၂၃ ဦး ရှိပါသည်။ [39]

**ဖြေဆိုသူ ၈၂ %**

**တင်ပြခဲ့သည်မှာ မိမိတို့၏နေရပ်သို့ ပြန်သွားရန်အတွက် မြေမြှုပ်မိုင်းများသည် အဓိကအဟန့်အတား ဖြစ်စေသည်။**

ကရင်လူ့အခွင့်အရေးအဖွဲ့၏အစီရင်ခံစာများမှ ဖော်ပြချက်များအရ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်၏ အခန်း (၅) အပိုဒ်ငယ် (c) အရ မြေမြှုပ်မိုင်း၊ မိုင်းရှင်းလင်းရေးနှင့်ဆိုင်သည့်သဘောတူညီချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသေးပေ။ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျု (MIPS) အမှုဆောင်ဒါရိုက်တာ၏ ပြောကြားချက်အရ ဤလုပ်ငန်းစဉ်အား အကောင်အထည်ဖော်မှုနှောင့်နှေးရခြင်းမှာ သဘောတူလက်မှတ်ထိုးသူများအကြား ယုံကြည်မှုမရှိသည့်အတွက်ဖြစ်သည်။ [40] လက်နက်ကိုင်အဖွဲ့များမှ အသေးစားမိုင်းရှင်းလင်းရေး ပြုလုပ်မှုနှစ်ခုကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ မှတ်

36 ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သော Myanmar Information Management Unit ၏ "Townships with Known Landmine Contamination and Casualties in Myanmar (2017)" တွင်ကြည့်ပါ။

37 ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သော Myanmar Information Management Unit ၏ "Townships with Known Landmine Contamination and Casualties in Myanmar (2017)" တွင်ကြည့်ပါ။

38 ၂၀၁၈ ခုနှစ်၊ မေလတွင် ထုတ်ဝေခဲ့သော Myanmar Information Management Unit ၏ "Townships with Known Landmine Contamination and Casualties in Myanmar (2017)" တွင်ကြည့်ပါ။

39 ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သော Myanmar Information Management Unit ၏ "Townships with Known Landmine Contamination and Casualties in Myanmar (2017)" တွင်ကြည့်ပါ။

40 ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထုတ်ဝေခဲ့သော The Diplomat ၏ "Myanmar's Deadly Mines" တွင်ကြည့်ပါ။


တမ်းတင်ခဲ့ပြီး ထိုသို့ပြုလုပ်ခြင်းမှာလည်း တပ်၏သွားလာမှုအား တိုးမြှင့်ရန်အတွက်သာဖြစ်သည်။ ထို့ကြောင့် အမှတ်အသားပြုလုပ်ထားခြင်းမရှိသည့် မြေမြှုပ်မိုင်းများ များစွာကျန်ရှိနေခြင်းသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူများအား ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိစေနိုင်ပြီး အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များအတွက်လည်း အဟန့်အတားများဖြစ်စေပါသည်။ ထို့အတွက် ပြည်သူများသည် ၎င်းတို့၏လုံခြုံရေး အခြေအနေတိုးတက်ကောင်းမွန်လာသည်ဟု မခံစားရပေ။[41]

အချို့သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့၏ မူရင်းနေရာသို့ပြန်ပြီး ပိုင်ဆိုင်မှုများအား ပြန်လည်ရယူသည့်အခါတွင် မြေမြှုပ်မိုင်းများနှင်းမိကြောင်းကို ကလူးထောကျေးရွာမှ မေးခွန်းဖြေကြားသူ အမျိုးသမီးတစ်ဦးက ဤသို့ရှင်းပြခဲ့ပါသည်။ *"မိုင်းနင်းမိတဲ့သူတွေရှိတယ်။ ဒီမှာက ဝင်ငွေမရတော့ သူတို့ကရွာပြန်ပြီး ကွမ်းသီးပြန်ခူးကြတယ်။ အဲ့ဒီအချိန်မှာ သူတို့မိုင်းနင်းမိပြီး ဒဏ်ရာရကြတယ်။"* ထိုအခြေအနေများက ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအကြား မြေမြှုပ်မိုင်း အန္တရာယ်နှင့်ပတ်သက်ပြီး ကြောက်ရွံ့မှုများ ပိုမိုများပြားလာစေကာ ၎င်းတို့၏မူလနေရာသို့ အပြီးတိုင်နေရပ်ပြန်ရန်အတွက် အတားအဆီးဖြစ်စေကြောင်းကို ကန်ညီနောင်ကျေးရွာမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက ဤသို့ပြောဆိုခဲ့ပါသည်။ *"ကျွန်တော့်အနေနဲ့ ရွာကိုပြန်ဖို့ ယုံကြည်မှုမရှိဘူး။ ဘာကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့ရက်ပိုင်းကပဲမိုင်းတစ်လုံးပေါက်ကွဲပြီး လူတစ်ယောက်ဒဏ်ရာရသွားတယ်။ သူက ထီးသာထ ရွာသား။ သူအဲ့ဒီမှာ ပြန်ပြီးဟင်းသီးဟင်းရွက်ပြန်ရှာတုန်း မိုင်းနင်းမိတာ။"*

မြိုင်ကြီးငူဒေသအတွင်း မြေမြှုပ်မိုင်းများရှိနေခြင်းသည် ရွာသားများအတွက်ကြောက်ရွံ့မှုများအားဖြစ်ပေါ်စေကြောင်းကို ကန်ညီနောင်ကျေးရွာမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးကအတတည်ပြုခဲ့သည်။ *"မိုင်းတွေက နေ့တိုင်းပေါက်ကွဲတယ်။ မနေ့ကတစ်လုံး ပေါက်ကွဲတယ်။ အခြားတစ်လုံးက ဟိုအရင်ရက်က ပေါက်သွားတယ်။ ကျွန်တော်တို့ ဒီလိုစခန်းအနားမှာ မိုင်းပေါက်ကွဲနေတာတွေ နေ့တိုင်းကြားနေရတော့ ရွာကိုပြန်ဖို့ ကြောက်လာတယ်။"* ယောပိုရွာမှ မေးခွန်းဖြေကြားသူတစ်ဦးကလည်း ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေဖြင့် မြေမြှုပ်မိုင်းရှိသည်ဟုယူဆသောနေရာတစ်ချို့အား ရှောင်ရှားမှုများပြုလာကြောင်း တင်ပြခဲ့သည်။ *"လူတွေက စခန်းပတ်ဝန်းကျင်မှာ မိုင်းမရှိဘူးလို့ပြောတယ်။ ဒါပေမယ့် ကလေးတွေက သူတို့မျှစ်ချိုးတဲ့နေရာက မြေပေါ်မှာ ဝါယာစတွေတွေ့တယ်။ အဲ့ဒါတွေက မိုင်းတွေဖြစ်နေမှာစိုးတဲ့အတွက် ကျွန်တော်တို့အဲ့ဒီကို မသွားရဲကြတော့ဘူး။"* ထိုအရာက ၎င်းတို့အတွက် စခန်းဝန်းကျင်တွင်ရှိသောအရင်းအမြစ်များအား အသုံးပြုခြင်းကို အဟန့်အတားဖြစ်စေပြီး ၎င်းတို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေကိုလည်း ပိုမိုဆိုးရွားစေပါသည်။

[41] ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Foundation of Fear – 25 years of villagers' voices from southeast Myanmar", တွင်ကြည့်ပါ။

# မြိုင်ကြီးငူဒေသတဝိုက်ရှိ စစ်ဘက်ဆိုင်ရာလုပ်ဆောင်မှုများနှင့် မြေမြှုပ်မိုင်းတည်နေရာ



## တာဝန်ခွဲဝေမှုများ

မြေမြှုပ်မိုင်းထောင်ခြင်းအတွက် မည်သည့်အဖွဲ့တွင် တာဝန်ရှိသည်ကိုသိရှိရန် မလွယ်ကူသော်လည်း ဤဒေသအတွင်း ကျင်လည်လျက်ရှိသည့် လက်နက်ကိုင်အဖွဲ့တိုင်းတွင်တာဝန်ရှိသည်မှာ ပေါ်လွင်သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ပဋိပက္ခကာလများအတွင်း ကောက်ခံရရှိထားသော အစီရင်ခံစာများတွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် တိုက်ခိုက်ရေးနှင့် ကာကွယ်ရေးများအတွက် မြေမြှုပ်မိုင်းများအသုံးပြုလျက်ရှိကြောင်းကိုတွေ့မြင်နိုင်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးနောက် လက်နက်ကိုင်တပ်ဖွဲ့များသည် ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင်ရှိသည့် အမိကဝင်ငွေရစေသည့် လုပ်ငန်းများအားကာကွယ်ရန်အတွက် မြေမြှုပ်မိုင်းများအား စတင်အသုံးပြုလာကြသည်။ [42]

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ မြေမြှုပ်မိုင်းအသုံးပြုမှုကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ မှတ်တမ်းတင်ထားခဲ့သည်။ [43] က--- ကျေးရွာမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက ထိုအဖွဲ့သည် ကာကွယ်ရေးဗျူဟာအနေဖြင့် အရပ်သားများနေထိုင်သည့်နေရာများတွင် မြေမြှုပ်မိုင်းများ အသုံးပြုခဲ့ကြောင်းကို အတည်ပြုခဲ့သည်။ *"ကျွန်တော်တို့ KNLA ကို မိုင်းမထောင်ဖို့ပြောတယ်။ ဒါပေမယ့် သူတို့ကိုယ်သူတို့ရန်သူ့တိုက်ခိုက်မှုကိုကာကွယ်ဖို့အတွက် မိုင်းထောင်ရမယ်လို့ပြန်ပြောတယ်။ တကယ်လို့ သူတို့သာ တောင်ပေါ်မှာမိုင်းထောင်ခဲ့မယ်ဆို ပိုကောင်းမယ်။ ဒါပေမယ့် သူတို့က လယ်ကွင်းတွေထဲမှာပဲ မိုင်းထောင်ကြတယ်။ ဒါကြောင့် ဒီလိုလုပ်တာတွေက ရွာသားတွေရဲ့ တိရိစ္ဆာန်တွေဖြစ်တဲ့ ခွေး၊ ဝက်နဲ့ ကျွဲတွေကို ထိခိုက်စေတယ်။"*

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် DKBA (ခွဲထွက်) စစ်သားများမှ ဘားအံခရိုင်ရှိ ရွာမြေနှင့် စိုက်ပျိုးမြေများပေါ်တွင် မြေမြှုပ်မိုင်းများ များစွာထောင်ခဲ့ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့မှမှတ်တမ်းတင်ခဲ့သည်။ ရလာဒ်အနေဖြင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်နှစ်ခုတွင် ရွာလူကြီးတစ်ဦးသေဆုံးခဲ့ကာ အခြားရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ [44] ဤဖြစ်ရပ်များအပေါ် လက်နက်ကိုင်အဖွဲ့တွင် တာဝန်ရှိကြောင်းကို မြိုင်ကြီးငူဒေသတွင်းရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများကအတည်ပြုခဲ့သည်။ ခ--- ရွာမှ မေးခွန်းဖြေကြားသူတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်တော်တို့က DKBA ကို မိုင်းမထောင်ဖို့ပြောတယ်။ ဒါပေမယ့် သူတို့က နားမထောင်ဘူး။ သူတို့က ဒီဒေသကနေ မထွက်ခင် မိုင်းရှင်းသွားပေးမယ်လို့ပြောတယ်။ ဒါပေမယ့် ဒီအတွက် ဘယ်သူမှ တာဝန်မယူတော့ဘူး။"*

ခ--- ရွာမှ မေးခွန်းဖြေကြားသူတစ်ဦးက နယ်ခြားစောင့်တပ်သည်လည်း သူ၏ကျေးရွာအနီးတွင်

---

42 ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Foundation of Fear – 25 years of villagers' voices from southeast Myanmar", တွင်ကြည့်ပါ။ 51.

43 ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Two separate landmine incidents happened in Hpapun and Nyaunglebin districts, March and April 2016"နှင့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Nyaunglebin Field Report: Militarisation, land confiscation, violent abuse, 're-relocated' IDPs, landmines, and development projects, December 2015 to December 2016" တွင်ကြည့်ပါ။

44 ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သော Myanmar Information Management Unit ၏ "Townships with Known Landmine Contamination and Casualties in Myanmar (2017)" တွင်ကြည့်ပါ။

မြေမြှုပ်မိုင်းများ ထောင်ထားခဲ့ကြောင်းတင်ပြခဲ့သည်။ မြန်မာ့တပ်မတော်မှ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မြေမြှုပ်မိုင်းများ ထောင်ထားခဲ့ကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ လွန်ခဲ့သောနှစ်များက မှတ်တမ်းပြုစုခဲ့သည်။ ၂၀၁၅ ခုနှစ်အတွင်း ဖာပွန်ခရိုင်တွင် နယ်ခြားစောင့်တပ် တပ်ရင်းအမှတ် (၁၀၁၃) မှဒေသခံပြည်သူများအား အသိပေးခြင်းမရှိပဲ ၎င်းတို့၏စခန်းပြင်ပတွင် မြေမြှုပ်မိုင်းများ ထောင်ထားခဲ့သဖြင့် ဒေသခံများ၏ မွေးမြူရေးတိရိစ္ဆာန်များ မိုင်းတတ်နင်းမိသဖြင့် တိရိစ္ဆာန်များအား ဆုံးရှုံးစေခဲ့သည်။[45] ၂၀၁၈ ခုနှစ်တွင်မှာလည်း တပ်မတော် ခလရ တပ်ရင်းအမှတ် (၅) မှ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်စခန်းချနေထိုင်သော ထီးခုဒေသ (ပဲခူးတိုင်း/တောင်ငူခရိုင်) တွင် မြေမြှုပ်မိုင်းများ ထောင်ထားခဲ့သည်။ [46] ဤသည်မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်၏ အခန်း ၅(င) တွင် ဖော်ပြထားသည့် အပစ်ခတ်ရပ်စဲထားသော ဒေသများတွင် မြေမြှုပ်မိုင်းအသုံးပြုမှုအား တားမြစ်ထားခြင်းကို ထင်ရှားစွာချိုးဖောက်ခြင်းပင်ဖြစ်သည်။

**အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် ခြိမ်းခြောက်မှု**

တွေ့ဆုံမေးမြန်းမှု ပြုခဲ့သူအများစုမှာ အစားအသောက်နှင့်ဝင်ငွေအတွက် လယ်ယာလုပ်ငန်းအပေါ်တွင် မှီခိုနေရသဖြင့် မြေမြှုပ်မိုင်းများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ဆိုးရွားသော အတားအဆီးများဖြစ်ပါသည်။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် မြေမြှုပ်မိုင်းများရှိနေခြင်းကြောင့် နေရပ်ပြန်ရန်အတွက် အတားအဆီးဖြစ်စေပြီး မိမိတို့နေရပ်ရှိ လုံလောက်သော အရင်းအမြစ်များအား ရယူသုံးစွဲနိုင်စွမ်းမရှိတော့ပေ။ ကန်ညီနောင်ရွာမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက သူမ၏စိုက်ပျိုးမြေပေါ်တွင် မြေမြှုပ်မိုင်းများရှိနေကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့အား တင်ပြခဲ့သည်။ *"ကျွန်မက တောင်ယာလုပ်တယ်။ အခုဆို ကျွန်မရဲ့ကျွန်းစိုက်ခင်းထဲကို သွားဖို့ကြောက်နေရတယ်။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီမှာ မိုင်းတွေလာမြှုပ်ထားတယ်။ ကျွန်မတို့တွေ အဲ့ဒီကိုသွားပြီး ခြံရှင်းဖို့ သီးပင်စားပင်စိုက်ဖို့အတွက် သွားဖို့တောင်ကြောက်တယ်။"* သေခါးရွာမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးကလည်း ထို့နည်းအတူ မှတ်ချက်ချခဲ့သည်။ *"ကျွန်တော်တို့ ပြန်သွားလို့ မရသေးဘူး။ တကယ်လို့ကျွန်တော်တို့ ပြန်မယ်ဆိုရင်တော့ ကျွန်တော်တို့ အဲ့ဒီမှာ အလုပ်လုပ်လို့ရပ့ါမလားမသိဘူး။ ကျွန်တော်တို့ရဲ့ စိုက်ခင်းထဲကိုသွားဖို့ အရမ်းကြောက်နေကြရတယ်။"*

သစ်တောမြေနေရာများတွင် မြေမြှုပ်မိုင်းများ ထောင်သည့်အခါ ရွာသားများအတွက် တောထဲရှိသော ဟင်းသီးဟင်းရွက်နှင့် ထင်းများရယူရန် အဟန့်အတားဖြစ်စေသည်။ သေခါးရွာမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ အမျိုးသမီးတစ်ဦး၏ရှင်းလင်းချက်တွင် *"မိုင်းတွေအများကြီးရှိတဲ့အတွက် ကျွန်မတို့ကို ပြန်ခွင့်မပြုဘူး။ သူတို့တွေက ကျွန်မတို့ကို ရွာနားကတောထဲမှာ ဟင်းသီးဟင်းရွက်သွားရှာဖို့ အခွင့်မပေးခဲ့ဘူး။"* ထီးသာထရွာမှ တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးကလည်း သူ၏ဆွေမျိုးတစ်ဦး တောထဲတွင် မိုင်းကြောင့်ဒဏ်ရာရရှိခဲ့သည့်အကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့အား ပြောပြခဲ့သည်။ *"ကျွန်တော့ရဲ့မြေးတစ်ယောက် လွန်ခဲ့သောဆယ်ရက်က တောထဲမှာဟင်းသီးဟင်းရွက် သွားရှာစားရင်းမိုင်းနင်းမိခဲ့တယ်။ သူ့ဘယ်ဘက်ခြေထောက်မှာဒဏ်ရာရပြီး ဘားအံဆေးရုံကို ပို့လိုက်ရတယ်။"*

---

[45] ၂၀၁၆ ခုနှစ်၊ မတ်လ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Hpapun Incident Report: Landmine kills one buffalo and injures two in Bu Tho Township, April 2015" တွင်ကြည့်ပါ။

[46] ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Toungoo Situation Update: Tatmadaw military activities continue in Htantabin and Thaundaunggyi townships" တွင်ကြည့်ပါ။

မြေမြှုပ်မိုင်းများသည် ရွာသားများလယ်ယာများထွန်ယက်ရန်၊ စားသောက်ရန်နှင့် သယ်ယူပို့ဆောင်ရေးအတွက် အားထားရသည့် အိမ်မွေးတိရိစ္ဆာန်များကို ထိခိုက်ဒဏ်ရာရစေပြီး သေစေနိုင်ပါသည်။ ထီးကလိုသောရွာမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးနေထိုင်ခဲ့သည့်နေရာတွင် မြေမြှုပ်မိုင်းများကြောင့် ကျွဲနွားတိရိစ္ဆာန်များအပေါ် ဖြစ်ပေါ်လာသော ဆိုးကျိုးသက်ရောက်မှုများအား ယခုလိုအတည်ပြုခဲ့သည်။ *"မြေမြှုပ်မိုင်းကြောင့် ကျွဲနွားတွေ အများကြီးသေခဲ့တယ်။ ဒါပေမယ့် ဘယ်လောက်တောင်ရှိလဲ ကျွန်တော်တို့ မသိဘူး။ လူတွေက သူတို့ရဲ့ ကျန်ခဲ့တဲ့အစိတ်အပိုင်းတွေကိုပဲ တွေ့ခဲ့တယ်။ ကျွန်တော့်မှာလည်းနွားနှစ်ကောင်ရှိတယ်။ ဒါပေမယ့် သူတို့ကို ရှာလို့မတွေ့တော့ဘူး။ ရွာပြန်တဲ့လူတွေလည်း မတွေ့ဘူးလို့ပြောကြတယ်။"* ထို့အပြင် ကန်ညီနောင်ရွာမှ တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးက သူ၏ကျေးရွာတွင် မြေမြှုပ်မိုင်းကြောင့် တိရိစ္ဆာန်အများအပြား သေဆုံးခဲ့ကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့အား တင်ပြခဲ့သည်။ *"မြေမြှုပ်မိုင်းကြောင့် လူတွေသေတာ ဒဏ်ရာရတာမရှိပေမယ့် တိရိစ္ဆာန်တွေတော့သေကြတယ်။ ဒဏ်ရာရကြတယ်။ နွားလေးကောင်၊ ခွေးနှစ်ကောင်နဲ့ ကျွန်တော့ဆိတ် သုံးကောင်မိုင်းထိပြီး သေခဲ့တယ်။ ဆိတ်လေးကောင်ကတော့ ခုပျောက်နေတယ်။"* အရွယ်ရောက်ပြီးဆိတ်တစ်ကောင်လျှင် ၁၀၀,၀၀၀ ကျပ်နှင့် နွားတစ်ကောင်လျှင် ၄၀၀,၀၀၀ ကျပ်ရှိသည့်အတွက် မွေးမြူရေးတိရိစ္ဆာန်များပျောက်ဆုံးခြင်းသည် ဝမ်းစာရှာဖွေစားသောက်နေရသော လယ်သမားများအတွက် ဆိုးကျိုးများများစွာရှိစေပါသည်။

## ၆။ လက်နက်ကိုင်တပ်ဖွဲ့များ၏ တည်ရှိမှုနှင့်လှုပ်ရှားမှုများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများတွင် ၆၇ ရာခိုင်နှုန်းမှာ ၎င်းတို့၏မူရင်းဒေသများတွင် လက်နက်ကိုင်များတည်ရှိနေခြင်းသည် ၎င်းတို့၏ နေရပ်ပြန်လည်နေထိုင်မှုအတွက် အတားအဆီးတစ်ခုဖြစ်ကြောင်းကို အတိအလင်းတင်ပြခဲ့ကြသည်။ ကန်ညီနောင်ရွာမှ တွေ့ဆုံမေးမြန်းမှုပြုခဲ့သူအမျိုးသားတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ဤသို့တင်ပြပြောဆိုခဲ့ သည်။ *"တကယ်လို့ လက်နက်ကိုင်တွေ အနီးအနားမှာမရှိတော့ဘူးဆိုရင် ကျွန်တော်တို့ရွာကိုပြန်ဖို့ လုံခြုံမှုရှိသလိုခံစားရမယ်။"* ထီးသဒေါထရွာမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက လက်နက်ကိုင်အဖွဲ့များမှ သူ၏မွေးမြူရေးတိရိစ္ဆာန်များအားခိုးယူသဖြင့် သူ့အနေဖြင့် နေရပ်သို့မပြန်တော့ရန် ဆုံးဖြတ်ခဲ့ကြောင်း ရှင်းပြခဲ့သည်။ *"ကျွန်တော့အနေနဲ့ ရွာကိုဘယ်တော့မှ မပြန်တော့ဖို့ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချထားတယ်။ ကျွန်တော်တို့ရွာမှာဆို ကျွဲနွားမွေးလို့မရတော့ဘူး။ မွေးတာနဲ့ လက်နက်ကိုင်တွေက ယူမှာပဲ။"*

### နေရပ်ပြန်ရန် အတားအဆီးများ

အချို့သောကိစ္စရပ်များတွင် မေးခွန်းဖြေကြားသူများမှ ခြိမ်းခြောက်ခံရခြင်းများနှင့် ပြန်ခွင့်မပြုခြင်းများကို ကြုံတွေ့ခံစားရကြောင်း ကန်ညီနောင်ရွာမှ အမျိုးသမီးတစ်ဦးကရှင်းပြခဲ့သည်။ *"ကျွန်မ ရွာကိုပြန်ချင်တယ်။ တကယ်လို့အဲ့ဒီမှာနေရင် ကျွန်မတို့ စားဝတ်နေရေးအတွက် ပူစရာမလိုဘူး။ ဒါပေမယ့် ကျွန်မတို့ကို မပြန်ဖို့စကားနဲ့ခြိမ်းခြောက်တယ်။ ကျွန်မတို့ရွာနားမှာ လက်နက်ကိုင်အဖွဲ့တွေ အများကြီးရှိရင်လည်း ကျွန်မတို့ ရွာမှာမနေရဲဘူး။ တကယ်လို့ အဖွဲ့တစ်ဖွဲ့က ကျွန်မတို့ကို ပြန်ခွင့်ပြုရင်တောင်မှ တခြားတစ်ဖွဲ့က ပြန်ခွင့်ပြုမှာမဟုတ်ဘူး။"* ထီးကလိုးသော့ရွာမှ အခြားတွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးက ရွာမပြန်ရန်အတွက် တပ်မတော်မှတားခဲ့ကြောင်းနှင့် ထိုဒေသတွင်လွတ်လပ်စွာလှုပ်ရှားသွားလာ

ခွင့်အား ပိတ်ပင်ခဲ့ကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့အားတင်ပြခဲ့သည်။ *"မြန်မာအာဏာပိုင် [တပ်မတော်] တွေက ကျွန်တော်တို့ကို ကွမ်းခြံထဲကိုသွားခွင့်မပြုဘူး။ ကျွန်တော်တို့ ရွာကိုပြန်မယ်ဆိုရင်လည်း ရွာမှာအိပ်ခွင့်မရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ ဘာမှလုပ်လို့မရဘူး။"* ကန်ညီနောင်ရွာမှ အမျိုးသမီးတစ်ဦးက ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအား နေရပ်ပြန်ရန်ခွင့်မပြုကြောင်းကိုလည်း ယခုလိုတင်ပြပါသည်။ *"နယ်ခြားစောင့်တပ်နဲ့ တပ်မတော်ကကျွန်မတို့ကို ပြန်ခွင့်ပြုတယ်။ ဒါပေမယ့် KNLA က ခွင့်မပြုဘူး။ ကျွန်မတို့မှာ တခြားရွေးချယ်စရာမရှိတော့ ကျွန်မတို့ဒီမှာပဲနေရတယ်။"* ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအား ၎င်းတို့၏ကျေးရွာများသို့ပြန်ရန်တားဆီးခြင်းမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အခန်း ၉ (ထ) အား ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ထိုအချက်တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များမှ အရပ်သားများအား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့် နယ်မြေ များအတွင်း လွတ်လပ်စွာသွားလာခွင့်ပြုရမည်ဖြစ်သည်။

## အချိန်ကာလပြောင်းလဲသော်လည်း ယခင်ကဲ့သို့ကြောက်ရွံ့မှုများရှိနေဆဲ



မြိုင်ကြီးငူစစ်ပြေးရှောင်စခန်းများတွင် နေထိုင်ကြသော ပြည်တွင်း နေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ အနာဂတ်သည် သေချာရေရာမှုမရှိ သေးပေ။ *[ဓာတ်ပုံ- KHRG]*

ကရင်ရွာသားများသည် တပ်မတော်စစ်သားများအား ကြောက်ရွံ့လျက်ရှိနေသေးသည်။ အများအားဖြင့် ယခင်ကာလများက တပ်မတော်စစ်သားများမှ ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများအား ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့သည့်အတွက်ဖြစ်ပြီး ၎င်းတို့အပေါ်တွင်လည်း စိတ်ရှိသလိုပြုလုပ်မည်ကို ကြောက်ရွံ့လျက်ရှိသည်။[47] ထို့ကြောင့် အချို့သောပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများက တပ်မတော်မှ ထိုနေရာတွင် စခန်းချခြင်းနှင့်လှုပ်ရှားမှုများ ပြုလုပ်ခြင်းရှိသည့်အတွက် ၎င်းတို့၏မူရင်းဒေသသို့ပြန်ရန် ငြင်းဆန်ကြသည်။ ကန်ညီနောင်ရွာမှ အမျိုးသားတစ်ဦး၏အတည်ပြုချက်မှာ *"တပ်မတော်က ကျွန်တော်တို့ရဲ့ရွာမှာစခန်းချတယ်။ ဒါကြောင့် ကျွန်တော့အနေနဲ့ရွာကိုပြန်ရမယ်ဆိုရင် ကျွန်တော့်ရဲ့ လုံခြုံရေးအတွက်စိုးရိမ်ရတယ်။ သူတို့ထွက်သွားရင်တော့ ကျွန်တော်တို့ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လွတ်လွတ်လပ်လပ်နေကြရမှာပေါ့။"* ၂၀၁၂ ခုနှစ် ပဏာမအပစ်ခတ်ရပ်စဲရေးမတိုင်မီကာလများတွင် လိင်ပိုင်းဆိုင်ရာစော်ကားမှုများအား တပ်မတော်မှ စစ်ရေးဗျူဟာအဖြစ် အသုံးပြုခဲ့သဖြင့် တပ်မတော်အား ကြောက်ရွံ့မှုသည် အမျိုးသမီးများအကြား

47 ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Foundation of Fear – 25 years of villagers' voices from southeast Myanmar", တွင်ကြည့်ပါ။

မြင့်မားလျက်ရှိသည်။ [48] ယောပိုရွာမှ မေးခွန်းဖြေကြားသူ အမျိုးသမီးတစ်ဦးက သူမ၏စိုးရိမ်မှုကို ကရင်လူ့အခွင့်အရေး အဖွဲ့အား ဤသို့ဝေမျှခဲ့သည်။ *"အခုဆို တပ်မတော်စစ်သားတွေ ဒေသထဲမှာ အများကြီးရှိနေတော့ ကျွန်မတို့အမျိုးသမီးတွေသွားလာဖို့အတွက် လုံခြုံမှုမရှိဘူး။ ကျွန်မတို့တွေ ကိုယ့်လုံခြုံရေးအတွက် စိုးရိမ်ရမယ်။"*

အချို့သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများက လက်နက်ကိုင်များမှ ၎င်းတို့အပေါ် လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်မည်ကို ကြောက်ရွံ့ကြကြောင်း ဖော်ပြခဲ့သည်။ ခ--- ရွာမှ တွေ့ဆုံမေးမြန်းခဲ့သူ အမျိုးသမီးတစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့အား ဤသို့တင်ပြခဲ့သည်။ *"DKBA က ကျွန်မတို့ရဲ့ မူရင်းဒေသမှာ စခန်းထိုင်တယ်။ KNLA ကလည်း အခုဆိုကျွန်မ တို့ရွာထဲမှာ စခန်းချတယ်။ ကျွန်မတို့အနေနဲ့ ဒီစစ်သားတွေကြားထဲမှာနေပြီး အတင်းအဓမ္မလုပ်အားပေး သို့မ ဟုတ်ပေါ်တာ ခေါ်ခံရမှာကြောက်တယ်။"* လက်နက်ကိုင်တပ်ဖွဲ့များမှ အရပ်သားများအား အဓမ္မစေခိုင်းမှုအတွက် အသုံးပြုနေခြင်းသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အချိန်ကြာမြင့်စွာဖြစ်ပေါ်ခဲ့ပြီး သေချာစွာ သတင်းမှတ်တမ်းပြုစုထားသည့် ကိစ္စရပ်တစ်ခုလည်းဖြစ်သည်။ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်တွင် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွင်းက ရွာသူကြီးတစ်ဦးနှင့် ၎င်း၏အမျိုးသမီးဖြစ်သူအား တပ်မတော်မှ အဓမ္မစေ ခိုင်းခဲ့ပြီး [49] ဖာပွန်ခရိုင်၊ ဘုသိုနှင့် ဒွဲလိုမြို့နယ် များတွင် နယ်ခြားစောင့်တပ်မှ ရွာသားများအား ပေါ်တာလိုက်ခိုင်းရာတွင် ငြင်းဆိုခဲ့သည့်အတွက် လျော်ကြေးငွေများပေးစေသည့် ဖြစ်ရပ်များလည်း ရှိခဲ့ပါသည်။ [50] ထိုလထဲမှာပင် ဘားအံခရိုင်၊ လှိုင်းဘွဲ မြို့နယ်တွင် တပ်မတော်နှင့် နယ်ခြားစောင့်တပ်မှ ရွာသားများအား လမ်းပြနှင့်ပေါ်တာအဖြစ် ခေါ်ယူအသုံးပြုခဲ့ကြသည်။ ထိုဖြစ်စဉ်တွင် မြေမြှုပ်မိုင်းများနင်းမိခြင်းနှင့် ဒီကေဘီအေ၏ တိုက်ခိုက်ခြင်းများကို ခံခဲ့ကြရသည်။ [51] ဘားအံခရိုင်တွင် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း ဒီကေဘီအေ (ခွဲထွက်)မှ ရွာသားများအား ပေါ်တာထမ်းရန်အတွက် ခေါ်ယူခိုင်းစေခဲ့သည်။ [52] ထို့နည်းအတူ ၂၀၁၃ ခုနှစ် အတွင်း ဖာပွန်ခရိုင်မှ ရွာသားတစ်ဦး KNLA အတွက် ပေါ်တာထမ်းပေးနေစဉ်တွင် နယ်ခြားစောင့်တပ်ကြောင့် ထိခိုက်ဒဏ်ရာ ရခဲ့ဖူးသည်။ [53]

---

48 ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ *"Foundation of Fear – 25 years of villagers' voices from southeast Myanmar"*, တွင်ကြည့်ပါ။

49 ၂၀၁၈ ခုနှစ်၊ ဧပြီလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Dooplaya Incident Report: Forced labour ordered by Tatmadaw officer in Win Yay Township, October 2017" တွင်ကြည့်ပါ။

50 ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Hpapun Incident Report: Forced portering and extortion in Bu Tho and Dwe Lo townships, October 2017" တွင်ကြည့်ပါ။

51 ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Ongoing fighting, displacement, landmines, porter demands, and child recruitment in Hlaingbwe Township, Hpa-an District, October and November 2017" တွင်ကြည့်ပါ။

52 ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Hpa-an Field Report: Explicit killing, fighting leading to massive displacement, arbitrary taxation and the improvement of healthcare and education, January to December 2016" တွင်ကြည့်ပါ။

53 ၂၀၁၆ ခုနှစ်၊ မတ်လတွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Hpapun Field Report: January to December 2013" တွင်ကြည့်ပါ။

## တည်ငြိမ်မှုမရှိသည့် အခြေအနေ

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ မူရင်းဒေသများတွင် လက်နက်ကိုင်တပ်ဖွဲ့များရှိနေခြင်းကြောင့် တိုက်ပွဲများပြန်လည်ဖြစ်ပေါ်မည်ကို ကြောက်ရွံ့လျက်ရှိကြောင်း ကန်ညီနောင်ရွာမှအမျိုးသားတစ်ဦးက တင်ပြခဲ့သည်။ *"ကျွန်တော်တို့က တိုက်ပွဲပြန်ဖြစ်မှာကိုကြောက်တယ်။ လက်နက်ကိုင်တွေအကြား ဘယ်တော့တိုက်ပွဲပြန်ဖြစ်မလဲဆိုတာ ကျွန်တော်တို့ ကြိုတင်မခန့်မှန်းနိုင်ဘူး။ တိုက်ပွဲတွေမရှိတော့မှပဲ ကျွန်တော်တို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေထိုင်နိုင်မယ်။ အနာဂတ်မှာ အခြေအနေတွေတိုးတက်ကောင်းမွန်လာဖို့ ကျွန်တော်မျှော်လင့်တယ်။"* ဤအချက်အား ကလောကွင်းမှ အခြားသောပြည်တွင်းနေရပ်ရွှေ့ ပြောင်းနေထိုင်သူတစ်ဦးကလည်း ၎င်းနေထိုင်သည့်ကျေးရွာ၏ လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ ကရင်လူ့အခွင့်အရေးအဖွဲ့သို့တင်ပြခဲ့သည်။ *"အခုဆို ကျွန်တော်တို့ရွာကိုပြန်လို့ရပြီ။ ဒါပေမယ့် လုံခြုံရေးအခြေအနေအတွက် ကျွန်တော်တို့စိုးရိမ်နေရသေးတယ်။ အနာဂတ်မှာတိုက်ပွဲတွေဆက်ဖြစ်မလား ကျွန်တော်တို့မသိဘူး။ ပြန်နေဖို့အတွက် ကျွန်တော်တို့မှာ ယုံကြည်စိတ်ချမှုမရှိသေးဘူး။"*

လက်နက်ကိုင်တိုက်ပွဲများသည် နေရပ်ပြန်ရေးအတွက် အတားအဆီးတစ်ခုဖြစ်ကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှု ၅၅ ရာခိုင်နှုန်းက ဖော်ပြနေပါသည်။ ဤရှာဖွေတွေ့ရှိမှုတွင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်ယုံကြည်မှုမရှိကြောင်းနှင့် လက်နက်ကိုင်များကြား ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ခံစားရသောအခြေအနေများကို မီးမောင်းထိုးပြထားသည်။ကန်ညီ နောင်ရွာမှ မေးခွန်းဖြေကြားသူတစ်ဦးအား ၎င်းအနေဖြင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ပြီး သည့်နောက်ပိုင်းတွင် တိုက်ပွဲများမည်မျှကြာကြာဖြစ်လေ့ရှိသနည်းဟု မေးမြန်းသည့်အခါတွင် *"ခဏခဏဖြစ်တယ်။ ကျွန်တော်တို့ မကြာခဏ ဆိုသလိုပေါက်ကွဲသံတွေကြားရတယ်။ ဒါပေမယ့် အဲ့ဒီအသံတွေက သေနတ်သံလား၊ လက်နက်ကြီးလားမိုင်းလား ကျွန်တော်တို့မသိဘူး။ မနေ့ညက တောင် ပေါက်ကွဲမှုဖြစ်ခဲ့သေးတယ်။"* မဲ့သဝေါမဒ်ဝမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦး က ကရင်လူ့အခွင့်အရေးအဖွဲ့အား မတည်ငြိမ်သည့်လုံခြုံရေးအခြေအနေများကြောင့် ၎င်းအနေ ဖြင့် ၎င်း၏ကျေးရွာသို့ ပြန်ရမည်ကို ကြောက်ရွံ့ကြောင်းတင်ပြခဲ့သည်။ *"[ဒီကေဘီအေနဲ့တပ်မ တော်ကြား] တိုက်ပွဲတွေ ကျွန်တော်တို့ဒီကိုလာတဲ့အချိန် [လွန်ခဲ့တဲ့နှစ်နှစ်အကျော်က] ဖြစ်ခဲ့တယ်။ ကျွန်တော်တို့ရွာကို ပြန်ရမှာကြောက်လို့ ဒီကိုရောက်ပြီးတာနဲ့ တစ်ခါမှမပြန်တော့ဘူး။ ကျွန်တော်လည်း ရွာကိုပြန်ချင်တယ်။ ဒါပေမယ့် တိုက်ပွဲတွေမရပ်ဘူး ဆိုရင်တော့ ကျွန်တော်တို့ပြန်လို့မရဘူး။"*

လွန်ခဲ့သည့် နှစ်များကလည်း မကြာခဏဆိုသလို တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ သတင်းအချက်အလက်ရယူခဲ့သည်။ ဤအခြေအနေသည် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအား နေရပ်ပြန်ရန်အတွက် အဟန့်အတားဖြစ်စေပြီး ၂၀၁၆ ခုနှစ်မှစတင်၍ စခန်းအတွင်း ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူအရည်အတွက်ကို ပိုမိုများပြားစေသည်။ [54] တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းမှာ DKBA ခွဲထွက်နှင့် ဆရာတော်ဦးသုဇနမှတပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) တို့ ဒေသအတွင်း ပိုမိုအခြေချလာမှုကို ဆန့်ကျင်ခြင်းနှင့်

---

[54] ၂၀၁၈ ခုနှစ်၊ ဧပြီလ တွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ *"Dooplaya Incident Report: Forced labour ordered by Tatmadaw officer in Win Yay Township, October 2017,"* တွင်ကြည့်ပါ။

ဟတ်ကြီးရေကာတာ တည်ဆောက်မှုအခြေအနေများ တိုးတက်လာမှုအပေါ် စိုးရိမ်သည့်အတွက်ဖြစ်သည်ဟု ပါမောက္ခ Mikael Gravers က မှတ်ချက်ပြုခဲ့သည်။[55] ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် KNLA နှင့် တပ်မတော်တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ အကြောင်းမှာ DKBA ခွဲထွက်အဖွဲ့အား ရှာဖွေရန်အတွက် တပ်မတော်မှ KNLA ၏ နယ်မြေအတွင်းသို့ ကြိုတင်ခွင့်ပြုချက်ရယူခြင်းမရှိပဲ ဝင်ရောက်ခဲ့သည့်အတွက်ဖြစ်သည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ဒေသခံ KNLA တပ်မှူးမှ ၎င်းအနေဖြင့် တပ်မတော်မှ ဟတ်ကြီးရေကာတာတည်ဆောက်မည့်နေရာအား ထိန်းချုပ်မှုပြုလုပ်နိုင်ရန်အတွက် ဝင်ရောက်ရန်ကြိုးစားလာခြင်းဖြစ်သည်ဟုယူဆကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့သို့ ပြောခဲ့သည်။[56]

## ၈။ အသက်မွေးဝမ်းကျောင်းအတွက် စိန်ခေါ်မှုများ

၅၅ ရာခိုင်နှုန်းသော တွေ့ဆုံမေးမြန်းမှုများတွင် မေးခွန်းဖြေကြားသူများမှ ၎င်းတို့အနေနှင့် နေရပ်သို့ပြန်ပါက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အခက်အခဲရင်ဆိုင်ရမည်ဖြစ်သောကြောင့် နေရပ်သို့မပြန်နိုင်ကြောင်းဖော်ပြခဲ့သည်။ ကလောကွင်းရွာမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက သူ့အနေဖြင့် ရွှေ့ပြောင်းနေထိုင်နေသည့်ကာလတွင် သူ၏လယ်ယာမှာ သီးနှံဖြစ်ထွန်းခြင်းမရှိတော့သည့်အတွက် နေရပ်ပြန်ပါက စီးပွားရေးအရ ရေရှည်အဆင်ပြေနိုင်မည်မဟုတ်ကြောင်း တင်ပြခဲ့သည်။ *"ကျွန်တော်တို့ရွာကိုမပြန်တာတော်တော်ကြာနေပြီ။အခုဆိုကျွန်တော်တို့ခြံမြေတွေက တောတွေဖြစ်ကုန်ပြီ။ တကယ်လို့ ကျွန်တော်တို့ရွာပြန်ရင် အခက်အခဲတွေပဲ ပိုပြီးတွေ့ကြုံရလိမ့်မယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရွာမှာ စားစရာမရှိတော့ဘူး။"* အကယ်၍ ၎င်းတို့အနေဖြင့် နေရပ်ပြန်ပါက မိသားစု၏စားဝတ်နေရေးအတွက် ထောက်ပံ့ရန် ယုံကြည်မှုရှိပါသလားဟု မေးသည့်အခါတွင် ကန်ညီနောင်ရွာမှမေးခွန်းဖြေကြားသူတစ်ဦးက *"မရှိဘူး။ ဒီလိုအခြေအနေမှာဆိုကျွန်တော်တို့အနေနဲ့ လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့တွေမရှိပဲနဲ့ မပြန်နိုင်ဘူး။"*

တွေ့ဆုံမေးမြန်းမှုများမှ ၃၀ ရာခိုင်နှုန်းတွင် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများမှ ကရင်လူ့အခွင့်အရေးအဖွဲ့အား ၎င်းတို့၏နေအိမ်များ၊ လယ်ယာများနှင့် အစားအသောက်သိုလှောင်သည့် နေရာများမှာ လက်နက်ကိုင်များကြောင့် ပျက်စီးသွားခဲ့ကြောင်းတင်ပြခဲ့သည်။ ထိုအခြေအနေများအပြင် ယခုလက်ရှိ ဆင်းရဲချို့တဲ့စွာနေရခြင်းနှင့် စားစရာထုတ်လုပ်သိုလှောင်နိုင်သည့် ၎င်းတို့၏မြေယာများ အရည်အသွေးများ ကျဆင်းစေသည့်အတွက် ထိုအခြေအနေများက နေရပ်ပြန်ရန် ဟန့်တားလျက်ရှိကြောင်း တင်ပြခဲ့ကြသည်။ ဤအချက်ကို စ--- ကျေးရွာမှ မေးခွန်းဖြေကြားသူနှစ်ဦးက တင်ပြခဲ့ခြင်းဖြစ်ပြီး ကရင်လူ့အခွင့်အရေးအဖွဲ့အား ၎င်းတို့၏ အခြေအနေကို ယခုလိုရှင်းပြခဲ့သည်။ *"ကျွန်တော်တို့ရွာပြန်ရင် အစကနေပြန်စရမှာ။ ကျွန်တော်တို့ရဲ့ စပါးကျီတွေအကုန်လုံး တောမီးရှို့ခြင်းကြောင့် မီးလောင်ပျက်စီးကုန်ပြီ။ ကျွန်တော်တို့ အခုပြန်ရင် အစာရေစာပြတ်လပ်မှုနဲ့ကြုံရလိမ့်မယ်။"*

[55] GRAVERS (n.d.) ၏ "A Saint in Command? Spiritual protection, justice and religious tensions in the Karen State," တွင်ကြည့်ပါ။

[56] ၂၀၁၈ ခုနှစ်၊ စက်တင်ဘာတွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Fighting breaks out between Tatmadaw and KNLA near the proposed Hatgyi dam site," တွင်ကြည့်ပါ။

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူအများစုက ၎င်းတို့အနေဖြင့် နေရပ်ပြန်ပါက စားဝတ်နေရေး အခြေအနေများ ပိုမိုဆိုးရွားသွားမည်ဟုထင်မြင်ကြသည်။ အကယ်၍ ၎င်းတို့အနေနှင့် နေရပ်ပြန်ပါက ၎င်း၏ဘဝပိုမိုကောင်းမွန်လာမည်လားဟု မေးမြန်းသည့်အခါတွင် မဲ့သဝေါမုဒ်ဝမှ မေးခွန်းဖြေကြားသူ တစ်ဦးက *"ဘာမှပြောင်းလဲမှု ရှိမှာမဟုတ်ဘူး။ အခက်အခဲနဲ့ စိန်ခေါ်မှုတွေပဲပိုများလာမှာ။ ကျွန်တော် တို့မှာ ကလေးတွေနဲ့ ကိုယ့်ကိုကိုယ်ထောက်ပံ့ဖို့အတွက် ပိုက်ဆံမရှိဘူး။"* ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ တွင် ထုတ်ဝေခဲ့သည့်အစီရင်ခံစာတွင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရရှိခဲ့သော သတင်းအချက်အလက် အရ ရွာသားလေးပုံတစ်ပုံသာ ပဲခူးတိုင်း၊ မုန်းမြို့နယ်သို့ ပြန်လည်နေထိုင်ခဲ့ကြပြီး ထိုဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းအနည်းငယ်သာရှိခဲ့သည်။ အထူးသဖြင့် ၎င်းတို့၏နေရပ်ပြန်လည်နေထိုင် ခြင်းအတွက် သင့်လျော်သည့်အထောက်အပံ့များမရရှိခဲ့ပေ။ [57] ထိုနည်းတူစွာ အစိုးရ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ အစီအစဉ်များမရှိသဖြင့် မြိုင်ကြီးငူဒေသတွင်နေထိုင်လျက်ရှိသော ပြည် တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက်နေရပ်ပြန်သည့်အချိန်တွင်စားဝတ်နေရေးပြေလည်ရေး သည် နေရပ်ပြန်သူများအတွက် အတားအဆီးတစ်ခုဖြစ်နေပါသည်။ နေရပ်ပြန်သူများအတွက် ၎င်းတို့ ၏လယ်ယာများမှ သီးနှံများထွက်သည့်အချိန်အထိ အစားအသောက်နှင့် အခြေခံဝန်ဆောင်မှုများ အား ထောက်ပံ့ပေးရန်မှာ အရေးကြီးသည်။ အကယ်၍ ဤသို့သော အထောက်အပံ့များ ပေးခြင်းမရှိ ပါက နေရပ်ရွှေ့ပြောင်း နေထိုင်သူများအနေဖြင့် လက်ငင်းလိုအပ်သည့် စားသောက်ရန်လိုအပ်ချက် အတွက် ၎င်းတို့၏မြေများအား ဈေးနည်းနည်းဖြင့် ရောင်းချရမည်ဖြစ်သည်။ ထိုသို့ရောင်းချပါက အနာဂတ်တွင် စီးပွားရေးအကြပ်အတည်းများကို တွေ့ကြုံရမည်ဖြစ်သည်။

[57] ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင်ထုတ်ဝေခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ "Hpapun Incident Report: Forced portering and extortion in Bu Tho and Dwe Lo townships, October 2017" တွင်ကြည့်ပါ။

# ၅။ နိဂုံး

နေရပ်ရွှေ့ပြောင်းနေထိုင်မှုသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေထိုင်ကြသူများအတွက် ရင်းနှီးကျွမ်းဝင်မှုရှိသောအတွေ့အကြုံတစ်ခုဖြစ်သည်။ နှစ်ခုနှစ်ဆယ်ကြာကြုံတွေ့ခဲ့ရသော လက်နက်ကိုင်ပဋိပက္ခများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပိုမိုများပြားလာသော အကြီးစားမြေယာသိမ်းဆည်းမှုများသည် ပြည်သူများအတွက်ကြောက်ရွံ့မှုများနှင့် မသေချာမှုများကိုခံစားရစေပါသည်။

မြိုင်ကြီးငူတွင် နေထိုင်သော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေနှင့် စစ်ဘက်ဆိုင်ရာ လုပ်ရှားမှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဆိုင်သည့်ခံစားရမှုများကို ပြောပြလျက်ရှိသည်။ ၎င်းတို့၏ ဘဝတစ်လျှောက် ထွက်ပြေးနေထိုင်ရမှုများ၊ လက်နက်ကိုင်များ၏ အပြန်အလှန်ပစ်ခတ်မှုများကြားတွင် ထွက်ပြေးတိမ်းရှောင်ရန်အတွက် ဗျူဟာချခြင်းများနှင့် ၎င်းတို့၏မူရင်းကျေးရွာများတွင် တစ်နေ့နေ့တစ်ချိန်ချိန် ငြိမ်းချမ်းစွာပြန်လည်နေထိုင်ရမည့်အချိန်အား မျှော်လင့်နေခြင်းစသည်တို့အား အားလုံးတူညီစွာ တင်ပြပြောဆိုကြပါသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများတွင် နေထိုင်ကြသော ပြည်တွင်းနေရပ်ရွှေ့ ပြောင်းနေထိုင်သူများမှ ၎င်းတို့၏ နေ့စဉ်ကြုံတွေ့ရသည့် အခက်အခဲများကို ဝေမျှလျက်ရှိသည်။

မြိုင်ကြီးငူပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများစခန်းတွင် နေထိုင်သောသူများက ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်မှုများအား ကရင်လူ့အခွင့်အရေးအဖွဲ့နှင့် တွေ့ဆုံမေးမြန်မှုများတွင် ပြသခဲ့သော်လည်း ၎င်းတို့၏ အခွင့်အရေးအများစုမှာချိုးဖောက်ခံနေရပြီး ၎င်းတို့၏လိုအပ်ချက်များမှာ လျစ်လျူရှုခံနေရလျက်ရှိသည်။ ၎င်းတို့အတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် သောက်ရေသန့်၊ မျှတသည့်အဟာရ၊ လုံခြုံသည့် နေရာထိုင်ခင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မရှိသလောက်နည်းပါးနေပါသည်။ မြန်မာအစိုးရ အနေဖြင့်လည်း ဤနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအတွက် သိက္ခာရှိသည့်လူနေမှုအဆင့်အတန်းတစ်ရပ်အား ဖန်တီးပေးရန်အတွက် အပြည့်အဝလုပ်ဆောင်ခြင်းမရှိသေးပေ။ လက်နက်ကိုင်အဖွဲ့များ များစွာရှိနေသည့်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနေသည့်အဖွဲ့များအနေဖြင့် ထိုဒေသတွင်းသို့ ဝင်ရောက်ရန် အတားအဆီးများရှိနေသေးသည်။

မြိုင်ကြီးငူဒေသမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေနှင့် ၎င်းတို့၏မူရင်းဒေသနှင့်မြေပေါ်သို့ ပြန်လိုသော စိတ်ပြင်းပြကြသော်လည်း ၎င်းတို့၏အနာဂတ်သည် မသေချာမှုများရှိနေသေးသည်။ ဆက်လက်ဖြစ်ပေါ်လျှက်ရှိသော တိုက်ပွဲများနှင့်မြေမြှုပ်မိုင်းများသည် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက် လုံခြုံစွာနှင့် သိက္ခာရှိစွာဖြင့်နေရပ်ပြန်ရန်အတားအဆီးများဖြစ်စေပါသည်။ ၎င်းတို့ရွှေ့ပြောင်းနေထိုင်ခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း ၎င်းတို့၏ဥယျာဉ်ခြံများနှင့် စိုက်ပျိုးမြေများမှာ အသုံးပြု၍မရတော့သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက် ၎င်းတို့၏မြေများမှသီးနှံများ ရိတ်သိမ်းနိုင်သည့်အခြေအနေအထိ လုပ်ဆောင်သည့်အချိန်အတွင်း လူမှုရေးထောက်ပံ့မှုများလိုအပ်သည်။ ဌာနေတိုင်းရင်းသားများ၏ မြေယာပိုင်ဆိုင်မှုများအား အကြီးစားအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ လုပ်ဆောင်မည့်ကုမ္ပဏီများလက်သို့ ကျရောက်စေမည့် လက်ရှိမြေယာဥပဒေများသည် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်မှုများကို မြိုင်ကြီးငူဒေသနှင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင်လည်း ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

## ၆။ အကြံပြုချက်များ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများ၏ လူနေမှုအခြေအနေ တိုးတက်မြင့်မားလာစေရန်အတွက် ကရင်လူ့အခွင့်အရေးအဖွဲ့မှ အောက်ပါအချက်များအား အကြံပြု ထားပါသည်။

၁။ မြန်မာအစိုးရ

*နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ*

- လမ်းညွှန်ချက်မှုများတွင် ပါဝင်သောအခွင့်အရေးများအာမခံချက်ပေးသည့် နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်များအား အတည်ပြုလက်မှတ်ထိုးရန်။ အထူးသဖြင့် နိုင်ငံတကာမှအသိအမှတ်ပြုထားသော အဓိကသဘောတူညီချက် စာချုပ်များဖြစ်သည့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူညီချက် (ICCPR)၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များပါဝင်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ် (OPAC)၊ ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသော ရက်စက်ကြမ်းကြုတ်မှုများပပျောက်ရေးဆိုင်ရာစာချုပ် (UNCAT)၊ အပြည်ပြည်ဆိုင်ရာ လူမျိုးရေးခွဲခြားမှုနည်းမျိုးစုံအား ဖျက်သိမ်းရေးဆိုင်ရာပဋိညာဉ်စာချုပ် (ICERD)နှင့် မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ထိုးပြီးသောစာချုပ်များနှင့် မထိုးရသေးသည့်စာချုပ်များ၏ နောက်ဆက်တွဲ ကျင့်ဝတ်ဆိုင်ရာစာချုပ်များအား မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ထိုးရန်။
- အစိတ်စိတ်အမွှာမွှာပေါက်ကွဲစေတတ်သော လက်နက်ခဲယမ်းများ အသုံးပြုခြင်းကို တားမြစ်သည့်စာချုပ်နှင့် လူကိုထိခိုက်စေတတ်သည့်မိုင်းများ၊ အသုံးပြုခြင်း၊ သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် လွှဲပြောင်းခြင်းနှင့် ထိုမိုင်းများကို ဖျက်ဆီးခြင်းဆိုင်ရာ သဘောတူစာချုပ်များကို အတည်ပြု လက်မှတ်ရေးထိုးရန်။
- ၁၉၄၉ ခုနှစ်၊ ဩဂုတ်လတွင် ပြဌာန်းထားသော ဂျီနီဗာစာချုပ်နှင့်အတူ နိုင်ငံတကာမှ လက်နက်ကိုင်ပဋိပက္ခခံရသူမဟုတ်သည့် ထိခိုက်နစ်နာသူများ ကာကွယ်ရေးဆိုင်ရာစာချုပ်ကိုလည်း အတည်ပြုလက်မှတ်ရေးထိုးရန်။

*လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ဝန်ဆောင်မှုများ*

Sphere Handbook(စဖီးယားလမ်းညွှန်စာအုပ်)မှ ဖော်ပြထားသည့် အနိမ့်ဆုံး စံနှုန်းများအတိုင်း စခန်းအတွင်းနေထိုင်ကြသော နေရပ်ရွှေ့ပြောင်းနေထိုင်ရသူများအတွက် လိုအပ်သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကို အရေးပေါ် လိုအပ်ချက်အဖြစ် လုံလောက်စွာထောက်ပံ့ပေးရမည်။ ထိုထောက်ပံ့မှုများတွင် အောက်ပါအချက်များပါဝင်ရမည်။

- စိတ်ချရသောအနေအထားရှိသည့် သောက်ရေနှင့် ရေသန့်စင်ပေးနိုင်သည့် ပစ္စည်းကိရိယာများ ထောက်ပံ့ပေးရန်။
- ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ အဟာရလိုအပ်ချက်အား ပြည့်စုံစွာစစ်တမ်းကောက်ယူမှုပြုလုပ်ပြီး အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် လုံလောက်သည့်အစားအစာနှင့် မျှတသောအဟာရရရှိစေမည့် အစားအသောက်များအား ထောက်ပံ့ပေးရန်။
- ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများနှင့် နီးသောနေရာတွင်တည်ရှိပြီး သန့်ရှင်းကာလုံခြုံစိတ်ချမှုရှိပြီး ရေပုံမှန်ရရှိသည့် ကောင်းမွန်စွာထိန်းသိမ်းထားသောအိမ်သာများ၊ ရေချိုးခန်းများနှင့် အဝတ်လျှော်သည့်နေရာများအားရရှိနိုင်ရန် သေချာစွာလုပ်ဆောင်ပေးရန်။
- တကိုယ်ရေသန့်ရှင်းရေးအတွက် လိုအပ်သောကလေးများအတွက် ဆပ်ပြာများ၊ အညစ်အကြေးခံပစ္စည်းများနှင့် အမျိုးသမီးလစဉ်သုံးဂွမ်းထုပ်များအား ထောက်ပံ့ပေးရန်။
- ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများနေထိုင်သည့် စခန်းသုံးခုစလုံးတွင် အမှိုက်စွန့်ပစ်သည့်စီမံခန့်ခွဲမှုစနစ် ထားရှိပေးရန်။
- ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက် ရာသီဒဏ်များကို ခုခံကာကွယ်နိုင်ပြီး ဂုဏ်သိက္ခာရှိသည့် အသက်ရှင်သန်ခွင့် ပုဂ္ဂလိကနေထိုင်ခွင့်၊ အကာအကွယ်နှင့် လုံခြုံမှုပေးနိုင်သည့်အိမ်ယာများနှင့် အိမ်သုံးပစ္စည်းများ လုံလောက်စွာရရှိရန်အတွက် သေချာစွာလုပ်ဆောင်ပေးရန်။
- ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ ဝင်ငွေရရှိရန်အတွက် စခန်းအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပံ့ပိုးပေးရန်။
- ဒေသအတွင်းအဖြစ်များသော ရောဂါများအတွက် မရှိမဖြစ်လိုအပ်သော ဆေးဝါးများနှင့် ကုသရေးအတွက် ကိရိယာများအပါအဝင် လူတိုင်းအတွက် ကျန်းမာရေး စောင့်ရှောက်မှုအား ပံ့ပိုးပေးရန်။
- အဖြစ်များသောရောဂါများ လျော့နည်းလာပြီး အဆိုပါရောဂါများအားကာကွယ်ရန် ခြင်ထောင်များ ဖြန့်ဝေပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးစသည့် ကျန်းမာရေး အသိပညာပေးခြင်းများမှတစ်ဆင့် အရေးကြီးသည့် ၎င်းလုပ်ဆောင်ချက်များကို သေချာစွာလုပ်ဆောင်ပေးရန်။
- ငွေကြေးအခြေအနေအား အဓိကထားခြင်းမရှိပဲ မူလတန်းနှင့် အလယ်တန်း ကျောင်းနေအရွယ် ကလေးများအတွက် ပညာရေးအား ပံ့ပိုးမှုပေးရန်။
- ကျေးရွာများနှင့် အိမ်သာဝန်းကျင်တွင် မီးအလင်းရောင်ပေးခြင်းအားဖြင့် လုံခြုံရေးအခြေအနေကို တိုးမြှင့်ပေးရန်။

- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးသည့်အခါ အထူးအကူအညီလိုအပ်သူများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား အမြဲတမ်းဦးစားပေးပြီး ဂရုတစ်စိုက် တာဝန်ခံလုပ်ဆောင်ပေးရန်။

ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ရသူများ မိမိတို့ဆန္ဒအလျောက် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ မိမိနေရပ်သို့ပြန်နိုင်သောအခါ ၎င်းတို့၏နေရပ်ပြန်သည့် လုပ်ငန်းစဉ်အားပံ့ပိုးရာတွင် ငွေကြေးအထောက်အပံ့၊ လိုအပ်သည့်ပစ္စည်းဥစ္စာများနှင့် လူသားချင်းဆိုင်ရာအထောက်အပံ့များ လုံလောက်စွာပံ့ပိုးပေးရန် သေချာစွာလုပ်ဆောင်ပေးရပါမည်။

*မူဝါဒ*

- နေရပ်ရွှေ့ပြောင်းနေထိုင်ရသော တိုင်းရင်းသားများသည်လည်း မြန်မာနိုင်ငံသားများဖြစ်ကြောင်းကို လူသိရှင်ကြားအသိအမှတ်ပြုမှုပေးရန်နှင့် ၎င်းတို့အပေါ် သက်ရောက်မည့် မူဝါဒပိုင်းဆိုင်ရာရေးဆွဲမှုနှင့် ဆုံးဖြတ်ချက်ချမှုလုပ်ငန်းစဉ်များတွင် ထိုသူတို့အား အပြည့်အဝပါဝင်ခွင့်ပေးရန်။

*မြေယာအသုံးပြုမှုနှင့် ပိုင်ဆိုင်မှု*

- ၂၀၁၆ ခုနှစ် အမျိုးသားမြေယာအသုံးပြုမှု မူဝါဒနှင့်ကိုက်ညီပြီး တိုင်းရင်းသားဒေသများရှိ ဓလေ့ထုံးတမ်းမြေယာကျင့်သုံးမှုအား အပြည့်အဝအသိအမှတ်ပြု၊ အကာအကွယ်ပေးသည့် ပြည့်ဝသော အမျိုးသားမြေယာအသုံးပြုမှုဥပဒေအား အတည်ပြုပြဋ္ဌာန်းရန်နှင့် အဆိုပါပြဋ္ဌာန်းချက်များသည်လည်း ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ မြေယာအခွင့်အရေးကို ကာကွယ်ပေးရှိစေရန် သေချာစွာလုပ်ဆောင်ရပါမည်။
- မြေလွတ်မြေလပ်နှင့်မြေရိုင်း ဥပဒေအားဖျက်သိမ်း ရန်အတွက်လုပ်ဆောင်ခြင်း၊ ထိုသို့လုပ်ဆောင်စဉ်အတောအတွင်း ထိုဥပဒေအောက်တွင် ရွာသားများအား ကျူးကျော်မှုအဖြစ်ပြစ်ဒဏ်ပေးခြင်းမှ ရှောင်ကျဉ်ရန်။

*တရားမျှတမှု*

- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေထိုင်နေကြရသည့် တိုင်းရင်းသားများအပေါ် လက်နက်ကိုင်တပ်ဖွဲ့များမှ ဆိုးရွားသော ပြစ်မှုကျူးလွန်ခဲ့မှုများအတွက် တာဝန်ရှိသူများအား ပွင့်လင်းမြင်သာစွာနှင့် တရားမျှတစွာစီရင်မှုပြုလုပ်ပြီး တာဝန်ယူမှုတာဝန်ခံမှု ရှိစေရန်အတွက် လွတ်လပ်သော တရားစီရင်ရေးယန္တရားတစ်ခု ဖွဲ့စည်းရန်။

၂။ မြန်မာအစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံးထံသို့

*လူ့အခွင့်အရေး*

- ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်များ၊ မြေယာမှတ်ပုံတင်များအပြင် ၎င်းတို့နေထိုင်သည့် ရွှေ့ပြောင်းနေထိုင်ရာစခန်းအတွင်းထဲတွင် အခြားသောအထောက်အပံ့များ စာရင်းပေးနိုင်ရန်အတွက် လိုအပ်သောအထောက်အထားများပြုလုပ်နိုင်ရန် မှတ်တမ်းပြုစုမှုလုပ်ပေးနိုင်မည့် စနစ်တစ်ခုအား ရေးဆွဲအကောင်အထည်ဖော်ပေးရန်နှင့် လိုအပ်ပါက အတူတကွပူးပေါင်းဆောင်ရွက်ရန်။

*လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့*

- နေရပ်ပြန်မည့်သူများအား ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်အတွက် လိုအပ်သော အထောက်အကူများ အပြည့်အဝပေးရန်နှင့် လိုအပ်ပါက အတူတကွပူးပေါင်းလုပ်ဆောင်ပေးရန်။ သင့်တော်သည့် အရပ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွပူးပေါင်းပြီး နေရပ်ပြန်မည့်သူများ နေထိုင်သည့်နေရာများ၏ မြေယာအခြေအနေအား သိရှိအောင်ပြုလုပ်ရန်နှင့် မြေယာများအား စိုက်ပျိုးမြေအဖြစ် ပြန်လည်အသုံးပြုနိုင်ရန်အတွက် အထောက်အပံ့များပေးရန်။

*မြေယာအသုံးပြုမှုနှင့် ပိုင်ဆိုင်မှု*

- အကျိုးသက်ဆိုင်သူများအားလုံး လွတ်လပ်၍ ကြိုတင်အသိပေး သဘောတူညီမှု မရရှိမီနှင့် စစ်မှန်သောငြိမ်းချမ်းရေး မတည်ဆောက်နိုင်သေးသည့် အချိန်ကာလတွင် တိုင်းရင်းသားဒေသများရှိ အကြီးစားသယံဇာတတူးဖော်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအားလုံး ရပ်ဆိုင်းထားရန်။
- ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက်ဆုံးရှုံးခဲ့သောပိုင်ဆိုင်မှုများအတွက် အစားထိုးပြန်လည်ပေးအပ်ခြင်းနှင့် အစားထိုးပြန်လည်ပေးရန်မဖြစ်နိုင်သည့် အခြေအနေများတွင် လုံလောက်သည့် လျော်ကြေးငွေပေးအပ်ရန်အတွက် ယန္တရားတစ်ခုဖန်တီးပေးရန်။ ထိုကဲ့သို့ တာဝန်ခံမှုများလုပ်ဆောင်ရာတွင် ပင်ဟီးရိုး၏ မူဝါဒတစ်ခုဖြစ်သည့် ဒုက္ခသည်နှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်အိမ်ယာနှင့် ပိုင်ဆိုင်မှုများ ပြန်လည်အစားထိုးပေးအပ်ခြင်းမူဝါဒအား လိုက်နာရပါမည်။

*မူဝါဒ*

- နိုင်ငံရေးစကားဝိုင်းများမှတဆင့် ငြိမ်းချမ်းရေးဖြစ်စဉ် တိုးတက်လာစေရန်အတွက် စစ်မှန်သည့် ကြိုးပမ်းဆောင်ရွက်မှုများတွင် ပါဝင်ရန်။
- ပြည်သူများ၏အမြင်နှင့် စိုးရိမ်ပူပန်မှုများကို အတူတကွပါဝင်ပေါင်းစည်းနိုင်ရန်အတွက် တိုင်းရင်းသားဒေသများတွင်ဝင်ရောက်ပြီး (အရပ်ဖက်အဖွဲ့အစည်းများနှင့်အတူ) ပြည်သူများနှင့်အတူ စစ်မှန်သောစိတ်ထားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ လက်ရှိနှင့် နောက်ဆုံးရလဒ်အတွက် ပူးပေါင်းလုပ်ဆောင်ရန်။

၃။ တပ်မတော် (နယ်ခြားစောင့်တပ် အပါအဝင်)၊ KNLA နှင့် DKBA (ခွဲထွက်) ထံသို့

- ပြင်ပအဖွဲ့အစည်းများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များပေးနိုင်ရန်အတွက် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများအတွင်းသို့ အတားအဆီးမရှိ ဝင်ရောက်နိုင်ရန်အတွက် ခွင့်ပြုပေးရန်။
- တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အား ချုပ်ဆိုခဲ့သည့် လက်နက်ကိုင်များအနေဖြင့် ထိုသဘောတူညီချက်တွင် ပါဝင်သောအချက်များအားလုံး အထူးသဖြင့် အရပ်သားများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ အပြည့်အဝလေးစားလိုက်နာရန်။
- သဘောတူညီမှုလက်မှတ် မထိုးသေးသည့် အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေး ညှိနှိုင်းမှုများတွင် အဓိပ္ပါယ်ပြည့်ဝစွာပါဝင်လာရန်နှင့် တည်ရှိနေသော သို့မဟုတ် အခြားငြိမ်းချမ်းရေး သဘောတူညီချက်စာချုပ်များအား လက်မှတ်ရေးထိုးရန်အတွက် ထည့်သွင်းစဉ်းစားမှုပြုရန်။
- စစ်မဲ့နယ်မြေအဖြစ် သတ်မှတ်ပေးနိုင်ရန်အတွက် ကျေးရွာများနှင့် တောင်ယာများအနီးရှိ တပ်ဖွဲ့ များသည် စခန်းများအားရုပ်သိမ်းခြင်း၊ စစ်ဘက်ဆိုင်ရာသင်တန်းများနှင့် လှုပ်ရှားမှုများ ရပ်တန့်ခြင်း၊ ကျေးရွာများအနီး သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအနီးတွင် စစ်ရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ရပ်တန့်ထားခြင်းနှင့် မြေယာသိမ်းယူမှုများအား ချက်ခြင်းရပ်တန့်ခြင်း စသည်တို့အားလုပ်ဆောင်ပေးရန်။
- မြေမြှုပ်မိုင်းအသုံးပြုခြင်းအား လုံးဝရပ်တန့်ရန်၊ မြေမြှုပ်မိုင်းများ ရှိသည့်နေရာများကိုရှင်းလင်းစွာ အမှတ်အသားပြုရန်နှင့် ရွာသားများ၏လုံခြုံရေးအတွက် ထိုနေရာများနှင့် ပတ်သက်၍ အသိပေးပြောကြားရန်။
- လက်နက်ကိုင်တပ်ဖွဲ့များအပါအဝင် အကျိုးသက်ဆိုင်သူများအားလုံး အကောင်အထည်ဖော်နိုင်မည့် ပြီးပြည့်စုံသော မြေမြှုပ်မိုင်းရှင်းလင်းရေး နည်းဗျူဟာတစ်ခုကို အထူးအရေးကြီးသည့်ကိစ္စရပ်တစ်ခုအဖြစ် ကနဦးစတင်ပြောဆိုဆွေးနွေးရန်။ ထို့နောက် စောနိုင်သမျှ


စောလျှင်စွာ အထူးသဖြင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ ပြန်လည်အခြေချနေထိုင်သည့်နေရာများကို ဗဟိုထားပြီး မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်စဉ်၏အား စတင်အကောင်အထည်ဖော်ဆောင်ရန်။

၄။ ရင်းနှီးမြှုပ်နှံသူများထံသို့

- ဟတ်ကြီးရေကာတာ တည်ဆောက်ရေးတွင် ပါဝင်သောဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် လွတ်လပ်၍ ကြိုတင်အသိပေးသဘောတူညီမှုရယူရမည့် သဘောတူညီချက်ဖြစ်သည့်(FPIC)၏မူဝါဒအရဒေသခံများနှင့်အတူအဓိပ္ပါယ်ပြည့်ဝသောတွေ့ဆုံဆွေးနွေးတိုင်ပင်မှုများမပြုလုပ်မီအချိန်အထိ ဆောက်လုပ်ရေးလုပ်ငန်းများအား ရပ်တန့်ထားရန်။ ထို့နောက် သက်ဆိုင်သည့် အကျိုးသက်ရောက်သူများအားလုံးနှင့် အတူတကွပူးပေါင်းကာ သက်ရောက်မှုကိုအကဲဖြတ်သည့် အစီရင်ခံစာအား ထိရောက်စွာပြုစုရန်။
- စစ်မှန်သောငြိမ်းချမ်းရေး မရရှိသေးသည့်အချိန်ကာလအတွင်း လူ့အခွင့်အရေးစံချိန်စံနှုန်းကို လေးစားလိုက်နာမှုမရှိသည့် ဒေသခံပြည်သူလူထုအပေါ် ဆိုးကျိုးသက်ရောက်မှု ဖြစ်ပေါ်နိုင်သော အကြီးစားဆောက်လုပ်ရေးလုပ်ငန်းများအား ရင်းနှီးမြှုပ်နှံမှုပြုခြင်းမှ ရှောင်ကျဉ်ရန်။

၅။ နိုင်ငံတကာအလှူရှင်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသူများနှင့် အခြားနိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့စည်းများ/အရပ်ဘက်လူမှုအဖွဲ့အစည်းများ

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသူများအနေဖြင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ အထူးသဖြင့် အစိုးရမှထောက်ပံ့ရန်ပျက်ကွက်သည့် နေရာများအတွက် မရှိမဖြစ်လိုအပ်သည့် အကူအညီအများအား ဆက်လက်ထောက်ပံ့ပေးရန်။
- နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်များအနေဖြင့် ဝန်ဆောင်မှုပေးနေသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဒေသတွင်းရှိ လူမှုရေးအဖွဲ့အစည်းများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပေးနေသော မိတ်ဖက်အဖွဲ့များအဖြစ် အသိအမှတ်ပြုရန်။
- မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးအပါအဝင် သက်ဆိုင်ရာလက်နက်ကိုင်တပ်ဖွဲ့များအတွင်း မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်း မလုပ်ဆောင်နိုင်သေးသည့်အချိန်အတွင်း မိုင်းအန္တရာယ်ဆိုင်ရာ လုပ်ဆောင်ချက်များနှင့် အသိပညာပေးရေးများကို ဆက်လက်တိုးမြှင့်လုပ်ဆောင်ရန်။



*"ဒီမှာဖြစ်ပျက်နေတာတွေအားလုံးကို ကေအန်ယူနဲ့မြန်မာအစိုးရက ကောင်းကောင်းသိတယ်။ ဒါပေမဲ့ သူတို့တွေ ဒါကို လျစ်လျူရှုထားကြတယ်။ ကျွန်တော်တို့ရဲ့ နေထိုင်မှုအခြေအနေကို သူတို့ကိုယ်တိုင် တပ်အပ်မြင်တွေ့နေရတာပဲ။ ကျွန်တော်တို့ ဒီကိုစရောက်တုန်းက သူတို့ ရွာလူကြီးတွေနဲ့ အကြိမ်ကြိမ်အခါခါစုပြီး ကျွန်တော်တို့ ပြန်လို့ရပြီးလို့ ရွာလူကြီးတွေကိုပြောတယ်။ ကျွန်တော်တို့ခံစားနေရတာတွေကို သူတို့သိတယ်။"*

*မြိုင်ကြီးငူရှိ အေးလင်းသာယာကွင်းစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူအမျိုးသားတစ်ဦး*

*"အမှန်တိုင်းပြောရမယ်ဆိုရင် ဘယ်သူမှ ဒီမှာနေချင်ကြတာမဟုတ်ဘူး။ ကျွန်တော်တို့အိမ်ကို တကယ်ပြန်ချင်တယ်။ အခုတော့ ကိုယ့်ရွာမှာပြန်မနေရဲဘူး။ အိမ်ကိုပြန်ရင်တောင် ကျွန်တော်တို့လွတ်လပ်မှုနဲ့ လုံခြုံမှုခံစားရမှာမဟုတ်ဘူး။ အခြေအနေတွေ တည်ငြိမ်လာဖို့အတွက်တော့ တကယ်မျှော်လင့်မိတယ်။ ဒီမှာနေရတာ ကျွန်တော်တို့မပျော်ဘူး။"*

*မြိုင်ကြီးငူရှိ မာလာယူစခန်းမှ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူအမျိုးသားတစ်ဦး*

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်း တစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့် လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကိုဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကိုကာကွယ်လျှက်ရှိသည့် ရွာသားများ၏နည်းဗျူဟာများပိုမိုကောင်းမွန်စေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျှက်ရှိပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။

Livelihoods and Food Security Trust Fund

LIFT · UKaid from the British people · European Union · Australian Aid · Denmark · USAID from the American people · Government of the Netherlands · Sweden · afd · Grand Duchy of Luxembourg · Irish Aid